# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ် (၂၀၉)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID- 19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန် (Case – 30)၊ COVID- 19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကောင်းမွန်စပြုလာကြသည့် ကိုတောင်စွမ်းခိုင် (Case – 01)နှင့် ကိုကျော်လင်းထက် (Case – 04)တို့နှင့် တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေး





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID- 19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန် (Case – 30)၊ COVID- 19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကောင်းမွန်စပြုလာကြသည့် ကိုတောင်စွမ်းခိုင် (Case – 01) နှင့် ကိုကျော်လင်းထက် (Case – 04) တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၇**

Coronavirus Disease 2019 ( COVID- 19 ) ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ပြည်မြို့ဆေးရုံမှ COVID- 19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန် (Case–30)၊ COVID- 19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကောင်းမွန်စပြုလာကြသည့် ချင်းပြည်နယ် တီးတိန်မြို့နယ် ကပ်တဲလ်ကျေးရွာမှ ကိုတောင်စွမ်းခိုင် (Case – 01) နှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ ကိုကျော်လင်းထက် (Case – 04) တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID- 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❄*


ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်း — ပြည်တွင်းသတင်း (စာ–၂)

ဂျပန်နိုင်ငံမှ Avigan ဆေးကို နိုင်ငံပေါင်း ၃၈ နိုင်ငံသို့ အခမဲ့ပေးပို့မည် — နိုင်ငံတကာသတင်း (စာ–၁၃)

COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈–၄–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ — ပြည်တွင်းသတင်း (စာ–၁၅)



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# သတင်းအချက်အလက်မှန်ကိုသာ ခွဲခြားချင့်ချိန်စိစစ်ရယူ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဧပြီ ၃၀ ရက်ခန့်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မေ ၂ ရက်ခန့်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဧပြီ ၂၇ ရက်နေ့ ညနေ ၄ နာရီခွဲ အချိန် တိုင်းထွာချက်များပေါ်တွင် အခြေပြုပြီး ခန့်မှန်းချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ လေဖိအားနည်းရပ်ဝန်းဆိုသည်မှာ မုန်တိုင်းတစ်ခု စတင် သန္ဓေတည်သည့် မိုးလေဝသဖြစ်စဉ်တစ်ခုပင်ဖြစ်ပြီး အားပျော့ပျက်ပြယ်သွားခြင်း သို့မဟုတ် ပိုမိုအားကောင်းလာကာ မုန်တိုင်းအဖြစ်သို့ ရောက်ရှိသွားခြင်းတို့ ဖြစ်ပေါ်လေ့ရှိသည်။ နှစ်စဉ် ဧပြီလကုန် မေလဆန်းသည် မိုးကြိုကာလ မုန်တိုင်းများဖြစ်ပေါ်တတ်သည့် အချိန်အခါပင် ဖြစ်သည်။

ဤကဲ့သို့သော ရာသီမျိုးတွင် မိုးလေဝသနှင့် စပ်လျဉ်း၍ သတင်းတု သတင်းမှားများ နှစ်စဉ်လိုလို ထွက်ပေါ်လာလေ့ရှိရာ ယခုနှစ် ဧပြီ ၂၄ ရက်နေ့တွင်လည်း မုန်တိုင်းဆိုင်ရာ သတင်းမှားတစ်ခု စတင်ပျံ့နှံ့ခဲ့ပြီး ပြန်လည်မျှဝေမှု သောင်းဂဏန်းအထိ ရှိခဲ့သည်။ တစ်ဖက်တွင်လည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ၎င်း၏ တိုင်းထွာတွေ့ရှိမှုများနှင့် ခန့်မှန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် သတင်းမှန်နှင့် သတင်းမှားကို မရောထွေးဘဲ ကွဲကွဲပြားပြား ခွဲခြားနားလည်နိုင်မှသာ သတင်းအမှန်၊ အချက်အလက်အမှန်ကို ရရှိနိုင်ကြမည်ဖြစ်သည်။

မိုးလေဝသဆိုင်ရာ ဖြစ်စဉ်များသည် အချိန်နှင့်အမျှ ပြောင်းလဲနေတတ်သည့် အားလျော်စွာ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာမည့် မုန်တိုင်းနှင့် စပ်လျဉ်းသည့် အသိပေးချက်ကို ဧပြီ ၂၉ ရက်တွင် မိုးဇလက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခဲ့ပြီး မေလ ၃ ရက်နေ့တွင် ဖြစ်ပေါ်လာဖွယ်ရှိသည့် မုန်တိုင်းနှင့် စပ်လျဉ်း၍ အိန္ဒိယ၊ အမေရိကန်နှင့် ဥရောပ အပါအဝင် ပြည်ပမိုးလေဝသဌာနများ၏ ခန့်မှန်းချက်များကိုပါ ယှဉ်တွဲဖော်ပြလျက် မုန်တိုင်းဖြစ်ပေါ်နိုင်သည်မှာ သေချာသလောက် ရှိသော်လည်း မုန်တိုင်းကမ်း ဖြတ်ကျော်မည့်နေရာ၊ ဖြတ်ကျော်မည့်ရက်၊ အချိန်တို့သည် (အသိပေးချက်ထုတ်ပြန်သည့်အချိန်ထိ)မသေချာမှုများ ရှိနေဆဲဖြစ်ကြောင်းကိုပါ ဖော်ပြပေးခဲ့သည်။ ယခုနှစ် မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးဇလ၏ ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်၌ ဖော်ပြထားသည်။

ထူးခြားသည့် မိုးလေဝသဆိုင်ရာ ဖြစ်စဉ်များသည် စိုက်ပျိုးရေး မွေးမြူရေး လယ်ယာသားငါးလုပ်ငန်းများ၊ ရေကြောင်းနှင့် လေကြောင်း သွားလာရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသကဲ့သို့ နှစ်စဉ်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များကြောင့်လည်း ပြည်သူအများက စိတ်ဝင်တစားရှိကြရာ အချက်အလက်မှန်များကို ရရှိနိုင်ရန် တရားဝင်ထုတ်ပြန်ပေးနေသည့် မိုးလေဝသသတင်းထုတ်ပြန်ချက်များကို မီဒီယာပလက်ဖောင်းမျိုးစုံတွင် ရရှိနိုင်နေပြီဖြစ်သည်။ သတင်းတု၊ သတင်းယောင်၊ သတင်းမှားများကို မစိစစ်ဘဲ လက်ခံဖတ်ရှုခြင်း၊ ထပ်ဆင့်ဖြန့်ချိခြင်းတို့ကို ဂရုပြုရှောင်ရှားကြရန်လိုသည်။

မိမိတို့ နိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နေကြရချိန်တွင် နှစ်စဉ်အချိန်အခါရောက်တိုင်း ဖြစ်ပေါ်နေကျ မိုးလေဝသဖြစ်စဉ်များကိုလည်း တစ်ပြိုင်တည်း ရင်ဆိုင်ကြရမည်သာဖြစ်သည်။ မိမိတို့နေထိုင်ရာဒေသ၏ ပထဝီအနေအထားနှင့် နှစ်စဉ်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို အခြေခံပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြိုတင်မျှော်တွေးကာ သဘာဝဘေးများအားလုံးကို ရှောင်ရှားကျော်လွှားလွန်မြောက်နိုင်ရန် စီမံခန့်ခွဲမှုများ ပြုလုပ်ကြရမည် ဖြစ်သည်။ သဘာဝတရားသည် အင်အားကြီးမားသည် မှန်သော်လည်း ဉာဏ်ပညာဖြင့် အရာရာကို စေစားအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေး ကော်မတီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၆၄ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက် )**

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေး ကော်မတီ ဖွဲ့စည်းခြင်း**

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO) ဝန်ထမ်း ဦးပြည့်စုံဝင်းမောင်နှင့် အရပ်သားဝန်ထမ်း ကျန်းမာရေးကြီးကြပ် (၂) ဦးအောင်မျိုးဦးတို့သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ COVID–19 ရောဂါ စောင့်ကြည့်ခံထားရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများကို ရန်ကုန်မြို့ရှိ အမျိုးသားဓါတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် ယာဉ်အမှတ် UN (5/34) ဖြင့် သယ်ယူလာစဉ် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ရာမောင် ဇက်ဆိပ်အနီး၌ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရပါသည်။

၂။ ထိုသို့ ကမ္ဘာ့ကုလသမဂ္ဂ (United Nation–UN) အမှတ်တံဆိပ်ပါ မော်တော်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်မှုခံခဲ့ရခြင်းကြောင့် ဦးပြည့်စုံဝင်းမောင်၏ ဘယ်ဘက် တင်ပါး၊ ယာဘက် တံတောင်ဆစ်နှင့် ဦးအောင်မျိုးဦး၏ ယာဘက်လက်တို့တွင် လက်နက်ငယ် ထိမှန်ဒဏ်ရာအသီးသီး ရရှိခဲ့သဖြင့် မင်းရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ဝင်ရောက်ပြသခဲ့ပြီး ၎င်းမှတစ်ဆင့် စက်လှေဖြင့် မင်းပြားပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရာ ဦးပြည့်စုံဝင်းမောင်သည် ဧပြီလ ၂၁ ရက် နံနက် ၁ နာရီတွင် ဆေးရုံ၌ ကွယ်လွန်ခဲ့ပါသည်။

၃။ COVID–19 ရောဂါနှင့်သက်ဆိုင်သည့် လိုအပ်သော ဓါတ်ခွဲစမ်းသပ်မှုများပြုလုပ်ရန် သယ်ဆောင်ပေးသည့် ကမ္ဘာ့ကုလသမဂ္ဂ (UN) အမှတ်တံဆိပ်ပါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဖြစ်စဉ်အမှန်ကို စုံစမ်းစစ်ဆေး ဖော်ထုတ် သိရှိနိုင်ရေးအတွက် **“ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေး ကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးစော<br>ဥက္ကဋ္ဌ<br>နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာ<br>ကော်မတီ<br>ပြည်သူ့လွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာစုစုသာထွန်း<br>ကမ္ဘာ့ကုလသမဂ္ဂ အကြီးတန်း<br>အကြံပေးပုဂ္ဂိုလ်(အငြိမ်းစား) | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာအောင်သူရိန်<br>ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်မှူးကြီးထိန်လင်း<br>နိုင်ငံတော်သမ္မတရုံး တွဲဘက်တာဝန် | အတွင်းရေးမှူး |

၄။ “ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေး ကော်မတီ” ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ဖြစ်စဉ် ဖြစ်ပွားခဲ့သည့်နေရာ၏ နောက်ခံအခြေအနေ၊ ဖြစ်ပွားခဲ့ရခြင်း အကြောင်းရင်း၊ ဖြစ်စဉ်အသေးစိတ် စသည်တို့ သိရှိနိုင်ရန် ဖြစ်စဉ်နေရာသို့ သွားရောက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် ယာဉ်အမှတ် UN (5/34) ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းအတွက် မျက်မြင်သက်သေများ၊ အထောက်အထားများ ရှာဖွေစုံစမ်း၍ ထွက်ဆိုချက်များ ရယူခြင်း၊

(ဂ) ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်နှင့် စပ်လျဉ်းသည့် သက်မဲ့သက်သေ၊ သက်ရှိသက်သေများမှ အထောက်အထားများ၊ အချက်အလက်များ ရယူခြင်း၊

(ဃ) စုံစမ်းစစ်ဆေးမှု မှန်ကန်ပြည့်စုံစေရေးအတွက် ရင်ခွဲစစ်ဆေးချက်များ၊ မှုခင်းကျွမ်းကျင်သူများ၊ စစ်လက်နက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အခြားကျွမ်းကျင်သူများ၏ ထင်မြင်ယူဆချက် သဘောထားများကို ရယူခြင်း၊

(င) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် ယာဉ်အမှတ် UN (5/34) ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် အရပ်သားပြည်သူများ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် အကြံပြုချက်များ တင်ပြခြင်း၊

(စ) စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် နိုင်ငံတကာစံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း။

၅။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးရမည်။

၆။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် တပ်မတော်၊ ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး အရာရှိများအပါအဝင် လိုအပ်သော လူပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ စာရွက်စာတမ်းတောင်းယူခြင်းနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၇။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတထံ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ တင်သွင်းပြီးချိန်အထိဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပြင်ပလူနာဌာန(တိုးချဲ့) လသာအထက(၂)၌ ယာယီဖွင့်လှစ်

**ရန်ကုန် ဧပြီ ၂၈**

လတ်တလောဖြစ်ပွားနေသော ကိုဗစ် –၁၉ ရောဂါကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပြင်ပလူနာဌာန(တိုးချဲ့)ကို ဧပြီ ၁၀ ရက်က ပိတ်ထားခဲ့ပြီး ဧပြီ ၂၀ ရက်မှ စတင်၍ လသာ အထက(၂)၌ ယာယီဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီရေးအဖွဲ့(ရန်ကုန်) YRO က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြင်ပလူနာဌာန(တိုးချဲ့)ပြန်လည်ဖွင့်လှစ်ရာတွင် ရက်ချိန်းပြည့် ပြန်လည်ပြသရန် လာရောက်သော ပြည်သူများအား အခက်အခဲမရှိစေရန် ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီရေးအဖွဲ့ Special Rescue Team မှ စေတနာ့ဝန်ထမ်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပြင်ပလူနာဌာန (တိုးချဲ့)ကို လာရောက်ပြသတဲ့ ပြည်သူများကို ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ ဘီးတပ် ကုလားထိုင်များနဲ့ တင်ဆောင်ခေါ်ယူ ရွှေ့ပြောင်းပေးခြင်း၊ ညွှန်ကြားပြသပေးခြင်းနဲ့ ပြည်သူများရဲ့ ကျန်းမာရေး လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးလျက် ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်) YRO ဒုတိယဥက္ကဋ္ဌ ဦးမိုးငြိမ်းက ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန(တိုးချဲ့) အထက(၂) လသာ၌ ယာယီဖွင့်လှစ်နေသည့် ကာလတစ်လျှောက် Special Rescue Team မှ အလှည့်ကျ စေတနာ့ဝန်ထမ်းများ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




**Special Rescue Teamမှ စေတနာ့ဝန်ထမ်းများ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း ဆောင်ရွက်ပေးနေစဉ်။**

ကိုဗစ်–၁၉ ရောဂါအတွက် ကူညီဆောင်ရွက်ပေးနေသည့် ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီရေးအဖွဲ့ Special Rescue Team ကွပ်ကဲရေးစခန်းကို တာမွေအထက(၁)တွင် ဖွင့်လှစ်ထားပြီး စေတနာ့ဝန်ထမ်း ၁၀၀ ကျော်ဖြင့် စခန်းသွင်း ၂၄ နာရီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အာကာစိုး**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID– 19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန် (Case – 30)၊ COVID– 19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကောင်းမွန်စပြုလာကြသည့် ကိုတောင်စွမ်းခိုင် (Case – 01) နှင့် ကိုကျော်လင်းထက် (Case – 04) တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

- ❖ COVID– 19 ရောဂါကို ကျော်လွှား၍ရပါကြောင်း၊ မိမိအင်အားကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကြရမည်ဖြစ်
- ❖ တစ်ဦးနှင့် တစ်ဦး အားပေးကြရေးနှင့် ဝန်းရံပေးကြရေးသည် အရေးကြီး
- ❖ ပြည်သူပြည်သားများအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိကြစေလို
- ❖ စေတနာဖြင့် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးကြမည်ဆိုပါက လူသားအရင်းအမြစ်မှအစပြု၍ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်အဆုံး အားနည်းသည့်ကာလဖြစ်နေပါစေ အဆိုပါအရာအားလုံးကို ကျော်လွှားနိုင်မည်ဟု ယုံကြည်

❊ *ရှေ့ဖုံးမှ*

ထို့နောက် ပြန်လည်ကောင်းမွန်စပြုလာသည့် ကိုတောင်စွမ်းခိုင်(Case–01) က တီးတိန်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ဆရာမများ၏ နွေးထွေးစွာ ပြုစုကုသဆက်ဆံမှုများနှင့် COVID– 19 ရောဂါမှ ပြန်လည်ကောင်းမွန်လာစေရန် ပြုလုပ်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ COVID– 19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန် (Case – 30) က COVID– 19 လူနာများအား ပြုစုကုသရာတွင် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများ၊ ကျန်းမာရေးလုံခြုံမှုရှိစေရန် ဆောင်ရွက်ခဲ့မှုများနှင့် COVID– 19 ရောဂါမှ ပြန်လည်ကျန်းမာရန် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြန်လည်ကောင်းမွန်စပြုလာသည့် ကိုကျော်လင်းထက် (Case – 04) က COVID– 19 ရောဂါကူးစက်ခြင်းမှ ဖြတ်သန်းခဲ့ရသည့် အခြေအနေများ၊ COVID– 19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကျန်းမာကောင်းမွန်လာစေရန် ဆောင်ရွက်နေမှုများနှင့် ကန်တော်နဒီဆေးရုံ၏ အခြေခံလိုအပ်ချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျန်းမာရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်နှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် COVID– 19 ရောဂါကို ကျော်လွှား၍ရပါကြောင်း၊ မိမိအင်အားကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ တည်ဆောက်၍ရပါကြောင်း၊ အင်အားဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အားပေးကြရေးနှင့် ဝန်းရံပေးကြရေးသည် အရေးကြီးပါကြောင်း၊ နံပါတ်တစ်မှာ မိမိသာလျှင် ဖြစ်ပါကြောင်း၊ မိမိကိုယ်ကိုသာ အားကိုးရာ၊ မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်ပါကြောင်း၊ နံပါတ်နှစ်မှာ မိမိအသိုက်အဝန်း ဖြစ်ပါကြောင်း၊ မိမိအသိုက်အဝန်းက မိမိကို ပံ့ပိုးပေးရေးသည် အရေးကြီးပါကြောင်း၊ ပြည်သူပြည်သားများအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှု ရှိကြစေလိုပါကြောင်း၊ မိမိကိုယ်ကို မှန်မှန်ကန်ကန်နေနိုင်ရန် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နွေးထွေးမှုပေးကြရမည်ဖြစ်ပါကြောင်း၊ စေတနာဖြင့် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးကြမည်ဆိုပါက လူသားအရင်းအမြစ်မှအစပြု၍ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်အဆုံး အားနည်းသည့်ကာလဖြစ်နေပါစေ အဆိုပါအရာအားလုံးကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အားလုံးကို အားပေးလိုပါကြောင်း၊ မေတ္တာများ ပို့သအပ်ပါကြောင်း၊ မေတ္တာ၏အင်အား မေတ္တာ၏တန်ခိုးဖြင့် အမြန်ဆုံး ကျန်းမာလာကြပါစေ၊ ကျန်းမာလာခြင်းနှင့်အတူ စိတ်ချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

## ချင်းပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံ အဆောက်အအုံလေးလုံး ဆောက်လုပ်ပြီးစီး

**ဟားခါး ဧပြီ ၂၈**

ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဒေသခံပြည်သူများ ဘေးအန္တရာယ်ကြုံတွေ့မှုမှ ကာကွယ်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီရန်ပုံငွေဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ လေးလုံးကို ချင်းပြည်နယ် ဟားခါးမြို့၊ ဖလမ်းမြို့၊ တွန်းဇံမြို့နှင့် လိုင်လင်းပီမြို့တို့တွင် ဆောက်လုပ်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။

ဟားခါးမြို့ ဟားခါးထာရ်ရပ်ကွက်ရှိအဆောက်အအုံမှာ အလျား ပေ ၁၅၀၊ အနံ ပေ ၁၇၀၊ အမြင့် ၂၅ ပေဖြင့် ၂၅၅၀၀ စတုရန်းပေ ကျယ်ဝန်းသဖြင့် လူဦးရေ ၁၀၀၀ခန့်၊ ဖလမ်းမြို့ လုံပီးရပ်ကွက်ရှိ အဆောက်အအုံမှာ အလျား ၉၀ ပေ၊ အနံ ပေ ၆၀၊ အမြင့် ၂၂ ပေဖြင့် ၁၀၈၀၀ စတုရန်းပေ ကျယ်ဝန်းသဖြင့် လူဦးရေ ၆၀၀ ခန့်၊ တွန်းဇံမြို့ ခေါဝုန်လေးဆန်ရပ်ကွက်ရှိ အဆောက်အအုံမှာ အလျား ပေ ၆၀ ၊ အနံ ပေ ၇၀ ၊ အမြင့် ၂၂ ပေဖြင့် ၄၂၀၀ စတုရန်းပေ ကျယ်ဝန်းသဖြင့် လူဦးရေ ၄၀၀ ခန့်နှင့် လိုင်လင်းပီမြို့ရှိ အဆောက်အအုံမှာ အလျား ပေ ၉၀ ၊ အနံ ပေ ၆၀ ၊ အမြင့် ၁၃ ပေဖြင့် ၅၄၀၀ စတုရန်းပေ ကျယ်ဝန်းသဖြင့် လူဦးရေ ၂၅၀ ခန့် ခေတ္တယာယီတည်းခိုနိုင်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံများကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ပြီး ဟားခါးမြို့ အဆောက်အအုံအတွက် ငွေကျပ် ၉၉၇ ဒသမ ၈၀၈ သန်း၊ ဖလမ်းမြို့ အဆောက်အအုံအတွက်ငွေကျပ်သန်း ၂၃၈ ဒသမ ၈၅၀ ၊ တွန်းဇံမြို့ အဆောက်အအုံအတွက် ငွေကျပ်သန်း ၂၂၄ ဒသမ ၀၀၀နှင့် လိုင်လင်းပီမြို့ အဆောက်အအုံအတွက် ငွေကျပ်သန်း ၂၀၀ ဒသမ ၀၀၀ တို့ဖြင့် ဆောက်လုပ်ခဲ့ပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် အမျိုးသားသဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေကျပ်သန်း ၂၃၅ ဒသမ ၀၀ ဖြင့် မတူပီမြို့တွင် အလျား ပေ ၆၀ ၊ အနံပေ ၇၀ ၊ အမြင့် ၂၂ ပေ ရှိသော မုန်တိုင်းဒဏ်ခံ အဆောက်အအုံ တစ်လုံးကိုလည်း ဆောက်လုပ်နေပြီဖြစ်ကြောင်း ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။

မြင့်နိုင်စိုး (ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာမည်။ မိုး/ဇလ

# ပြည်ပမှ ပြန်လည်ရောက်ရှိလာကြမည့် မြန်မာနိုင်ငံသားများကို Quarantine ပြုလုပ်ရေးအတွက် လိုအပ်သည့် ဟိုတယ်များခွင့်ပြုပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Video Conferencing ဖြင့် ပြုလုပ်




**နေပြည်တော် မေ ၂၈**

ပြည်ပခရီးသွားလုပ်ငန်း (Outbound Tour) များ အရည်အသွေးပြည့်မီစေရေးနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာကြမည့် မြန်မာနိုင်ငံသားများကို Quarantine ပြုလုပ်ရေးအတွက် လိုအပ်သည့် ဟိုတယ်များ ခွင့်ပြုပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမမှ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ပန်းသဇ္ဈာမျိုး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များက Video Conferencing စနစ်ဖြင့် Online မှ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

### အာမခံမှုရှိရှိ ဝန်ဆောင်မှုပေးစေလို

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်းများအပေါ် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းမှ လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးများ ပေးဆောင်ခြင်းကို တစ်နှစ်တာကာလအတွက် လျှော့ပေါ့ပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းထားသည့် နိုင်ငံပိုင်ဟိုတယ်များက မြေငှားရမ်းမှုများ ရွှေ့ဆိုင်းပေးသွင်းခွင့်ပြုခြင်းများကို ဆောင်ရွက်ပါကြောင်း၊ လုပ်ငန်းများအနေဖြင့်လည်း ခရီးသည်များကို စနစ်တကျနှင့် အာမခံမှုရှိရှိ ဝန်ဆောင်မှုပေးစေလိုပါကြောင်း။

ယခုလာမည့် မေ ၂၉ ရက်တွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အာဆီယံခရီးသွားဝန်ကြီးများ အထူးအစည်းအဝေးနှင့် မေ ၇ ရက်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) ၏ Healing solutions for Tourism Challenges Digital Meeting ကို Video Conferencing စနစ်ဖြင့် ဆောင်ရွက်ရန်ရှိပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေး ဆောင်ရွက်ရာတွင် ပြည်ပခရီးသွားလုပ်ငန်း (Outbound Tour) များ စနစ်တကျ အရည်အသွေးပြည့်မီရေးနှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးရာတွင် စနစ်တကျနှင့် ခရီးသွားများ ကျန်းမာရေး၊ ခရီးစဉ်လည်ပတ်ရေးမှစ၍ အာမခံမှုရှိအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ခရီးသွားများအား အဆင်ပြေပြေ အာမခံချက်ရှိရှိ ခရီးသွားနိုင်ရန် တာဝန်ယူတာဝန်ခံပေးရမည်ဖြစ်သလို ခရီးသွားများကို ဝန်ဆောင်မှုပေးမည့် လုပ်ငန်းရှင်များ လုပ်ငန်းကို အဆင်ပြေပြေ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ တက်ရောက်လာသူများက ခရီးသွားလုပ်ငန်းများကို ဖိစီးမှုမဖြစ်စေဘဲ Outbound ခရီးသွားများကို အာမခံချက် ဘယ်လိုပေးနိုင်မည်ဆိုသည်ကို ဝိုင်းဝန်းဆွေးနွေးပေးရန် မေတ္တာရပ်ခံ ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးပြီးဖြစ်သဖြင့် ပြည်ပခရီးသွားလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ အာမခံမှုရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများနှင့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များပူးပေါင်း၍ ဆောင်ရွက်သင့်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်မှုများ ချမှတ်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ပန်းသဇ္ဈာမျိုးက လာမည့် မေ ၁၅ ရက်တွင် ပြည်ပမှ မြန်မာနိုင်ငံသားများ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရန်ရှိရာ Hotel Quarantine လုပ်နိုင်ရေးအတွက် လုံလောက်သော Volunteer Hotel များ ရရှိရန် ဝိုင်းဝန်းကူညီစေလိုကြောင်း ဆွေးနွေးတင်ပြသည်။

### သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များက ပြည်ပခရီးသွားလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးဆိုင်ရာများ၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် အခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဟိုင်းကြီးကျွန်း၌ မုန်တိုင်းအန္တရာယ်ကျရောက်လာပါက အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်ပြင်ဆင်

**ဟိုင်းကြီးကျွန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံများအား မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက အန္တရာယ်ကင်းစွာ အချိန်မီ ပြောင်းရွှေ့နေရာချထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သိရသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ယခုလ ၂၇ ရက် ညနေ ၄ နာရီခွဲအချိန် တိုင်းတာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် (နောက် ၂၇ နာရီအတွင်း) မေ ၃၀ ရက်ခန့်တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ (နောက်နာရီ ၁၂၀ အတွင်း) မေ ၂ ရက်ခန့်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းချက်များအရ သတင်းထုတ်ပြန်မှုများ ထွက်ရှိလာပြီး နောက်ပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံများကို အန္တရာယ်ကင်းစွာ အချိန်မီပြောင်းရွှေ့နေရာချထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် အစီအမံများ ဆောင်ရွက်ထားနိုင်ရေးအတွက် ဒေသတွင်း ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များသို့ ယနေ့ ညနေပိုင်းက စတင်နှိုးဆော်ဆောင်ရွက်နေခြင်း ဖြစ်သည်။

"မုန်တိုင်းသတင်း ကြေညာထားတာနဲ့ ပတ်သက်ပြီးတော့ အဓိကက ပင်လယ်ကမ်းခြေ ဒေသတွေမှာရှိတဲ့ ရွာတွေက ဒေသခံတွေကို အချိန်မီ ပြောင်းရွှေ့နိုင်ဖို့နဲ့ မုန်တိုင်းဒဏ်ခံအဆောက်အအုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတွေကို အချိန်မီ ပြောင်းရွှေ့နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ မြေပြင်မှာရှိတဲ့ လူဦးရေနဲ့ ခိုလှုံနိုင်မယ့်နေရာ စာရင်းတွေကို ပြုစုနေပါပြီ"ဟု ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

ဟိုင်းကြီးကျွန်းဒေသရှိ ဒေသခံများအနေဖြင့်လည်း ပင်လယ်ဒေသဖြစ်၍ မုန်တိုင်းနှင့် ပတ်သက်သော အတွေ့အကြုံများ ရရှိထားပြီးဖြစ်ရာ နိုင်ငံတော်က ထုတ်ပြန်သည့် မိုးလေဝသ သတင်းများနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ အသိပေးနှိုးဆော်မှုများအပေါ် သတိပြုပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## မော်လိုက်မြို့၌ ဧပြီလကုန်မှစတင်၍ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဖြူးပေးနိုင်တော့မည်

**မော်လိုက် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ မြို့မ(၂)ရပ်ကွက် အောင်သာယာရပ်၌ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် တည်ဆောက်ခဲ့သည့် 66/11 KV(10 MVA)ဓာတ်အားခွဲရုံနှင့် 66 KV ကလေးဝ-မော်လိုက် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်၍ ဧပြီ ၃၀ ရက် ညနေပိုင်းမှ စတင်၍ မြို့ပေါ်တွင် လျှပ်စစ်ဓာတ်အားများကို ၂၄ နာရီ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"မော်လိုက်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားများ ၂၄ နာရီ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် တင်ဒါအောင် ဟသ်ာနီကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ရာ စီမံကိန်းလုပ်ငန်းများ အနေဖြင့် မတ် ၁၆ ရက်တွင် ရာနှုန်းပြည့် ပြီးစီးခဲ့ပြီး မတ် ၂၅ ရက်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကြောင့် ယခု ဧပြီလကုန်တွင် လျှပ်စစ်ဓာတ်အားများကို ၂၄ နာရီ ဖြန့်ဖြူးပေးနိုင်ခြင်းဖြစ်ကြောင်း စီမံကိန်း မန်နေဂျာရုံး(၃)၊ မြောက်ပြင်၊ မန္တလေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းအောင်က ပြောသည်။

"မော်လိုက်မြို့ပေါ်တွင် လက်ရှိအနေဖြင့် ဒီဇယ်ဓာတ်အားပေးစက်ဖြင့် အိမ်ခြေ ၈၃၃ အိမ်ကို ညပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးချိန် ညနေ ၆ နာရီမှ ၁၀ နာရီအထိ ၄ နာရီဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ နိုင်ငံတော် ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားရရှိပြီးနောက် ဓာတ်အားသုံးစွဲရန် လျှောက်ထားလာသူများအတွက် မီတာများတပ်ဆင်ပေးပြီး ဓာတ်အားများ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ဓာတ်အားလိုင်း တည်ဆောက်နေသည့် ကျေးရွာသုံးရွာကိုလည်း လျှပ်စစ်ဓာတ်အားများ ဆက်လက်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်းနှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးအရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပိုစတာများ စိုက်ထူခြင်းနှင့် ရပ်ကွက်များသို့ လှည့်လည်၍ အသိပညာပေး နှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ဒုတိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးအောင်စိုးမိုးထံမှ သိရသည်။

**မော်လိုက်သားလေး**

## SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့်နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင် လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန်(၂၃-၀၂-၂၀၂၀)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက်မီဒီယာများမှ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ နိုင်ငံခြားသားများအတွက် Passport တစ်ခုခုဖြင့် (၂)ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး (၃၀-၆-၂၀၂၀) နောက်ပိုင်း အပြီးသတ်ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့ အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးအတွက် မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၂၈**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးအတွက် မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီနှင့် ယနေ့နံနက်ပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

ညှိနှိုင်းအစည်းအဝေးပွဲတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် မသန်စွမ်းအဖွဲ့အစည်း ၃၁ ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသည့် မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးပူးပေါင်းကော်မတီမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအတွက် ထိခိုက်လွယ်အုပ်စုများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိရာ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ မသန်စွမ်းသူများအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်နေပါကြောင်း၊ ယခု ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကို တုံ့ပြန်ရာတွင် မသန်စွမ်းသူများကို ချန်ထားခြင်းမရှိဘဲ ထည့်သွင်းဆောင်ရွက်နိုင်မည့် စီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံချက်အရ COVID – 19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို မသန်စွမ်းမှုအလိုက် မျက်မမြင်စာ၊ လက်သင်္ကေတပြ ဘာသာစကား၊ အလွယ်တကူနားလည်လွယ်သည့်ပုံစံတို့ဖြင့် ထုတ်ဝေဖြန့်ချိနေပါကြောင်း၊ မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးပူးပေါင်းကော်မတီမှ တင်ပြထားသည့် မသန်စွမ်းသူများနှင့် မိသားစုများအား ထောက်ပံ့နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း မသန်စွမ်းသူများ၏ လိုအပ်ချက်တို့ကို သိရှိနိုင်ရန် Rapid Assessment ပြုလုပ်ထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး စည်းလုံးညီညွတ်စွာ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အထူးသဖြင့် အသိပညာပေးလုပ်ငန်းများကို အဆက်မပြတ်ဆောင်ရွက်ရန်လိုပါကြောင်း၊ သတင်းအမှန်များရရှိနိုင်ဖို့ စီစဉ်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်များကို မသန်စွမ်းမှုအလိုက် သိရှိနိုင်ရေးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူနှင့် ရောဂါပိုး ရှိ / မရှိ စစ်ဆေးခံရသူ မသန်စွမ်းသူများ အနေဖြင့် Quarantine နေရာများတွင် လှုပ်ရှားသွားလာမှု အဆင်ပြေရန် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးအတွက် မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီနှင့် ညှိနှိုင်းဆွေးနွေးစဉ်။ သတင်းစဉ်

ထို့နောက် မသန်စွမ်းသူများဆိုင်ရာ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီမှ တာဝန်ရှိသူများက လက်ရှိတွင် ကော်မတီ၏ထောက်ပံ့ကူညီပေးနေမှုအခြေအနေ၊ ရှေ့ဆက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များ၊ ကြိုတင်ကာကွယ်ရေး၊ ငွေကြေးထောက်ပံ့ရေး၊ မသန်စွမ်းသူများအတွက် Quarantine နေရာများသတ်မှတ်ရေး၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးရေးတို့နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပူးပေါင်းကူညီဆောင်ရွက်ပေးရေးအတွက် ပြန်လည် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်မည့် ဌာန/အဖွဲ့အစည်းများနှင့် အများပြည်သူများ သိရှိလိုက်နာရန် အသိပေးကြေညာချက် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်ကောင်စီ**
**အမိန့်အမှတ်(၄၄/၂၀၂၀)**
**၁၃၈၂ ခု၊ ကဆုန်လဆန်း ၇ ရက်**
**၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်မည့် ဌာန/အဖွဲ့အစည်းများနှင့် အများပြည်သူများ သိရှိလိုက်နာရန် အသိပေးကြေညာချက်**

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် ကမ္ဘာတစ်ဝှမ်းတွင် ကူးစက်ပျံ့နှံ့ခဲ့ရာ မြန်မာနိုင်ငံတွင်လည်း ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း (၁၃-၃-၂၀၂၀) ရက်နေ့တွင် အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို အမျိုးသားအဆင့် ဗဟိုကော်မတီအဖြစ် တိုးမြှင့်ဖွဲ့စည်းပြီး ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် Coronavirus Disease 2019 (COVID–19) ရောဂါ ထိန်းချုပ်၊ တားဆီးနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်မည့်သူများအားလည်းကောင်း၊ နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်မည့်သူများအားလည်းကောင်း အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ပြီးမှ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်လိုက်သည်-

**(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ လာရောက်သူများ**

(၁) မည်သည့်အကြောင်းကိစ္စဖြင့် လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာ မြို့နယ်/ရပ်ကွက်/ကျေးရွာများတွင် နေထိုင်ကြောင်းထောက်ခံစာပြသစေရန်၊

(၂) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သူများအနေဖြင့် တာဝန်ရှိသူများ၏ ခွင့်ပြုချက်မပါဘဲ နေပြည်တော်သို့ လာရောက်ပါက သို့မဟုတ် နေပြည်တော်သို့ လာရောက်ရန်ခေါ်ယူကြောင်း အကြောင်းကြားစာအား ပြသနိုင်ခြင်းမရှိဘဲ နေပြည်တော်သို့ လာရောက်ပါက နေပြည်တော်ကောင်စီမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်၍ (၂၁)ရက်နေထိုင်စေရန်၊

(၃) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း ပြည်ထောင်စုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် နေပြည်တော်သို့ လာရောက်ရန် အကြောင်းကြားစာ ရရှိသည့်သူများအား မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူစေပြီး သံသယဖြစ်ဖွယ် ရောဂါလက္ခဏာ မတွေ့ရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနများသို့ စေလွှတ်သွားရန်၊

(၄) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် နေပြည်တော်သို့ လာရောက်လိုသော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ပြသနိုင်လျှင် မြို့အဝင်ဂိတ်များတွင် ကျန်းမာရေး စစ်ဆေးမှုခံယူစေပြီး သံသယဖြစ်ဖွယ် ရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုရန်၊

(၅) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများ နေပြည်တော်ရှိ ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် လာရောက်လိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ထောက်ခံချက် ပြသနိုင်လျှင် မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူစေပြီး သံသယဖြစ်ဖွယ် ရောဂါလက္ခဏာ မတွေ့ရှိမှသာ မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုရန်၊

(၆) ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များဖြစ်သော်လည်း ရောဂါကူးစက်ခံရမှု မရှိသေးသော မြို့နယ်များမှ နေပြည်တော်သို့ လာရောက်သူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်သူများကို မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူစေပြီး သံသယဖြစ်ဖွယ် ရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုရန်၊

(၇) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကို ခံယူစေရန်။

**(ခ) နေပြည်တော်တွင် အခြေချနေထိုင်သူများ**

(၁) နေပြည်တော်သို့ ပြန်လည်ဝင်ရောက်ပါက မည်သည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့များသို့ သွားရောက်ခဲ့သည်ဆိုသည့် အထောက်အထားတင်ပြစေရန်၊

(၂) မည်သည့်မြို့သို့သွားရောက်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာ မတင်ပြနိုင်သူများ၊ တင်ပြရန် ငြင်းဆန်သူများအားလည်းကောင်း၊ Stay at Home သတ်မှတ်ထားသောမြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း ခိုင်လုံသောအထောက်အထား တွေ့ရှိရလျှင်သော်လည်းကောင်း နေပြည်တော်ကောင်စီမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်စေပြီး (၂၁) ရက်နေထိုင်စေရန်၊

(၃) ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များဖြစ်သော်လည်း ရောဂါကူးစက်ခံရမှု မရှိသေးသော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအား မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူစေပြီး သံသယဖြစ်ဖွယ် ရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့တွင်းသို့ ဝင်ရောက်စေရန်၊

(၄) သံသယဖြစ်ဖွယ်ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကို ခံယူစေရန်။

၃။ အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး နေရပ်လိပ်စာလိမ်လည်ဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာအား မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများအား ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ရာ ဤအသိပေးကြေညာချက်အား ၂၀၂၀ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာမထုတ်ပြန်မီအချိန်အထိ ဤအသိပေးကြေညာချက်သည် အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ဒေါက်တာမျိုးအောင်**
**ဥက္ကဋ္ဌ**
**နေပြည်တော်ကောင်စီ**

# ရေကြည်ကိုလည်း မနှောက်နှင့်

## သိုက်စိုးထွန်း(နတ်ရွာ)

**တစ်ခါတုန်းက ဝက်ဝံတစ်ကောင်ဟာ ကြို့ပင်ကြီးတစ်ပင်အောက်မှာ အိပ်နေတယ်။ သူအိပ်နေတုန်း လေကတိုက်တော့ သစ်ကိုင်းခြောက်တစ်ခုကျိုးပြီး သူ့ကျောပေါ်ကျတယ်။ အလန့်တကြားနဲ့ ထပြေးတဲ့ ဝက်ဝံဟာ အတော်ကြာမှ နောက်ပြန်လှည့်လာပြီး သေချာ ကြည့်ရင်းကြည့်ရင်း ဘယ်သူ့မှလည်းမမြင်တာနဲ့ "ငါ့ကို လိုက်ဖမ်းတဲ့ ခြင်္သေ့၊ သစ်၊ ကျားလည်းမရှိ၊ ဒီအပင်အောက် ငါအိပ်တာကို ရုက္ခစိုးက မကြိုက်လို့ လုပ်တာဖြစ်မှာပဲ"လို့ တွေးမိသတဲ့။ ဒါနဲ့ ဒေါသတကြီးဖြစ်ကာ ကြို့ပင်ကို လက်သည်းနဲ့ကုတ်ပြီး "သင့်အရွက်ကိုလည်း ငါမစား၊ အကိုင်းကိုလည်းငါမချိုး၊ တခြားသားကောင်တွေ ဒီအပင် အောက်နေတော့ နာလိုတယ်၊ ငါ့ကိုတော့ သင်မနာလို၊ ငါ့မှာဘာအပြစ်ရှိလို့လဲ။ နှစ်ရက်သုံးရက်လောက်တော့ စောင့်ဦးပေါ့၊ အမြစ်ပါနုတ်စေရမယ်" လို့ ကြိမ်းမောင်းလိုက်သတဲ့။**

ဗာရာဏသီမြို့ပြင်က လက်သမားရွာမှာနေတဲ့ ပုဏ္ဏားလက်သမားတစ်ယောက်ဟာ အဖော်နှစ်ယောက်သုံးယောက်နဲ့ ရထားလုပ်ဖို့ သစ်အရှာထွက်လာတယ်။ ဒါကိုမြင်တဲ့ ဝက်ဝံက "ခေးမကြီးနဲ့ ဘာသစ်တွေများ ရှာနေသလဲဗျ"လို့မေးသတဲ့။ ဝက်ဝံက လူစကားပြောတာကြားလိုက်ရတော့ တအံ့တသြနဲ့ "ဘယ်လိုသစ်မျိုးက ရထားအကွပ်လုပ်ဖို့ ခိုင်ခံ့ဆုံးလဲဗျ"လို့ပြန်မေးလိုက်သတဲ့။ သူ့ခွင်ထဲတော့ ရောက်လာပြီကောရယ်လို့ အပိုင်တွက်လိုက်တဲ့ဝက်ဝံက "ပိတောက်သားလည်း မခိုင်ဘူး၊ ရှားသား၊ အင်ကြင်းသားတွေလည်း မခိုင်ဘူး၊ မျောက်ငိုသားဆိုတာကတော့ ပြောမနေနဲ့တော့။ တကယ်ကောင်းတာကတော့ ကြို့သားပဲ"လို့ ပြောလိုက်သတဲ့။ ပုဏ္ဏားကလည်း ကြို့ပင်ဆိုတာ ဘယ်လိုဟာလဲလို့မေးတော့ ဝက်ဝံကလည်း ဒီလိုဒီလိုဆိုပြီး ပြောပြရုံမက "အခုငါရပ်နေတဲ့အပင်က ကြို့ပင်ပဲ" လို့တောင် ပြောလိုက်သေးသတဲ့။

ဒီအချိန် ကြို့ပင်စောင့်နတ်က ပုဏ္ဏားကတော့ ငါ့အပင်ကြီး ခုတ်တော့မယ် ဆိုတာ သိပြီ။ ဒီတော့ လူယောင်ဖန်ဆင်းပြီး "ကြို့ပင်ကြီးက ဘာလုပ်ဖို့လဲဗျ"လို့မေးတယ်။ "ရထားအကွပ်လုပ်မလို့ ပါ"လို့ ဖြေတော့ "ကြို့သားကို ရထားလုပ်လို့ကောင်းတယ်လို့ ဘယ်သူပြောတာလဲဗျာ" ပေါ့။ "ဝက်ဝံတစ်ကောင် ပြောတာပါပဲ" လို့ ပြောလိုက်တော့ "အင်း၊ ကောင်းပ့ါ၊ သင့်ရထားက ဝက်ဝံပြောသလို ကောင်းတော့ကောင်းမှာပါပဲ၊ ဒါပေမယ့် ကျုပ်ကလည်း အကြံပေးချင်တာက ဝက်ဝံလည်ပင်းရေလေးနဲ့ ရထားအကွပ်ကို ပတ်လိုက်ရင် ပိုခိုင်သွားမယ်ဗျ"လို့ ပြန်ပြောလိုက်သတဲ့။

"ဝက်ဝံရေက ဘယ်ကရနိုင်မလဲ" ဆိုတော့ "ဒီကြို့ပင်က ဘယ်မှပြေးနိုင်တာ မဟုတ်ဘူး၊ ကြို့ပင်ပြတဲ့ဝက်ဝံကိုခေါ်ပြီး ဒီအပင်ဘယ်နေရာက ဖြတ်ရမလဲလို့မေးပြီး သူ့နှုတ်သီးနဲ့ ထိုးပြနေတုန်း ပုဆိန်နဲ့ ခုတ်လိုက်ရင် အသားလည်း စားရ၊ အရေလည်းရရော" လို့ပြောလိုက်သတဲ့။ ဒီတော့ ကြို့ပင်အလှဲခံရသလို ဝက်ဝံလည်း သေတော့တာပေ့ါ။ **(ဖန္ဒနဇာတ်)**

### ရင်းမြစ်ကိုမစဉ်းစားဘဲ အငြိုးထား

ဒီဖြစ်ရပ်လေးကိုကြည့်လိုက်ရင် ဇာတ်လမ်းစခဲ့တာက ဘာမှကြီးကျယ်တဲ့ကိစ္စမဟုတ်ဘူး။ လေတိုက်လို့ သစ်ကိုင်းခြောက် ကျိုးကျတဲ့ကိစ္စ။ ဒါကို ဝက်ဝံက သေချာမစဉ်းစား မဆင်ခြင်ဘဲနဲ့ ကြို့ပင်စောင့်နတ်အပေါ် ပုံချလိုက်တယ်။ အငြိုးထားလိုက်တယ်။ လက်စားချေတော့လည်း နည်းနည်းနောနောမဟုတ်၊ အမြစ်ပြတ်ကို ချေမှုန်းပစ်လိုက်တာ။ သူများကိုချေမှုန်းလိုက်တဲ့ရလဒ်အဖြစ် သူကိုယ်တိုင်လည်း အသက်နဲ့ ခန္ဓာကွဲကွာရတဲ့ အဖြစ်ကိုရောက်ရော။

ပြဿနာတွေဖြစ်တိုင်း ဖြစ်တိုင်းမှာ မူလအစအခြေတည်ရာအကြောင်းတရားကို ဇာစ်မြစ်လိုက်ကြည့်လိုက်ရင် ဘာဖြစ်ခဲ့တယ်ဆိုတာထက် ဖြစ်စဉ်တစ်ခုအပေါ်မှာ ဘယ်လိုကောက်ချက်ဆွဲခဲ့တယ်ဆိုတဲ့ အခြေအနေအပေါ်မူတည်ပြီး ရလဒ်တွေအပြောင်းအလဲဖြစ်သွားနိုင်တာကို တွေ့ရပါတယ်။ ကိုင်းခြောက်ကလေးတစ်ခုကြွေကျတာနဲ့ ဘဝနှစ်ခု ပျက်စီးရတဲ့အဖြစ်က ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ထောင် သောင်းမကကြာခဲ့ပြီဖြစ်တဲ့ နိပါတ်တော်လာ ဖြစ်ရပ် တစ်ခုဖြစ်ပေမယ့် ကိုယ့်ဘဝကိုယ့်ဝန်းကျင်မှာ ဒီအဖြစ်မျိုးတွေ ဒီနေ့အချိန်အထိ ရှိများရှိနေသေးသလားဆိုတာ စဉ်းစားကြရမှာဖြစ်ပါတယ်။

တချို့ကိစ္စလေးတွေက ဖြစ်တည်စမှာ ပြဿနာရယ်လို့ကို ပြောလို့မရနိုင်တဲ့ ဖြစ်ရပ်လေးတွေ။ အမှတ်မထင်ဖြစ်ခဲ့ကြတာပဲဖြစ်ဖြစ်၊ အပြစ်ကင်းတဲ့ရည်ရွယ်ချက်တစ်ခုခုအရ ဆောင်ရွက်လိုက်တာပဲဖြစ်ဖြစ်၊ ဖြစ်တည်စတုန်းကတော့ ဘာမှမဟုတ်တဲ့ကိစ္စလေးတွေ။ ဒါပေမယ့် အဲဒီကိစ္စတစ်ခုအပေါ်မှာ တစ်စုံတစ်ယောက်က သူ့ရှုထောင့်နဲ့သူ သုံးသပ်ပြီး ကောက်ချက်တစ်ခုချလိုက်တယ်။ အဲဒီကောက်ချက်မှာ "ဒါပြဿနာပဲ"လို့ ပါသွားတာနဲ့တစ်ပြိုင်နက် ပြဿနာက စတော့တာပါပဲ။ ဒီအမြင်အပေါ်မှာ ဒေါသလွှမ်းတဲ့ အတွေးတွေနဲ့ ထပ်ပြီးဆင့်လိုက်မယ်ဆိုရင်တော့ သာမန်ပြဿနာကနေ ရှင်းဖို့လင်းဖို့ မလွယ်တော့တဲ့ ပြဿနာအဆင့်အထိ ရောက်သွားတတ်ပါတယ်။

"ရေကြည်ကိုလည်း မနှောက်နှင့်၊ သေရည်ကိုလည်းမသောက်နှင့်။ ရေကြည်ကိုနှောက်က အနည်မှုန်တို့ထတတ်သည်၊ သေရည်ကိုသောက်က အပါယ်ဘုံသို့ကျတတ်သည်" တဲ့။ ရှေးကဆိုခဲ့တဲ့ ဆိုထုံးတစ်ခုပါ။ ကြည်လင်ငြိမ်သက်နေတဲ့ ရေပြင်တစ်ခုကို မွှေလိုက်နှောက်လိုက်ရင် အနည်မှုန်တွေထသွားတတ်ပါတယ်။ အနည်တွေထတော့ ရေပြင်ထဲကအခြေအနေကို ရှင်းရှင်းလင်းလင်းမမြင်နိုင်တော့ဘူးပေ့ါ။ လူ့စိတ်မှာ ဖြစ်ပေါ်တတ်တဲ့ ဒေါသကလည်း အနည်မှုန်တွေနဲ့တူပါသတဲ့။ ဒေါသကင်းနေတဲ့စိတ်မှာအမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင် စွမ်းတွေရှိနေတယ်။ ဒေါသလည်းထွက်လာတဲ့အခါ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းတွေ၊ ဝေဖန်သုံးသပ်နိုင်စွမ်းတွေ ကျသွားတယ်။ ဘယ်ဟာကမှားလို့ ဘယ်ဟာက မှန်တယ်ဆိုတာကို သိပ်မခွဲခြားနိုင်တော့ဘူး။ ရှုးရှူးဒိုင်းဒိုင်းတွေဖြစ်ပြီး ရုတ်တရက်ထလုပ်လိုက်တဲ့ လုပ်ရပ်မျိုးတွေထဲကနေ သူ့ဘက်ကိုယ့်ဘက် ဘယ်ဘယ်အတွက်မှမကောင်းတဲ့ အမှားအယွင်း အတိမ်းအစောင်းတွေ ဖြစ်သွားတတ်ပါတယ်။

❒ ကိုယ်တိုင်ကြုံတွေ့ရတဲ့ ဖြစ်ရပ်တွေအပေါ်မှာတောင်မှ အားလုံးကိုအမှန်အတိုင်း မသုံးသပ်နိုင်ဘူးဆိုရင် တစ်စုံတစ်ယောက်က တွေ့မြင်သုံးသပ်ပြီးတော့ သူ့သဘော၊ သူ့အာဘော်တွေနဲ့ ထပ်ဆင့်ဖြန့်ဝေလိုက်တဲ့သတင်းစကားတွေရဲ့ မှန်ကန်တိကျနိုင်ခြေက ဘယ်လောက်နည်းသွားမလဲဆိုတာကို တွေးကြည့်နိုင်ပါတယ်။ ဒ့ါကြောင့် မီဒီယာကျင့်ဝတ်မှာ သတင်းတစ်ခုရေးတဲ့အခါ သတင်းရေးသူရဲ့အာဘော်မပါစေဖို့ သတ်မှတ်ထားကြတာဖြစ်ပါတယ်။

❒ ဆိုရှယ်မီဒီယာတွေကြောင့် လူမှုအသိုက်အဝန်းအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ပြဿနာပေါင်းလည်းများလှပြီ ဖြစ်ပါတယ်။ သတိရှိရှိနဲ့ ဝေဖန်ပိုင်းခြားနိုင်ဖို့ သိပ်ကို အရေးကြီးပါတယ်။

### ဒေါသလွှမ်းမိုးစိတ်နဲ့ မသုံးသပ်ကြဖို့

အခြေအနေတစ်ခုအပေါ်မှာ သုံးသပ်တဲ့အခါ ဒေါသလွှမ်းမိုးနေတဲ့စိတ်နဲ့ မသုံးသပ်လိုက်မိဖို့ အရေးကြီးပါတယ်။ ပြင်နိုင်ဖို့ခက်တဲ့အရာတွေထဲမှာ လူ့စိတ်က ထိပ်ဆုံးက ပါနေမယ်ထင်ပါတယ်။ ဒေါသမကြီးဖို့ ကိုယ့်ကိုယ်ကိုယ်ဆုံးမပေမယ့် ဒေါသစရိုက်လွှမ်းမိုးနေတဲ့သူမှာတော့ အဖြစ်အပျက်တစ်ခုနဲ့တွေ့ကြုံတိုင်း ရှူးရှူးရှဲရှဲ ဖြစ်ကုန်တတ်ပါတယ်။ ဒေါသစိတ်လွှမ်းမိုးနေချိန်ဖြစ်တဲ့အတွက် အကျိုးအကြောင်းဆီလျော်အောင် တွေးခေါ်မြော်မြင်ဖို့လည်း အချိန်ရတော့မှာမဟုတ်ပါဘူး။ ဒေါသအရှိန်ကြောင့် နှလုံးခုန်နှုန်းတွေကလည်း မြန်နေတယ်။ တွေးကြံသမျှ၊ ပြောဆိုသမျှ၊ လုပ်ကိုင်သမျှတွေကလည်း ဒီအချိန်မှာ အရှိန်မြန်နေတတ်ပါတယ်။ ပုံမှန်စိတ်နေစိတ်ထားနဲ့ ဆောင်ရွက်တာမဟုတ်တဲ့ ကံသုံးပါးက အမှားမှားအယွင်းယွင်းတွေ ဖြစ်နေတတ်တာများပါတယ်။

ဖြစ်စဉ်ဖြစ်ရပ်တွေက ကိုယ့်ရှေ့မှာ မရပ်မနားဖြစ်ပျက်နေကြတယ်။ အထူးသဖြင့် ဖြစ်ရပ်တွေနဲ့ တွေ့ကြုံနိုင်မှုက ဟိုတုန်းအခါက အခြေအနေနဲ့မတူတော့ဘူး။ ဟိုးအရင်အချိန်တွေတုန်းက ဘယ်နေရာမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို အများကြီးမသိနိုင်ဘူး။ ကိုယ့်မျက်စိရှေ့မှာဖြစ်ပျက်နေတာတွေနဲ့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားတာတွေလောက်ကိုပဲ သိနိုင်တယ်။

"မမြင်ရာ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်"ဆိုတဲ့ အဆိုအမိန့်လိုပါပဲ။ ကိုယ်မသိမမြင်ရတဲ့ဖြစ်စဉ် ဖြစ်ရပ်တွေနဲ့ ပတ်သက်ပြီးတော့ ကိုယ့်မှာဘာခံစားမှုမှ ဖြစ်မလာနိုင်ပါဘူး။ ဟိုတုန်းက အခြေအနေက ဆက်သွယ်ရေးတွေ ဘာတွေအားနည်းခဲ့တော့ တချို့ကိစ္စတွေအတွက် သူ့ဟာသူ ငြိမ်းနေတဲ့သဘောပါ။ ဖြစ်စဉ်ဖြစ်ရပ်တွေရဲ့သတင်းတွေ မသိရတာကို ကောင်းတယ်လို့ပြောနေတာမဟုတ်ပါဘူး။ မသိရတော့ ဘာခံစားမှုမှမရနိုင်တာကို ဆိုလိုရင်းပါ။ ကောင်းသတင်းတွေကြားရတော့ ပျော်မယ်။ မကောင်းသတင်းတွေကြားရတော့ စိတ်ထိခိုက်မယ်။ ဖြစ်စဉ်ကတော့ ဖြစ်စဉ်သက်သက်ပါပဲ။ ဒီဖြစ်စဉ်တွေအပေါ်မှာ အဓိပ္ပာယ်ဖွင့်ဆိုပုံတွေက တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။

တစ်နေရာမှာအမှုကိစ္စတစ်ခု ဖြစ်သွားတယ်။ ဒါကို လက်ခုပ်တီးအားပေးသူရှိသလို ကန့်ကွက်ရှုတ်ချသူတွေလည်းရှိနိုင်တယ်။ ကောင်းခြင်းဆိုးခြင်းဆိုတာ ဝေဖန်သုံးသပ်သူရဲ့ ထင်မြင်ယူဆချက်၊ နဂိုခံတတ်ခံ အသိ ဉာဏ်၊ သမာသမတ်ကျကျရပ်တည်နိုင်မှု စတာတွေ အပေါ်မူတည်ပြီး အများကြီးကွဲပြားသွားနိုင်တယ်။ တချို့က ပုံကြီးချဲ့လိုတဲ့ဆန္ဒရှိပြီး တချို့က ပါးလျားမှုန်ဝါးပျောက်ကွယ်သွားအောင် ဆောင်ရွက်လိုတဲ့ ဆန္ဒရှိကြတယ်။ ဒီတော့ ဖြစ်ရပ်တစ်ခုရဲ့ မှားခြင်း၊ မှန်ခြင်းကို မသုံးသပ်ခင်မှာ ဒီအဖြစ်အပျက်ကို ကိုယ့်ဆီဆောင်ကြဉ်းလာတဲ့သူက ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာကို သိထားမှ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ တရားဝင်မီဒီယာတစ်ခုရဲ့ သတင်းဖော်ပြချက်လား၊ အကြီးအကဲပုဂ္ဂိုလ်တစ်ဦးရဲ့ ထုတ်ပြန်ချက်လား၊ ပညာရှင် တစ်ဦးရဲ့သုံးသပ်ချက်လား၊ နေရာတကာ သွေးဆူအောင်၊ ပွဲဆူအောင် ဆွတတ်တဲ့သူတစ်ဦးလားဆိုတာကို သေသေချာချာလေ့လာပြီးမှ မှားခြင်း၊ မှန်ခြင်း၊ သင့်လျော်ခြင်း၊ မသင့်လျော်ခြင်းကို ဝေဖန်သုံးသပ်ရမှာဖြစ်ပါတယ်။

### မျက်စိရှေ့ရောက်လာတိုင်း အမှန်မဟုတ်

ကိုယ့်မျက်စိရှေ့ရောက်လာတဲ့ ပုံရိပ်တွေတိုင်းကို အမှန်တရားလို့ချည်း လက်ခံဖို့ မသင့်သေးပါဘူး။ ကိုယ့်နားမှာကြားရတာတိုင်းက အမှန်တရားလို့ချည်း လက်ခံလိုက်ဖို့ မသင့်သေးပါဘူး။ ဘာ့ကြောင့် ဒီလိုပြောရသလဲဆိုတော့ ဒီကနေ့ခေတ်အခါမှာ ဆက်သွယ်ရေးကဏ္ဍတိုးတက်လာတော့ ကမ္ဘာကြီးကိုတောင် ရွာကြီးအဖြစ်နဲ့ တင်စားနေကြပြီ။ ကမ္ဘာ့တောင်ခြမ်းမှာ ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေကို ကမ္ဘာ့မြောက်ခြမ်းကနေ ချက်ချင်းသိနိုင်နေပြီ။ ကမ္ဘာ့အရှေ့ခြမ်းမှာ ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို ကမ္ဘာ့အနောက်ခြမ်းက တိုက်ရိုက်ကြည့်ရှုနိုင်တဲ့ အခြေအနေရောက်နေပြီ။ ကိုယ့်အနီးအနားပတ်ဝန်းကျင်က ဖြစ်ရပ်တွေကိုဆိုရင်တော့ ပြောစရာတောင် မလိုတော့ဘူးပေ့ါ။

ဖြစ်ရပ်တွေက များတယ်။ ဒီဖြစ်ရပ်တွေကို ကိုယ့်ဆီသယ်ဆောင်လာသူတွေကလည်း များတယ်။ ဖြစ်ရပ်အားလုံးအပေါ်မှာ၊ သတင်းစကားအားလုံးအပေါ်မှာ တစ်ယောက်နဲ့ တစ်ယောက် လက်ခံပုံချင်း၊ တုံ့ပြန်ပုံချင်း မတူကြဘူး။ တချို့က ကြားတာနဲ့ ယုံကြတယ်။ ကမ္ဘာ့ဆေးပညာရှင်တွေတောင် ကုသဖို့ဆေးအတွက် သုတေသနလုပ်ငန်းတွေ အပြင်းအထန်ဆောင်ရွက်နေရချိန်မှာ ဒီရောဂါပျောက်ဖို့ တမာရွက်စားပေးရတယ်ဆိုတာနဲ့ လိုက်စားကြတာတွေ၊ ဒီသတင်းကို ထပ်ဆင့်ဖြန့်ဝေကြသူတွေလည်း အများကြီးတွေ့ရပါတယ်။ တမာရွက်စားရတယ်လို့ဖြန့်ဝေလို့သာတော်သေးတာပေ့ါ။ ပဒိုင်းသီးစားပေးရတယ်လို့များ ပြောလိုက်ရင်တော့ ယုံပြီးအကုန်လိုက်စားကုန်ကြရင် အကုန်ဒုက္ခရောက်ကုန်ဦးမှာ။

ဖြစ်ရပ်တွေက တခြားသူကြုံတွေ့ခံစားပြီး ထပ်ဆင့်မျှဝေတင်ပြတာမျိုးကိုမဆိုထားနဲ့ ကိုယ်ကိုယ်တိုင် ကြုံရတဲ့ဖြစ်ရပ်ကိုတောင်မှ မှန်ကန်အောင်မသုံးသပ်နိုင်တာတွေ အများကြီးဆိုတာ ဖန္ဒနဇာတ်ထဲက ဝက်ဝံက သက်သေပြခဲ့ပြီဖြစ်ပါတယ်။ ကြို့ပင်စောင့်နတ်က နေစရာဘုံဗိမာန်သာ ဆုံးရှုံးခဲ့ရတာပါ။ ဖြစ်ရပ်တစ်ခုအပေါ်မှာ ဒေါသစိတ်နဲ့ အလွဲလွဲအမှားမှားသုံးသပ်ပြီး စိတ်ထင်ရာတွေ လျှောက်လုပ်လိုက်တဲ့ ဝက်ဝံခမျာမှာ အသက်ကိုတောင် ဆုံးရှုံးခဲ့ရတာသာကြည့်ပါတော့။ ကိုယ်တိုင်တွေ့တယ်၊ ကိုယ်တိုင်ကြုံတယ်ဆိုပေမယ့် ဘယ်ဟာမှားတယ်၊ ဘယ်ဟာမှန်တယ်လို့ ဝေဖန် ပိုင်းခြားနိုင်စွမ်းမရှိတဲ့အခါ ကိုယ်တွေ့ကြုံရတာကိုတောင်မှ ဘာမှန်းညာမှန်းမသိတဲ့ အနေအထားမျိုးတွေ ရှိပါတယ်။

ကိုယ်တိုင်ကြုံတွေ့ရတဲ့ ဖြစ်ရပ်တွေအပေါ်မှာတောင်မှ အားလုံးကို အမှန်အတိုင်း မသုံးသပ်နိုင်ဘူးဆိုရင် တစ်စုံတစ်ယောက်က တွေ့မြင်သုံးသပ်ပြီးတော့ သူ့သဘော၊ သူ့အာဘော်တွေနဲ့ ထပ်ဆင့်ဖြန့်ဝေလိုက်တဲ့သတင်းစကားတွေရဲ့ မှန်ကန်တိကျနိုင်ခြေက ဘယ်လောက်နည်းသွားမလဲဆိုတာကို တွေးကြည့် နိုင်ပါတယ်။ ဒ့ါကြောင့် မီဒီယာကျင့်ဝတ်မှာ သတင်းတစ်ခုရေးတဲ့အခါ သတင်းရေးသူရဲ့ အာဘော်မပါစေဖို့ သတ်မှတ်ထားကြတာ ဖြစ်ပါတယ်။

ဒီကနေ့ခေတ်မှာ မီဒီယာကအမျိုးမျိုးရှိနေတယ်။ အထူးသဖြင့် ဆိုရှယ်မီဒီယာတွေ အားကောင်းနေကြတယ်။ ဆိုရှယ်မီဒီယာတွေက သူတို့သတ်မှတ်ထားတဲ့ စံနှုန်းတွေအရပြင်းထန်တဲ့ကိစ္စတွေလောက်ကိုသာ စောင့်ကြည့်ကန့်သတ်ပိတ်ပင်နိုင်တာပါ။ လူသန်းပေါင်းများစွာက နေ့စဉ်နဲ့အမျှ ရေးသားတင်ပြနေတဲ့ ဖြစ်စဉ်သတင်းတွေအပေါ်မှာ ရာနှုန်းပြည့်လိုက်ပြီး မကြီးကြပ်နိုင်ပါဘူး။ အကဲဆတ်တဲ့ စကားလုံးမျိုးမပါဖို့လောက်သာ တည်းဖြတ်နိုင်ကြတာဖြစ်ပါတယ်။ ဒ့ါကြောင့် မီဒီယာအမျိုးမျိုးက တက်လာတဲ့ သတင်းစကားတွေကို မယုံသေးခင် ဒီသတင်းစကားကိုဖော်ပြတာက တရားဝင် ပုံနှိပ်မီဒီယာတစ်ခုလား၊ တရားဝင်ရုပ်သံလိုင်း တစ်ခုခုကလား၊ တရားဝင်အဖွဲ့အစည်းတစ်ခုခုလား ဆိုတာကို ကြည့်ပြီးတော့မှ ဝေဖန်သုံးသပ်သင့်ပါတယ်။

ဆိုရှယ်မီဒီယာတွေကြောင့် လူမှုအသိုက်အဝန်းအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ပြဿနာပေါင်းလည်းများလှပြီ ဖြစ်ပါတယ်။ သတိရှိရှိနဲ့ ဝေဖန်ပိုင်းခြားနိုင်ဖို့ သိပ်ကို အရေးကြီးပါတယ်။

### ရေကြည်ကို မနှောက်လိုက်ပါနဲ့

ဒီကနေ့လူ့ဘောင်အဖွဲ့အစည်းမှာ သတင်းမှားရေးသားတင်ပြသူတွေကြောင့် ထိခိုက်နစ်နာသွားရတာတွေ အများကြီးပါ။ သတင်းကတော့သတင်းပါပဲ။ သတင်းစကားဆောင်ကြဉ်းလာသူရဲ့ အာဘော်ကြောင့် အမှုအခင်းတွေက တစ်မျိုးတစ်မည် ပြောင်းလဲကုန်နိုင်ပါတယ်။ လူတစ်ယောက်ကို မိကျောင်းကိုက်လို့တဲ့ဆိုတဲ့ စကားက ထူးဆန်းပေမယ့် ပကတိဖြစ်ရပ်အလိုအရတော့ ပြဿနာအကြီးကြီး မဟုတ်သေးပါဘူး။ ဒါပေမယ့် ဒီသတင်းစကားကို သွေးဆူလာအောင်၊ ပွဲဆူလာအောင် ချဲ့ကား လိုက်တော့ မွေးမြူရေးခြံထဲမှာရှိသမျှ မိကျောင်း ၂၉၂ ကောင်လောက်ကို ဝိုင်းဝန်းသတ်ဖြတ်လိုက်တဲ့ ဖြစ်ရပ်မျိုး အင်ဒိုနီးရှားမှာ ဖြစ်ခဲ့ဖူးပါတယ်။

ဖြစ်ရပ်တွေကများတယ်။ ဒီဖြစ်ရပ်တွေအပေါ်မှာ ထပ်ဆင့်သတင်းစကားပါးသူတွေလည်း များတယ်။ များပြားလှတဲ့ သတင်းစကားတွေကို ကြည်လင်သန့်ရှင်းတဲ့ စိတ်အထားနဲ့ ယထာဘူတကျကျ ဝေဖန်သုံးသပ်နိုင်ဖို့ လိုပါတယ်။ ဒီလိုမသုံးသပ်နိုင်ရင် ကိုယ့်စိတ်ထဲမှာ လှုပ်ခတ်မှုတွေများသွားနိုင်ပါတယ်။ မနောကံလှုပ်ခတ်မှုရဲ့နောက်မှာ ကာယကံ၊ ဝစီကံတွေထပ်ဆင့်လိုက်မယ်ဆိုရင်တော့ ကိုယ့်မှာလောင်တဲ့မီးကတစ်ဆင့် တခြားသူတွေကိုပါ ဂယက်ရိုက်ကုန်နိုင်ပါတယ်။

ကိုယ့်စိတ်ကလေးက ရေကြည်အိုင်တစ်ခုနဲ့ တူပါတယ်။ ဒီရေကြည်ကို နှောက်လိုက်လို့ အနည်မှုန်တွေထသွားရင်တော့ ဘယ်အရာကိုမှ ကြည်ကြည်လင်လင် ရှုမြင်နိုင်တော့မှာ မဟုတ်ပါဘူး။

ကိုယ့်စိတ်ကလေး အမြဲကြည်လင်သန့်ရှင်းနေဖို့ ကြိုးစားကြစေချင်ပါတယ်။

✤ *ကျောဖုံးမှ*

ရောင်းဝယ်ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ကျန်အဖွဲ့ဝင်များက သက်ဆိုင်ရာ နေရာဒေသများမှ လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လုပ်ငန်း (၃) ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် အခြားဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် အိမ်ရာ၊ အဆောက်အဦကဏ္ဍတို့မှ လုပ်ငန်းအသစ် (၅)ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၅၉၄ သန်းနှင့် ငွေကျပ် ၁၀၈၄၀ ဒသမ ၁၃၄ သန်းရှိပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၄၄ နေရာကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ (၁၂) ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၉၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၆ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

(ဂ) အထက်အပိုဒ်(ခ)ပါ အာမခံပစ္စည်းများမှအပ အခြားအာမခံပစ္စည်းရယူ၍ ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်းမပြုဘဲဖြစ်စေ၊ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို (၁၄.၅) ရာခိုင်နှုန်းဖြင့် ဆက်လက်ထားရှိမည်ဖြစ်သည်။

(ဃ) ဘဏ်များမှ ကောက်ခံနိုင်သည့် အများဆုံးအတိုးနှုန်းတွင် ကတိခံကြေး၊ စီမံခန့်ခွဲမှုစရိတ်စသည့် အခကြေးငွေများ ပါဝင်ပြီးဖြစ်သည်။

ဤညွှန်ကြားချက်ပါ လျှော့ချသည့်အတိုးနှုန်းများသည် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

❑ *ကျောဖုံးမှ*

အက်သလက်တီကို မက်ဒရစ်အသင်းသည် ဂါနာကစားသမားကို စာချုပ်သစ်တွင် လုပ်ခလစာ ပေါင် ၆၅၀၀၀ မှ ပေါင် ၁၃၀၀၀၀ အထိ ပေးချေပြီး အသင်းတွင် ဆက်လက်ထိန်းထားရန် ဆန္ဒရှိနေသည်။ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ပါတေး၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၂၃ ခုနှစ်ထိရှိနေသေးကြောင်း သိရသည်။

အာဆင်နယ်နည်းပြ အာတီတာသည် ဗဟိုခံစစ်ကစားသမား တစ်ဦး၊ ကွင်းလယ်ကစားသမား တစ်ဦးနှင့် တိုက်စစ် ကစားသမားတစ်ဦးခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် လိုက်ပ်ဇစ်အသင်းမှ အူပါမီကာနို၊ ရိမ်းစ်အသင်းမှ ဒီဆာဆီ၊ ဘီဘာအိုအသင်းမှ အူနိုင်း နျူနက်ဇ်တို့ကို ခေါ်ယူရန် ချိတ်ဆက်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် ဖလာမင်ဂိုအသင်းမှ အငှားလာရောက်ကစားလျက်ရှိသော ပါဘလိုမာရီကို အမြဲတမ်းခေါ်ယူစာချုပ်သွားဖွယ်လည်း ရှိနေသည်။

အာတီတာကို ပြီးခဲ့သည့် ဒီဇင်ဘာလတွင် နည်းပြအဖြစ် အာဆင်နယ်အသင်းက ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန် ကစားသမားများကို အငှားခေါ်ယူမှုသာ ပြုလုပ်ထားနိုင်သေးကြောင်း သိရသည်။ အာဆင်နယ်အသင်းမှ မူစတာဖီ၊ ရှာကာနှင့် တော်ရဲရား တို့သည် အသင်း၌ ဆက်လက်ရှိရန် မသေချာကြောင်း သတင်းများထွက်ပေါ်ထားပြီး အသင်းမှ အဓိကတိုက်စစ်ကစားသမားဖြစ်သူ အူဘာမီယန်နှင့် လာကာဇက်တို့သည်လည်း အသင်းပြောင်းရွှေ့ရန် သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်ထားသည်။

**အောင်ဇော်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၃၅၇ | ၁၄၉ |
| **ပြန်လည်သက်သာသူ** | **သေဆုံးသူ** |
| ၁၆ | ၅ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၂၉၃၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၁၆ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၆ | ၄ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၅ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၄၉ | ၅ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈-၄-၂၀၂၀ ရက် ည (၈) နာရီ

✤ *ကျောဖုံးမှ*

တစ်ကိုယ်ရေကာကွယ်မှု အသုံးအဆောင်များလှူဒါန်းခြင်းတို့ဖြင့် ဈေးသည်များ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"သူတို့အခြေအနေကို ကြည့်လိုက်တဲ့အခါမှာ နှာခေါင်းစည်းတို့၊ လက်သန့်ဆေးရည်တို့တောင် မဝယ်နိုင်ဘူး။ ဒါပေမယ့် သူတို့ အပြင်ထွက်နေရတယ်။ သူတို့ စီးပွားရေးရှိတယ်။ သူတို့ကိုမှီခိုနေတဲ့ မိသားစုတွေရှိတယ်။ ဒီလိုမျိုးအခြေအနေတွေမှာ သူတို့အသက်ကို သူတို့ရင်းပြီး ဘာမှအကာအကွယ်မပါဘဲ ရောင်းနေရတယ်။ ရောင်းနေပေမယ့် လမ်းပေါ်မှာ ဘယ်သူမှလည်း မရှိဘူး။ မြို့ထဲမှာဆို တော်တော်လေးခြောက်ကပ်သွားတာပေ့ါနော်။ အဲဒီလိုဖြစ်တဲ့ အခါကျတော့ သူတို့ တော်တော်လေးကျပ်တည်းလာတယ်။ အဲဒါကိုကြည့်ပြီး ထောက်ပံ့ဖို့ စဉ်းစားဖြစ်သွားတာပါ" ဟု ဈေးသည်များအတွက် ရန်ပုံငွေအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဂျူနီယာ ပရောဂျက်မန်နေဂျာ မခိုင်ယဉ်ထွန်းက ပြောသည်။

### ဧပြီလဆန်းပိုင်းတွင် စတင်

အဆိုပါအစီအစဉ်ကို ဧပြီလဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကာ ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းအနေဖြင့် Multi Verse Advertising နှင့် Wave Money တို့ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ကနဦးအစပိုင်းတွင် ဘိုကလေးဈေးအနီးတစ်ဝိုက်ရှိ ဈေးသည်များကို နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ စတင်ဝေငှခဲ့ပြီး ဧပြီ ၉ ရက်တွင် Wave Money မှတစ်ဆင့် ဗိုလ်တထောင်မြို့နယ်အတွင်းရှိ လမ်းဘေးဈေးသည် ၇၅ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် စတင်ထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဧပြီ ၂၄ ရက်တွင် လသာ၊ ကျောက်တံတား၊ ဗိုလ်တထောင်မြို့နယ်များမှ လမ်းဘေးဈေးသည် ၁၇၂ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီ ၎င်းတို့၏ ဖုန်းများသို့ လွှဲပြောင်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ထိုသို့ကူညီထောက်ပံ့မှုများကို သီတင်းပတ် သုံးပတ်ဆက်တိုက် လှူဒါန်းမည်ဖြစ်ပြီး လမ်းမတော်နှင့် စမ်းချောင်းမြို့နယ်များအတွင်း ထပ်မံတိုးချဲ့လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အလွယ်တကူဆက်သွယ်နိုင်ရန်

နောက်ပိုင်းတွင် လမ်းဘေးဈေးသည်များ ယင်းအစီအစဉ်တွင်ပါဝင်နိုင်ရန် I DO NATION လူမှုကွန်ရက်စာမျက်နှာ၌ ဆက်သွယ်ရမည့်သူ၏ ဖုန်းနံပါတ်နှင့် အမည်ကို ဖော်ပြပေးထားမည်ဖြစ်ပြီး ဈေးသည်များအနေဖြင့် အလွယ်တကူဆက်သွယ်နိုင်ရန် လုပ်ဆောင်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တွင် လမ်းဘေးဈေးသည် ခုနစ်သောင်းကျော်ရှိပြီး ၎င်းတို့ကို မှီခိုနေရသော မိသားစုဝင် သုံးသိန်းနီးပါးရှိကြောင်း ဒို့အိမ်၏ စစ်တမ်းများအရ သိရသည်။

အဆိုပါအစီအစဉ်တွင် ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့်လည်း Wave Money သို့ KBZ Pay တို့မှတစ်ဆင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ၂၈-၄-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၁၃၁၃၇ | ၁၃၉၄၂၂ | ၅၇၀၃၇ |
| ၂။ | စပိန် | ၂၃၂၁၂၈ | ၁၂၃၉၀၃ | ၂၃၈၂၂ |
| ၃။ | အီတလီ | ၁၉၉၄၁၄ | ၆၆၆၂၄ | ၂၆၉၇၇ |
| ၄။ | ပြင်သစ် | ၁၆၅၈၄၂ | ၄၅၅၁၃ | ၂၃၂၉၃ |
| ၅။ | ဂျာမနီ | ၁၅၉၀၃၈ | ၁၁၇၄၀၀ | ၆၁၆၁ |
| ၆။ | အင်္ဂလန် | ၁၅၇၁၄၉ | စိစစ်ဆဲ | ၂၁၀၉၂ |
| ၇။ | တူရကီ | ၁၁၂၂၆၁ | ၃၃၇၉၁ | ၂၉၀၀ |
| ၈။ | ရုရှား | ၉၃၅၅၈ | ၈၄၅၆ | ၈၆၇ |
| ၉။ | အီရန် | ၉၂၅၈၄ | ၇၂၄၃၉ | ၅၈၇၇ |
| ၁၀။ | တရုတ် | ၈၂၈၃၆ | ၇၇၅၅၅ | ၄၆၃၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈-၄-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုးကင်းစင်သူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၄၉၅၁ | ၁၀၉၅ | ၁၄ |
| အင်ဒိုနီးရှား | ၉၅၁၁ | ၁၂၅၄ | ၇၇၃ |
| ဖိလစ်ပိုင် | ၇၉၅၈ | ၉၇၅ | ၅၃၀ |
| မလေးရှား | ၅၈၅၁ | ၄၀၃၂ | ၁၀၀ |
| ထိုင်း | ၂၉၃၈ | ၂၆၅၂ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၅ | ၀ |
| မြန်မာ | ၁၄၉ | ၁၆ | ၅ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၇ | ၀ |

# COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်
စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ
သတင်းထုတ်ပြန်ချက် (၂/၂၀၂၀)
၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်

၁။ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၃/၂၀၂၀) ဆုံးဖြတ်ချက် အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများအနက် ပထမအသုတ်အဖြစ် လုပ်ငန်း (၈၈) ခုကို ချေးငွေထုတ်ယူခွင့်ပြုခဲ့ရာ အဆိုပါလုပ်ငန်းများအနက်မှ မြန်မာ့စီးပွားရေးဘဏ်၏ စိစစ်ချက်အရ ချေးငွေထုတ်ပေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပူးတွဲ (က) ပါ လုပ်ငန်း (၈၅) ခုကို ချေးငွေများ ထုတ်ပေးလျက်ရှိပါသည်။

၂။ ဆက်လက်၍ ဒုတိယအသုတ်အဖြစ် ပူးတွဲ (ခ) ပါ လုပ်ငန်း (၁၁၃) ခုအား COVID-19 Fund မှ ချေးငွေထုတ်ယူခွင့်ပြုလိုက်ပါသည်။

၃။ အဆိုပါ ချေးငွေထုတ်ယူခွင့် ရရှိသူများအား မြန်မာ့စီးပွားရေးဘဏ်မှ ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေများ ထုတ်ပေးလျက်ရှိပါကြောင်းနှင့် ကျန်ရှိသည့် လျှောက်လွှာများအား ချေးငွေများ ဆက်လက်ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပူးတွဲ(က)

## COVID-19 Fund သို့ ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများစာရင်း (ချေးငွေ ပမာဏ ကျပ် ၁၀၀,၀၀၀,၀၀၀ အထက်)

| စဉ် | ချေးငွေ မှတ်ပုံတင် အမှတ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|---|
| ၁ | A - 00003 | ရွှေရည်စံပယ်အဝတ် အထည် ထုတ်လုပ်ရေးကုမ္ပဏီ လီမိတက် | အမှတ်(၂၅)၊ ရွှေပြည်သာတံတားလမ်း၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ ရန်ကုန် |
| ၂ | A - 00004 | Best Industrial Co; Ltd | အမှတ်(၁၀၇) A/ ၄၂၊ ခရေလမ်း၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန် |
| ၃ | A - 00006 | New Green Land Garment Co., Ltd | အမှတ် ၄၄၊ ပျဉ်းမပင်စက်မှုဇုံ၊ အမှတ် (၃) လမ်းမ၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ် |
| ၄ | A - 00007 | Shwe Zin Aye Garment & General Trading Co-op Society Ltd | ၅၆ ၊ ဦးဖိုးလှိုင်လမ်း၊ ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ် |
| ၅ | A - 00010 | Golden KTK Co.,ltd | အမှတ် (၁၈၀/၁၈၁) ဝက်မစွပ် ဝန်ထောက်လမ်း၊ ၁၄၄ ရပ်ကွက်၊ တိုးချဲ့ စက်မှုဇုန်၊ တောင်ဒဂုံ |
| ၆ | O - 00036 | Earth Industrial (Myanmar) Co,.Ltd | မြေကွက်အမှတ်-၄၇၅/ခ၊ မြေတိုင်းရပ်ကွက် အမှတ် -၂၃၊ စက်မှုဇုန် ၁၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့ |
| ၇ | F - 00003 | TOP GROW Co., Ltd | အမှတ် (၁၇၂) ၊ ဆရာစံလမ်း၊ စက်မှုဇုံ (၂) လမ်း ၊ လှိုင်သာယာမြို့နယ် |
| ၈ | H - 00010 | International Best Manufacturing Co,.Ltd | No. (3/B, Paraukkha Lane, Aung Theddi Kyaung Street, (3) Quarter, Mayangone Township, Yangon |
| ၉ | F - 00020 | လမင်းစက္ကူစက် | (၆၇) ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း (ပန်းလှိုင်ဂေါက်ကွင်းလမ်း)၊ လှိုင်သာယာ စက်မှုဇုန် အပိုင်း(၁)၊ ရန်ကုန် |
| ၁၀ | F - 00022 | ကြယ်ပျံစက္ကူစက် | ၁၈၉(ဘီ-၆) ၊ ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာစက်မှုဇုန် အပိုင်း(၁)၊ ရန်ကုန် |
| ၁၁ | F - 00031 | Pinecrest Trading Co.,ltd | အမှတ် - ၂၉၄/၃၊ ၈လွှာ၊ အခန်း - B ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ် |
| ၁၂ | F - 00044 | Myanmar Infrasturcture Co.,Ltd | ၂၉၁၊ စက်မှု (၅) လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| ၁၃ | H - 00021 | Shwe Hinthar Yeik Mon Co.,Ltd | 77-D, Shinsawpu Street, Sanchaung Township, Yangon. |

## COVID-19 Fund သို့ ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများစာရင်း (ချေးငွေ ပမာဏ ကျပ် ၁၀၀,၀၀၀,၀၀၀ အောက်)

| စဉ် | ချေးငွေ မှတ်ပုံတင် အမှတ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|---|
| ၁ | D - 00001 | Eastern Princess Travels & Tours | အမှတ် ၂၁/၂၃၊ အခန်း (၃၀၃)၊ ဒုတိယထပ်၊ ၅၂ လမ်း (အောက်)၊ ဗိုလ်တထောင် |
| ၂ | F - 00006 | MAY MYAT SWE အိမ်တွင်းအထည်ချုပ်လုပ်ငန်း | အမှတ် (၁) ဆန်စက်လမ်း၊ ပဲခူးလမ်းရပ်ကွက် ၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ် |
| ၃ | H - 00003 | Fresh & Green Cold Storage | ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံ လမ်းထောင့်၊ မြေအသုံးချရေးဌာနခွဲဝင်း၊ အနောက်ကြို့ကုန်း၊ အင်းစိန် |
| ၄ | F - 00009 | ဆန္ဒမွန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် ဖြန့်ချီရေး | ၁၉/ က, ဦးချစ်မောင်လမ်း, (၁၆) ရပ်ကွက်, လှိုင်မြို့နယ်, ရန်ကုန် |
| ၅ | H - 00004 | ဆွေမျိုးမေ့ယိုစုံ လုပ်ငန်း | အမှတ် ၆၅၂/၆၅၃, မဟောဂနီလမ်း၊ အဆင့်မြင့် (၅) ရပ်ကွက်၊ လှိုင်သာယာ |
| ၆ | O - 00025 | Rich Life Company Limited | 1017/C, Pyay Road, Sawbuar Gyi Gone Quarter, Insein Township, Yangon |
| ၇ | C - 00005 | Ngapali Bay Villas & Spa Company Limited | အမှတ် (၃၈၈/၃၉၈)၊ ကမ်းနားလမ်းနှင့် ဆင်မင်းလမ်းထောင့်၊ (၄) လွှာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၈ | F-00001 | MYANMAR'S HEART SOUVENIRMH Shoes | အမှတ် (၁၀၉) ၊ ကျောက်မြောင်း လမ်း၊ ကျားကွက်သစ်ရပ်ကွက် ၊ တာမွေမြို့နယ် |
| ၉ | D - 00022 | The Precious Myanmar Travels & Tours Co; Ltd | အမှတ်(၇၅၁)၊ နိုင်ရွှေဝါလမ်း၊ ၇ East Block၊ သာကေတနယ်၊ ရန်ကုန် |
| ၁၀ | F - 00013 | မန္တလေးသီတာအေးပရိဘောဂလုပ်ငန်း | အမှတ် (၇၉)၊ သမိန်ပရမ်းလမ်း၊ တာမွေပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၁ | C - 00002 | ရွှေအင်းသား ကုမ္ပဏီလီမိတက် | အမှတ် - ၁၂/အေ - ၆၊ ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် |
| ၁၂ | C - 00004 | Grand Hotel | ချောင်းသာကမ်းခြေ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း |
| ၁၃ | C - 00006 | နိုင်ချောင်းသာဟိုတယ် | မြေကွက်အမှတ်(ဈ/၅)၊ ချောင်းသာ ကမ်းခြေ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း |
| ၁၄ | D - 00003 | Marvellous Amazing Journey Co.,Ltd | အမှတ်(၂၈)၊ ၅ လွှာ၊ ပဒေသာလမ်း၊ အလုံမြို့နယ်၊ရန်ကုန်။ |
| ၁၅ | D - 00006 | Grand Lotus Travels & Tours Co.,ltd | အမှတ် - ၈၇၊ ၆လွှာ၊ ဦးကွန်းဇော်ရိပ်မွန်၊ ဦးကွန်းဇော်လမ်း၊ ၁၀ ရပ်ကွက်၊ လှိုင်မြို့နယ် |
| ၁၆ | D - 00008 | Shan Yoma Travel & Tours Co.,Ltd | အမှတ် (၁၂၄/၁၂၆) ၊ လမ်း (၅၀)၊ အလယ်ဘလောက်၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ၁၇ | D - 00011 | Marvellous Memory Company Limitedj (Travel and Tours) | အမှတ် (၃၃၅)၊ သိင်္ဂီ (၃) လမ်း၊ (၂၄) ရပ်ကွက်၊ တောင်ဒဂုံမြို့သစ်၊ ရန်ကုန်။ |
| ၁၈ | D - 00012 | Than Htay and Friends Travel & Tours Co.,Ltd | အမှတ် (၄၁၆)၊ ပထမထပ်၊ ရွှေဘုံသာလမ်း၊ အထက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၉ | D - 00024 | Asia Precious Juction | အမှတ်(၁)၊ အသောကလမ်း၊ ပြည်ထောင်စုရိပ်သာမွန်၊ သယ်န်းကျွန်း |
| ၂၀ | D - 00030 | Mandalar Charm Travels & Tours | အမှတ် - ၁၈ ၊ မင်းကြီးလမ်းနှင့် စံပါယ်ရုံလမ်းဒေါင့်၊ ရွာမအရှေ့ ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၂၁ | D - 00042 | One Stop Co,.Ltd | အမှတ်-၁၆၀၊ စီ-၃၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၂ | D - 00051 | သုံးရာသီဘုရားဖူးလုပ်ငန်း | အမှတ်-၁၅၇၀၊ ထူပါရုံအရှေ့ (၁၈)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၃ | E - 00001 | King Restaurant | အမှတ် - ၁၁၀၊ ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် |
| ၂၄ | F - 00002 | "ဘိုလေး"အထည်ချုပ်လုပ် ငန်း | အမှတ် (၁၇) ဧရာဝတီလမ်းသွယ် (၃) လမ်း ၊ (၆၆) ရပ်ကွက် ၊ အင်းဝအိမ်ရာ၊ တောင်ဒဂုံမြို့နယ် |
| ၂၅ | F - 00007 | သဇင်ဝင်းအထည်ချုပ်လုပ်ငန်း | အမှတ် (၆၉) ၊ ကံ့ကော်မြိုင် ၂ လမ်း၊ ၃၃ ရပ်ကွက် ၊ မြောက်ဒဂုံ မြို့နယ် |
| ၂၆ | F - 00008 | ရွှေကမ္ဘာ (S.K.B) ဖိနပ် | အမှတ် (၄၄၉), တကောင်း (၉) လမ်း (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် |
| ၂၇ | F - 00021 | Moe Plastic | အမှတ်(၃၇၈)၊ ရွှေနံ့သာ(၁၀) လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် |
| ၂၈ | F - 00024 | ရွှေသစ် သစ်စက်နှင့်သစ်ရောင်း ဝယ်ရေး | အမှတ်-၆၂၊ ဂန္ဓဝင်လမ်း၊ စက်မှုဇုန် (၅)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၉ | F - 00029 | ရွှေသစ်အထည်ချုပ်လုပ်ငန်း | အမှတ် (၉၉၀)/က၊ သခင်ခင်ဇော် (၁) လမ်း၊ (၁) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်။ |
| ၃၀ | H - 00005 | Kreate Holding Limited | အမှတ် (၂) က၊ Royal Malikha Condo၊ မြေညီထပ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

| စဉ် | ချေးငွေ မှတ်ပုံတင် အမှတ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|---|
| ၃၁ | H – 00006 | Hawaii Myanmar Co; Ltd | အမှတ်(၈)၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ၊ ရန်ကုန် |
| ၃၂ | H – 00008 | တမ်းတ ယိုစုံ | အမှတ် – ၄၁၂၊ တံတားဖြူလမ်း၊ ၂၆ ရပ်ကွက်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့ |
| ၃၃ | H – 00009 | လုပ်သားမုန့်ဟင်းခါးလုပ်ငန်း | ၁၆၊ ပွဲစားတန်းလမ်း၊ နတ်ချောင်း၊ တာမွေ၊ ရန်ကုန်မြို့ |
| ၃၄ | H – 00011 | ရွှင်လန်းဆန်းသောက်ရေ သန့်စက်ရုံ | အမှတ် – ၁၉၄/ A၊ ပုလဲ (၂) ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် |
| ၃၅ | O – 00007 | Power Line Electric Co.,ltd | အမှတ် – ၃၉၃၊ မြေညီထပ်၊ မိဂသီလမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် |
| ၃၆ | O – 00017 | UP Group Air–Con Service | အမှတ် (၂၃၅)၊ ကညင်ပင် (၁) လမ်း၊ ဘုရားကုန်း၊ သန်လျင်မြို့၊ ရန်ကုန်။ |
| ၃၇ | O – 00023 | Bright One Co.,ltd | ဘီ – ၂၃/၈၊ စစ်ကိုင်းလမ်း၊ နဝဒေးဥယျာဉ်အိမ်ယာ၊ လှိုင်သာယာမြို့နယ် |
| ၃၈ | C – 00007 | အေကေဝိုင်တီကုမ္ပဏီ လီမိတက် ဟိုတယ်ကန်ရိပ်သာ | အမှတ် (၄) က၊ ကန်ရိပ်သာလမ်း၊ ၁၀ ရက်ကွက်၊ မရမ်းကုန်းမြို့နယ် |
| ၃၉ | C – 00019 | Hotel Sincere Smile (Bagan) | ခန်းလောင်းရပ်၊ နေဒ်ရထာ ရပ်ကွက်၊ ပုဂံမြို့သစ်၊ မန္တလေးတိုင်း |
| ၄၀ | C – 00028 | Golden Rock Hotel Co.,ltd | အမှတ်(၇၂) အခန်း ၂၀၃၊ ပင်လုံထိပ်ထားအိမ်ယာ၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ် |
| ၄၁ | C – 00029 | Hotel M Management Co.,ltd | No.29, Kanbawza Avenue Street, Bahan Tsp |
| ၄၂ | C – 00033 | Diamond Popa Motel | ဦးပိုင်အမှတ် (၃၉/၃)၊ မြေကွက်အမှတ် (၆၀/၃၈၆)၊မြောက် ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ညောင်ဦး ခရိုင်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၃ | C – 00011 | Royal Pine Land Motel | မြို့မရပ်၊ လမ်းမတော် လမ်း၊ လက်ပံတန်းမြို့ |
| ၄၄ | A – 00002 | Quality Apparel Co,.Ltd | အမှတ်– (၁၁၂ –က)၊အမရာလမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာ ပမြို့နယ်၊ ရန်ကုန်မြို့ |
| ၄၅ | D – 00005 | Myanmar Ever Bright Star Co., Ltd | အမှတ် (၁၇/၁၉) ၊ အခန်းအမှတ် (၅၀၂)၊ ၄ လွှာ၊ ၅၂ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ် |
| ၄၆ | D – 00009 | အရိန္ဒမာခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက် | အမှတ် – ၅၃၊ တတိယထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ် |
| ၄၇ | D – 00018 | Apex International Co., Ltd | အမှတ် ၁၇၀/၁၇၆, MGW Tower, # ၀၂–၂၀၁၊ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင် |
| ၄၈ | D – 00019 | Sweet Memory Travel Co,.Ltd | အမှတ် (၈၃)၊ ပထမထပ်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၄၉ | D – 00020 | Marco Polo Green Business Co., Ltd | အမှတ် (၈၇), စံရိပ်ငြိမ်၊ အင်းစိန်လမ်းမ၊ ကမာရွတ်မြို့ |
| ၅၀ | D – 00023 | SM Tours & Transport Co; Ltd | အမှတ်(၇၅)၊ ပထမထပ်၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် |
| ၅၁ | D – 00035 | Mega Two Star Co.,ltd | တိုက် (၈)၊ အခန်း – (၄၀၆)၊ ဟံသာဝတီအိမ်ယာ၊ ဟံသာဝတီလမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့ |
| ၅၂ | D – 00038 | Woben Services Co,.Ltd | Thudama Main Road, No. 113, Sa Quarter, North Okkalapa, Yangon |
| ၅၃ | D – 00044 | ရွှေအိမ်ရှင်ခရီးသွားလာရေးကုမ္ပဏီလီမိတက် | အမှတ်–၇၇(E) ရှင်စောပုလမ်း၊ အခန်းနံပါတ်–(၂/၃)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၅၄ | D – 00054 | Powerfuk Co.,ltd | အမှတ် ၉၉၈၊ သခင်ဖစိန်လမ်း၊ ၂၉ ရပ်ကွက် မြောက်ဒဂုံမြို့နယ် |
| ၅၅ | D – 00060 | Great Golden Empire Co.,ltd | အမှတ် ၁၆၊ သစ္စာလမ်းသွယ် (၃) သစ္စာဥယျာဉ်အိမ်ယာ၊ ၈ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် |
| ၅၆ | F – 00011 | မြန်မာ့ရွှေပြည်သက်န်းတိုက် | ၁၅၂၊ ၄၅လမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်၊ ရန်ကုန် |
| ၅၇ | F – 00023 | Myanmar Technologies Industry Co., Ltd | အမှတ်(၅၀)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ ဒဂုံစက်မှုဇုန်အပိုင်း(၂)၊ ရန်ကုန် |
| ၅၈ | F – 00030 | မထွေးထွေးအထည်ချုပ် လုပ်ငန်း | အမှတ် (၂၉၂)၊ ဗိုလ်မှူးဗထူးလမ်း၊ (၅) ရပ်ကွက်၊ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်။ |
| ၅၉ | F – 00032 | ဒေါ်ခိုင်မာဦး ဖိနပ်လုပ်ငန်း | အမှတ် ၄၁၁/၁၊ အင်းဝ (၇) လမ်း၊ (၆) ရပ်ကွက်၊ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်။ |
| ၆၀ | F – 00033 | A 1 Plus International Co.,ltd | အမှတ် (၃၈) အေ၊ ငုက်ပျောတောလမ်း၊ စမ်းချောင်းမြို့နယ် |
| ၆၁ | F – 00035 | Diamond Class Co.,ltd (ကွန်ပျူတာ ပန်းထိုးလုပ်ငန်း) | အမှတ် – ၁၀၀/၁၀၁၊ စက်မှုဇုံ (၃)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာစက်မှုဇုံ၊ တောင်ဥက္ကလာပမြို့နယ် |
| ၆၂ | F – 00037 | Diamond Crown အထည်ချုပ်လုပ်ငန်း | စက်ရုံ I – အမှတ် ၅၈၀၊ ဒုဋ္ဌဝတီလမ်း၊ ၁၁ ရပ်ကွက်၊ အရှေ့ဒဂုံ၊ စက်ရုံ II – အမှတ် ၇၂၀၊ မေခလမ်း၊ ၂၁ရပ်ကွက်၊ တောင်ဒဂုံ |
| ၆၃ | F – 00039 | မိုးကျော်သူ (MKT အထည်ချုပ်) လုပ်ငန်း | အမှတ် – ၃၇၂၊ နွယ်နီ (၉)လမ်း၊ င ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် |
| ၆၄ | F – 00048 | လင်းရာမ ကုမ္ပဏီလီမိတက် | အမှတ် (၂၅၁–က/F) ကင်းတားလမ်း၊ ၆၄ ရပ်ကွက် ၊ တောင်ဒဂုံစက်မှုဇုန် (၃) တိုးချဲ့၊ ရန်ကုန် |
| ၆၅ | F – 00049 | အောင်ကောင်းပိုင်အထည်ချုပ်လုပ်ငန်း | အမှတ် ၆၈၇ ၊ ရွှေလီ ၃ လမ်း၊ ၈ ရပ်ကွက် ၊ ဒဂုံမြို့သစ်ဆိပ်ကမ်း |
| ၆၆ | H – 00024 | ကိုရှမ်း ဆန်စက် | အမှတ် ၄၉၂ ၊ ဥယျာဉ်တော် ၊ အုတ်တွင်းမြို့ |
| ၆၇ | A – 00009 | သီရိစန္ဒာအထည်ချုပ်လုပ်ငန်း နှင့်အထွေထွေ ရောင်းဝယ်ရေး သ/မ အသင်းလီမိတက် | အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာသစ်အနောက်၊ အောင်ဆန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| ၆၈ | C – 00012 | Royal Pine Hill Hotel & Resort | ရန်ကုန်–ပြည်လမ်းမ၊ ကျွန်းကလေး၊ လက်ပံတန်းမြို့ |
| ၆၉ | C – 00016 | Bay Of Bengal Golf Resort Hotel Co; Ltd | ငွေဆောင်ကမ်းခြေ၊ အမှတ်(၁)၊ ဇီးမှော် ကျေးရွာ၊ ပုသိမ် မြို့နယ်၊ဧရာဝတီတိုင်း |
| ၇၀ | C – 00001 | Yangon Syndicate Ltd | ၂၉၄/၃၀၀၊ပန်းဆိုးတန်း လမ်း၊ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ၇၁ | D – 00025 | Authentic Myanmar Travels and ToursCo., Ltd | ၄၆–B, ကျိုက်တော်အိမ်ရာ ဝင်း၊ မဟာဗေယျာလမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| ၇၂ | H – 00007 | ဖြိုးခနေ(ဆီသန့်အကြော်စုံ) လုပ်ငန်း | အမှတ် င/၁၂–၆၊ သာခုလမ်း၊ ၃–ရပ်ကွက်၊ ရွှေပြည်သာ မြို့နယ်၊ ရန်ကုန် |

ပူးတွဲ(ခ)

**COVID–19 Fund သို့ ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများစာရင်း**
**(ချေးငွေ ပမာဏ ကျပ် ၁၀၀,၀၀၀,၀၀၀ အထက်)**

| စဉ် | ချေးငွေ မှတ်ပုံတင် အမှတ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|---|
| ၁ | O-00071 | Perfect Pwint Oo Co,.Ltd | အမှတ်–၅၅၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| ၂ | O-00080 | ဆန်းသစ်ဦးအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိ တက် | လှိုင်တက္ကသိုလ်ဝန်း၊ MICT Park ၊ အဆောင် ၅၊ အခန်း (၆)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| ၃ | F-00051 | ရာဘာဖော့ဆိုးလ်ပြားနှင့်ဖိနပ်လုပ်ငန်း | အမှတ် (၁၁၆–A)၊ အုတ်ကျင်းဘုတာရုံလမ်း၊ ၁၄ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| ၄ | F-00004 | TK – Interiors Co.,ltd | အမှတ် – ၃၊ အင်ကြင်းလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် |
| ၅ | F-00046 | Royal King Land Manufacturing & Distribution Co.,Ltd | No.3 Street, NO.529, Khone Ta La Baung Village North State, Near Toll Gate, Mingalardon Township, Yangon. |
| ၆ | C-00066 | အင်းလေးမင်းသမီး လီမိတက် | No.(8/44),Yone Gyi Road,Nan–Da–Won Quarter,Nyaung Shwe T/S,Southern Shan State, Myanmar. |
| ၇ | C-00048 | Palm Tree Co., Ltd | No.262,264, Pyay Road, Dagon Center #A03,01,02,03, Myaynigone North Quarter, Yangon |

**COVID–19 Fund သို့ ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများစာရင်း**
**(ချေးငွေ ပမာဏ ကျပ် ၁၀၀,၀၀၀,၀၀၀ အောက်)**

| စဉ် | ချေးငွေ မှတ်ပုံတင် အမှတ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|---|
| ၁ | D-00047 | Winner Ocean Travel & Tour | 923, Royal Thukha Condo, Hlaing |
| ၂ | A-00011 | Myanmar Mercury Garment MFG Co.,Ltd | No.198/13၊ ဦးဖိုးလှိုင်လမ်း၊ ဒဂုံဆိပ်ကမ်း၊ စက်မှုဇုံ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။ |
| ၃ | A-00013 | 1–2–1 Public Co.,Ltd | No. 10+11 (A),Gandamar Street, Mingalar Taung Nyunt Township,Yangon. |
| ၄ | O-00090 | Thousand Win Co.,ltd | No.6. B Ground Floor Settwin St, Sin min Quarter Ahlone Town |
| ၅ | O-00097 | မြို့မ တည်းခိုရိပ်သာ | အမှတ် ၁၈၃, ပထမထပ် မဟာဗန္ဓုလ ပန်းခြံလမ်း ကျောက်တံတား မြို့နယ် |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

COVID-19 Fund သို့ ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများစာရင်း
(ချေးငွေ ပမာဏ ကျပ် ၁၀၀,၀၀၀,၀၀၀ အောက်)

| စဉ် | ချေးငွေ မှတ်ပုံတင် အမှတ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|---|
| ၆ | O-00060 | King Power, Idol | အမှတ် (၆၇)၊ ၁၂၃ လမ်း၊<br>သပြေကုန်းရပ်ကွက်၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် |
| ၇ | O-00091 | ကြယ်နီ ထမင်းဆိုင် | အမှတ် – ၄၅၊ အရှေ့ ဗဟိုရ်လမ်း၊<br>ဆရာစံမြောက် အ ရှေ့ရပ်ကွက်၊<br>ဗဟန်းမြို့နယ် |
| ၈ | O-00087 | ACR Thu Kha Chan Thar Co., Ltd | အမှတ် ၅၁ ၊ အင်းစိန်လမ်း၊ ၉ ရပ်ကွက်၊<br>လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၉ | O-00085 | Excellent Wedding Studio & Art Academy | အမှတ် – ၆၆/၆၈၊ အင်းစိန်လမ်းမ၊ ၂<br>ရပ်ကွက်၊ ကမာရွတ်မြို့နယ် |
| ၁၀ | O-00046 | Kathit Fashion | အမှတ် (၃၄၄/ ဘီ)၊ ဗိုလ်မှူးဗထူးလမ်းနှင့်<br>မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန် |
| ၁၁ | O-00094 | ဇော်မိတ္တူကွန်ပျူတာလုပ်ငန်း | အမှတ် (၁၄၂) ၊ အနော်ရထာလမ်း၊ (၇)<br>ရပ်ကွက် ၊ လမ်းမတော်မြို့နယ် |
| ၁၂ | O-00095 | Bagan Gift Centre | အမှတ် – ၁၀၁၊ တက္ကသိုလ် ရိပ်သာလမ်းနှင့်<br>သံလွင် လမ်းထောင့်၊ ဗဟန်းမြို့နယ် |
| ၁၃ | O-00069 | ဆန်ရောင်းဆိုင်လုပ်ငန်း | အမှတ်-၉၈၇၊၁၃၄ရပ်ကွက်၊ မြေသားလမ်း၊<br>ဒဂုံအရှေ့မြို့နယ် |
| ၁၄ | O-00065 | Liper Myanmar Lighting Co,.Ltd | No. AU-17, Baukhtaw Station Street,<br>Yankin |
| ၁၅ | O-00027 | Pyae Thitsar Aung Company Limited | No. 657, (34) Ward, Yamanay Street,<br>North Dagon Township, Yangon |
| ၁၆ | O-00121 | Golden Bright Star | No. (168), ၃၄ လမ်း၊ ၈၂ x ၈၃ ကြား၊<br>ချမ်းအေးသာစံ၊<br>မန္တလေးတိုင်းဒေသကြီး။<br>No. 47, ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်။ |
| ၁၇ | O-00040 | Ko Moe & Sons Auto Service Center | အမှတ်– ၁၅၄/၁၊ သန္တာလမ်း၊ သုဝဏ္ဏ ၂၄<br>ရပ်ကွက်၊<br>သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၈ | O-00042 | ACME (Mahaw Thadar) Print & Pack | အမှတ် (၆၁၇/၆၁၈ )၊ ကော့ကရိတ်လမ်း၊<br>(၉၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန် |
| ၁၉ | O-00029 | သုခရိပ်စားဖွယ်စုံ | အမှတ် (၆၂) ၊ ဗိုလ်သူရလမ်း၊<br>ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင် |
| ၂၀ | O-00044 | ဇေကရီချည်ထည်ဆိုင် | အမှတ် (၂၅၀/ ဘီ)၊ ကျိုက္ကဆံလမ်း၊<br>ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊<br>ရန်ကုန် |
| ၂၁ | O-00006 | Khin KantKaw Logistic Services Co.,ltd | တိုက် – ၄၊ အခန်း (၃)၊ မြကန်သာအိမ်ယာ၊<br>ကမာရွတ်မြို့နယ် |
| ၂၂ | O-00035 | ရွှေပြည့်စုံ ကုန်မျိုးစုံ | အမှတ် (၁၄၁၆) စပ်စံထွန်းလမ်း၊ ၄ ရပ်ကွက်၊<br>ဒဂုံအရှေ့ပိုင်း၊ ရန်ကုန်မြို့ |
| ၂၃ | O-00001 | အခွင့်အလမ်းဂျာနယ် | အမှတ်(၂၁/၂၃) ဒုတိယထပ် ၅၂ လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ၂၄ | O-00101 | ကောင်းမြတ်ကျော် အင်ဂျင်နှင့်<br>အပိုပစ္စည်းရောင်းဝယ်ရေး | အမှတ် (၂၂) ၊ မြဝတီလမ်း၊ ၁ ရပ်ကွက်၊<br>မရမ်းကုန်းမြို့နယ် |
| ၂၅ | O-00041 | Mya Yaung Chal Group Co.,ltd | အမှတ် (၁၆၅)၊ ဒုတိယထပ်၊<br>မန္တလေးလမ်း၊၃၀ရပ်ကွက်၊<br>မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၆ | O-00038 | ဇေယျာနန်းကုမ္ပဏီလီမိတက် | တိုက်(၄)၊ အခန်း (၁၀)၊<br>ဦးဝိစာရအိမ်ရာ၊ဒဂုံမြို့နယ်၊ ရန်ကုန် |
| ၂၇ | O-00115 | Citicom Co.,Ltd | အမှတ် (၁၀၁-၁၀၃)၊ ဆိပ်ကမ်းသာလမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| ၂၈ | O-00117 | Myanmar Active M & E Engineering Co.,Ltd | အမှတ် (၉၀)၊ စည်ပင်လမ်း၊ (၂၄) ရပ်ကွက်၊<br>ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။ |
| ၂၉ | O-00018 | Affinity Allience International Co.,Ltd | အမှတ် (၃၁၂-၃၁၈)၊ အနော်ရထာလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| ၃၀ | O-00066 | MFPG Co; Ltd | တိုက် (၈)၊ မြေညီထပ်၊ မြောင်းကြီးလမ်း၊<br>ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် |
| ၃၁ | C-00057 | Royal Pavillion Hotel | ၃/ခ ၊ တော်ဝင်လမ်း၊ ၄ ရပ်ကွက် ၊ ၉ မိုင်၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၃၂ | C-00042 | Hotel Shwe Ni | ၃၇၀ ၊ မဟာသုခိတာလမ်း၊<br>အရှေ့ကြို့ကုန်းရပ်ကွက် ၊ အင်းစိန်မြို့နယ် |
| ၃၃ | F-00050 | Champion Construction Materials Co.,Ltd | အမှတ် ၂ ၊ မိုးကောင်းလမ်း၊ စကားဝါအိမ်ရာ ၊<br>ရန်ကင်းမြို့နယ် |
| ၃၄ | F-00010 | Presss Aluminium Technology Manufacturing Co; Ltd | တိုက် (B), အခန်း (၂၀၄)၊ ၂လွှာ၊ မင်းဓမ္မလမ်း၊<br>မင်းဓမ္မကွန်ဒို၊ မရမ်းကုန်း၊ ရန်ကုန် |
| ၃၅ | F-00040 | Men Collections | အမှတ် – ၁၆၀ (အေ)၊ မြေညီထပ်၊<br>ကျိုက္ကစံလမ်း မကြီး၊ ပျားရည်ကုန်း ရပ်ကွက် |
| ၃၆ | F-00043 | Big Boss Woman | အမှတ် (၁) ၊ တိုးချဲ့ (၃) နွယ်ချေ၊<br>ထောက်ကြန့်၊ မြသခင်ခြံ၊ ရန်ကုန်။ |
| ၃၇ | F-00016 | ကလျာအထည်ပန်းထိုးလုပ်ငန်း | အမှတ် (၈)၊ ကနောင် မင်းသားကြီးလမ်း၊<br>ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပ |
| ၃၈ | F-00053 | AK အထည်ချုပ်လုပ်ငန်း | အမှတ် (၂၂)၊ သဇင်လမ်း၊ (၁၁၀) ရပ်ကွက်၊<br>ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်။ |
| ၃၉ | F-00036 | ဝင်းမြင့်အဆင့်မြင့်ချုပ်ထည်လုပ်ငန်း(အကော်<br>ဒီယံစက်ချုပ်) | ဈ/၃၇ ၊ မင်းရန်အောင် ၁ လမ်း၊ မြောက်ဥက္က<br>လာပမြို့နယ် |
| ၄၀ | F-00059 | သွန်းသွန်းအထည်ချုပ် | အမှတ် (၁၅) (အီး)၊ (၂၇) ရပ်ကွက်၊<br>ရွှေပင်လုံအပိုင်း (၄)၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊<br>ရန်ကုန်။ |
| ၄၁ | H-00012 | ကောင်းသာစားသောက်ဆိုင် | အမှတ် – ၂၀၆၊ ဗဟိုလမ်း၊ ကျွန်းတောမြောက်<br>ရပ်ကွက်၊ စမ်းချောင်း |
| ၄၂ | H-00017 | မြင့်မိုရ်ကုလားပဲနှင့်အမှုန့်ကြိတ်ခွဲရောင်းဝယ်<br>ရေးလုပ်ငန်း | အမှတ် ၇၁ (ဃ) ၊ ဝါဦး (၅) လမ်း၊ ဖော့ကန်၊<br>အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄၃ | H-00002 | Right Field (Myanmar) Group of Companies Limited | ၆၉၀ (A)၊ မြေညီထပ်၊ ကျော်သူလမ်း၊<br>(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်။ |
| ၄၄ | B-00001 | Lucky Concrete Precast Product Manufacturing Co.,ltd | No(217/222),U Tun Nyo<br>Street,Industrial Zone(1),Dagon Seikan<br>T/S. |
| ၄၅ | C-00035 | Pristine Hotel Group Co.,ltd<br>Pristine Mermaid Resort (Ngapali) | ဦးပိုင်အမှတ် (၁+၂+၃က+၃ခ)၊ ကွင်းအမှတ်<br>၂၀၇၊ မြပြင်ကွင်း၊ မြပြင်ရပ်ကွက်၊ ငပလီမြို့၊<br>သံတွဲခရိုင်၊ ရခိုင်ပြည်နယ် |
| ၄၆ | C-00037 | Youth Force Hotel Co.,ltd | No.36,Than Tan Man Street ,Pyi<br>Road,West Quarter,Dagon T/S,Yangon |
| ၄၇ | C-00043 | SUMO Hotel I and II | No(52),Thudhamar Road,North<br>Okkalarpa T/s |
| ၄၈ | C-00046 | နှင်းဆီခိုင်ဟိုတယ် | အမှတ် – ၅၈၊ ခဲလယ်လမ်း၊ (၇) ကွက်၊<br>ရပ်ကွက်ကြီး (၄)၊ ပြင်ဦးလွင်၊<br>မန္တလေးတိုင်းဒေသကြီး |
| ၄၉ | C-00055 | မေမြို့အိမ် Restaurant & Hostel | No(173,)Nandawun Ya-ka-<br>ka(9),PyinOoLwin. |
| ၅၀ | C-00063 | LILY THE HOME HOTEL | No(108),Aung Thapyay Street,Thipaw<br>,North Shan State |
| ၅၁ | C-00068 | ဝန်ဇင်းဟိုတယ် | N0(13),Nan-Taw-Khone<br>Quarter,MeikHtila Division,Mandalay |
| ၅၂ | C-00069 | Pine Hill Resort Kalaw | No(151),Oo Min Road,Kalaw,Southern<br>Shan State,Myanmar |
| ၅၃ | D-00036 | Eastern Shining Star Travel & Tours Co,.Ltd | ခ-၃၃၁၊ ဗိုလ်အောင်ကျော်လမ်း (အထက်)<br>ကျောက်တံတား၊<br>ရန်ကုန်မြို့ |
| ၅၄ | D-00063 | GEM Travel & Tours Co.,ltd | No(16),Ground Floor,Pyinma Street,Say-<br>Yo-Tan Say-Nyein Quarter,Kyimyindine<br>Tsp,Yangon |
| ၅၅ | D-00068 | Mr. Chef Café & Restaurant | No.78/82,Room(4.2),Botahtaung zay<br>Road,Botahtaung T/S.Yangon |
| ၅၆ | D-00090 | Myanmar Polestar Travels and Tours Company Limted | အမှတ် – ၈၂ က ၊ အခန်း (၅၀၂)၊ 5th Floor,<br>ဆရာစံလမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် |
| ၅၇ | D-00100 | Beautiful Memories Travels and Tours | No(10),132 Street,Thawme T/S,Yangon |
| ၅၈ | D-00101 | Royal Holiday Travels & Tours | Bldg(160/108),Room<br>2B,91street,Myanamr Gonyee Road<br>,Mingalartaungnyunt T/S,Yangon |
| ၅၉ | D-00104 | မိုး ခရီးသွားလုပ်ငန်းကုမ္ပဏီ | အမှတ် ၆၉၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊<br>ရန်ကုန်။ |
| ၆၀ | D-00106 | နေကြယ်မင်းပြည်တွင်းဘုရားဖူးနှင့်ခရီးသွား<br>ဝန်ဆောင်မှု | 20(4),Dagon Road,Aung Mingalar<br>Hiway,Mingalardon |
| ၆၁ | D-00108 | ရွှေကြေးစည် ဘုရားဖူးနှင့်ခရီးသွား<br>လုပ်ငန်း | No.6,Minnandar Road,Dawpon<br>T/S,Yangon |
| ၆၂ | D-00115 | Royal Active Company Limited | No-232/B,Thaw KaSt,Shwe Nant Tha<br>Village Tract, Min<br>Mingalardon T/S, Yangon. |
| ၆၃ | D-00118 | Universal Sky Top | N0.132,2th Floor(A),Khine Shwe War<br>Road(Baho Road),Kamaryut<br>T/S,Yangon,Myanmar. |
| ၆၄ | D-00121 | Santa Maria Travel & Tours Co; Ltd | No(90),Kan Road,10 quarter,Hlaing<br>T/S,Yangon |
| ၆၅ | D-00122 | Yangon Plus Co,.Ltd | No(20/D),B(402),Baho Road,Sanshaung<br>T/S,Yangon |
| ၆၆ | D-00128 | EPG Travels & Tours Co,.Ltd | No(5),Room(601),Grand Nawaday<br>Condo,Nawaday Street,Dagon |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

| စဉ် | ချေးငွေ မှတ်ပုံတင် အမှတ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|---|
| ၆၇ | D-00088 | Western Holiday Travel and Tour Co.,ltd | No 145,7 , Bogyoke Aung San Road, Botahtaung TSH, Yangon |
| ၆၈ | D-00111 | Gandawun Shwe Bagan | N0.67,Baho Road,Sanchaung T/S,Yangon,Myanmar |
| ၆၉ | D-00114 | Min Mahar Lawka | N0,9/5th Floor,U Gwel street,Sanchaung T/S,Yangon,Myanmar. |
| ၇၀ | D-00125 | Landmark Myanmar Travels & Tours Company Ltd | No(17)Condo,3 floor,South Wailuwun,Baho Road,Sanschung Tsp,Yangon |
| ၇၁ | E-00006 | သံလွင် (ကဖီး) စားသောက်ဖွယ်လုပ်ငန်း | ၁၂၀၆ (က) ၊ လှော်ကားလမ်း၊ ၇၀ ရပ်ကွက် ၊ တ/ဒဂုံမြို့နယ် |
| ၇၂ | F-00041 | "ကြံ" သံသပိတ်အချော ထည်လုပ်ငန်း | No(596/B),8 Street,Easten Gyogone,Insein,Yangon |
| ၇၃ | F-00052 | "စန်းစတား"အထည်ချုပ်လုပ်ငန်း | No(17),Akayit Street,110 Quartar,East Dagon T/S,Yangon |
| ၇၄ | F-00054 | Billion Smile Garment | No(773),First floor,Mingalar Market,Yangon |
| ၇၅ | F-00055 | The Utility Plastic Industry Company Ltd | No(81),Padonmar Street,North Okkalar,Okkalarpa Industrial Zone |
| ၇၆ | F-00062 | ဦးအောင်အောင် အထည်ချုပ်လုပ်ငန်း | No,9/1st Floor (54)street,Pazundaung T/S,Yangon |
| ၇၇ | F-00065 | စန္ဒာမြင့် ရွှေပန်းတိမ်စက်ဖြတ် နှင့်ရွှေထည်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း | အမှတ်-၁၄၁၃/ အေ၊ ဆေးရုံလမ်း၊ ၁/ ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန် |
| ၇၈ | G-00001 | မြန်မာ့သုခမ ကုမ္ပဏီလီမိတက် | အမှတ် (၂) ဇေယျာသီရိလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် |
| ၇၉ | G-00002 | Myanma Power Spectrum Co,.Ltd မြန်မာ့စွမ်းအားရောင်စဉ်ကုမ္ပဏီလီမိတက် | တိုက် A -7, အခန်း-၁၀၂၊ ရွှေကမ္ဘာအိမ်ယာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၈၀ | G-00005 | ရွှေစင်ကြယ် ကြိမ်လုပ်ငန်း | အမှတ် (၇၅၁/က) မင်းရဲကောင်းပုံလမ်း ၊ (၇၀) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် |
| ၈၁ | H-00014 | KK သဘာဝသစ်သီးအနှစ်ရည်လုပ်ငန်းနှင့် Happy Day ကြော်ငြာလုပ်ငန်း | No.(5/B),Aung Na Mate Street,Aungmingalar quarter,Thanlyn |
| ၈၂ | O-00130 | မြန်မာအောင်ကုမ္ပဏီ | No(88),51 street, 1Quartor,Pazundaung T/S,Yangon |
| ၈၃ | O-00131 | Technoland Computer Trading Co.,ltd | No(162/170),36th Street(Mid),Kyauktada T/S,YGN |
| ၈၄ | O-00150 | Myo Myo Fashion | ကမာရွတ်မြို့နယ်၊ ၁ ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၂၅၊ မြေညီ |
| ၈၅ | O-00163 | ရွှေမိသားစု | အမှတ် (၈)၊ (၅၅) လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ၈၆ | O-00092 | Zabuaye Engineering Service | ၄၃၇/၄၃၈၊ ဦးချစ်ထွန်းလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်း မြို့နယ် ၊ ရန်ကုန်မြို့ |
| ၈၇ | O-00103 | Lin Yaung Chi , လင်းရောင်ခြည်အမှတ်တရလက်ဆောင်ပစ္စည်းရောင်းဝယ်ရေး | ည ၇ ၊ ဝါယာလတ် (၃) လမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ |
| ၈၈ | O-00003 | Royal Material Co.,ltd | အမှတ် ၃၁၂-၃၁၈၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် |
| ၈၉ | O-00143 | မိုးကောင်းကင်ကားအလှိုင်းမင်း | အမှတ်(၆၅)၊အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၉၀ | O-00164 | Green Starlight | အဆောင် (၅၂)၊ အခန်း (၂)၊ နီလာ (၃) လမ်း၊ စော်ဘွားကြီးကုန်းဝင်း။ |
| ၉၁ | O-00050 | Infinity Fitness Company Ltd | ၃၄ ဦးချစ်မောင်အိမ်ယာ၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ |
| ၉၂ | O-00110 | Aung Auto Service | အမှတ် (၁၃၆၆) ၊ မင်္ဂလာဒုံမြို့ပတ်လမ်း၊ မင်္ဂလာဒုံမြို့နယ် ၊ ရန်ကုန် |
| ၉၃ | D-00069 | NooDi Noodle Resturant | အမှတ် (၄၄)၊ အင်းစိန်လမ်း၊ အောက်ကြည့်မြင်တိုင် မြို့နယ်၊ ရန်ကုန်။ |
| ၉၄ | D-00095 | Wazo Travels Ltd ဝါဆိုခရီးသွားလုပ်ငန်း | Building No. 117/119, Room (10-A), 10th Floor, Golden Gate Tower, Kyi Taw Ward, Upper Pazundaung Road, Mingalar Taung Nyunt Township, Yangon. |
| ၉၅ | D-00074 | Kyun Thar YarCo., Ltd (White Rice Restaurant) | ကန်တော်ကြီးပတ်လမ်း၊ မျက်စိအထူးကုဆေးရုံရှေ့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| ၉၆ | D-00091 | Silk Road to Asia Travels & Tours Co.,ltd | အမှတ် - ၉၊ အကဲဖ်၊ သလ္လာဝတီလမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၉၇ | C-00017 | Emerald Sea Hotel | ငွေဆောင်ကမ်းခြေ၊ ငွေဆောင်မြို့၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၈ | C-00041 | Ever Flow River Hotel Group Co., ltd | အမှတ် ၃၊ ရပ်ကွက်မြို့မလမ်း၊ ငွေဆောင်မြို့နယ်ခွဲ ၊ ပုသိမ်ခရိုင် ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၉ | C-00038 | THIRI Hotel Chaung Tha Beach | ချောင်းသာကမ်းခြေ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၀ | C-00034 | Pristine Hotel Group Co.,ltd Pristine Lotus Resort ( Inle) | အမှတ် ၂၆/၂၊ ကွင်းအမှတ် ၂၉၇ ၊ လွယ်ငြိမ့်ရွာ၊ တောင်ပုံကြီး ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| ၁၀၁ | B-00004 | MNAC Co.,Ltd | 3B/65-C, ကစ္ဆာသယလမ်း၊ သုမင်္ဂလာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၀၂ | F-00015 | Winner Ocean Trading Co., Ltd | အမှတ်(၉၂၃)၊ ရှိင်ရယ်သုခကွန်ဒို၊ လှိုင်မြို့နယ်၊ ရန်ကုန် |
| ၁၀၃ | F-00058 | ကြယ်စင် အထည်ချုပ်လုပ်ငန်း | အမှတ် ၁၄ ၊ တော်ဝင်လမ်း၊ ၁၁၀ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် |
| ၁၀၄ | F-00057 | " ပြည်ကျော်ဟိန်း " PKH Home Decoration & Construction | အမှတ် (၁၉)၊ ခေမာသီ (၁) လမ်း ၊ ဆ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် |
| ၁၀၅ | F-00027 | MK ဘီလီယက် ခုံ လုပ်ငန်းနှင့် သစ်အ ချောထည်လုပ်ငန်း | အမှတ် ၂၉၅၇/၂၉၅၈ ၊ စက်မှုလမ်း၊ ဇုံ ၂ ၊ တောင်ဒဂုံစက်မှုဇုံ |
| ၁၀၆ | H-00020 | Aero Coffee & Bakery | အမှတ် ၂၀၂၊ ဝေဘာဂီ လမ်းမကြီး၊ (က) ရပ်ကွက် ၊ မြောက်ဥက္ကလာပမြို့နယ် |

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့က ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အောင်နန်း(၁)လမ်းတွင် မျိုးမင်းဇော်(ခ) ဇူပိုင်ဖွာ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ည ၇ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် အောင်သာငြိမ်းကျေးရွာအနီး နောင်ပိုအောင်-အောင်သာငြိမ်း ကျေးရွာသွားကားလမ်းတွင် အောင်ကျော်ဆန်း မောင်းနှင်ပြီး အောင်ကျော်မြင့်(ခ)အောင်ခိုင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၁၉၈၃ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေပိုင်းက မန်ဟီးရိုး နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် မူဆယ်မြို့နယ် မန်ဟီးရိုးမြို့ နောင်ဟင်ကျေးရွာ ဖိုင်ကျောင်း-နောင်ဟင်ကူးတို့ဆိပ်တွင် အေးစိုင်း မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို စစ်ဆေးရန်ရပ်တန့်စဉ် ခုန်ချထွက်ပြေးသဖြင့် ဝိုင်းဝန်း ဖမ်းဆီးပြီး ၎င်း၏ ဆိုင်ကယ်ကိုစစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၀၉၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဗဟန်းမြို့နယ်အတွင်း လူသတ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၈**

ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မေ ၂၃ ရက် ညနေပိုင်းက ဆရာစံ တောင်ရပ်ကွက် ခေမာလမ်း အမှတ်(၄)မြေညီထပ်တွင် အမျိုးသမီးတစ်ဦး သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မအေးအေးသိန်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ် အရေးယူပေးရန် ဗဟန်းမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ခိုင်ဇင်က တရားလိုပြုလုပ် တိုင်တန်းခဲ့သည်။

အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်း အကူဌာနစု၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း ပြန်/ဆက် အိမ်ရာဝင်းတိုက်(၂)နေ စည်သူရှိန်(ခ) စည်သူအား မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးရာ ယင်းပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ မအေးအေးသိန်းအား အသက်သေဆုံးအောင်ပြုလုပ်သူ စည်သူရှိန်(ခ) စည်သူကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရွှေဘို၌ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူခြောက်ဦးအား ထောင်ဒဏ် သုံးလစီချမှတ်

**ရွှေဘို မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ယမန်နေ့ည ၁၁ နာရီ ၁၅ မိနစ်က မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦး ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့ အမှတ် (၂ ) ရပ်ကွက် ရွှေနိုင်ငံလမ်းကြား၌ အမှတ်(၆) ရပ်ကွက် ရွှေဘိုမြို့နေသူများဖြစ်သည့် ဝင်းထက်ကျော် (၂၂ နှစ်)၊ ဇင်ကိုဦး(၂၉ နှစ် ) တို့အားလည်းကောင်း၊ ည ၁၁ နာရီခွဲခန့်က ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံရှေ့တွင် ခင်ဦးမြို့နယ် ထနောင်းကိုင်းကြီး ကျေးရွာနေသူများဖြစ်သည့် မိုးအောင် ( ၂၄နှစ် )၊ မျိုးချစ်သူ (၂၂ နှစ်)၊ ဇင်မျိုးနိုင် (၂၂ နှစ်) တို့အားလည်းကောင်း၊ ည ၁၁ နာရီခွဲခန့်က ရွှေဘိုမြို့အမှတ် (၁၀) ရပ်ကွက် သံလမ်းဆုံအနီးတွင် ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက်နေသူ ကျော်ရဲအောင် ( ၂၈ နှစ်)တို့အား ခိုင်လုံသော အကြောင်းအရာတစ်စုံတစ်ရာ ဖြေဆိုနိုင်ခြင်းမရှိဘဲ သွားလာနေသဖြင့် ရွှေဘိုမြို့မရဲစခန်းတွင် ယာယီထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ ခြောက်ဦးအား ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရာဇသတ်ကြီးပုဒ်မ -၁၈၈ ဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက ဝင်းထက်ကျော် အပါအဝင် ခြောက်ဦးအား ညမထွက်ရ အမိန့်ထုတ်ပြန်ချက်အပေါ် လိုက်ခြင်းမရှိသည့်အတွက် ထောင်ဒဏ်သုံးလစီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# ကိုဗစ်-၁၉ ကြောင့် အလုံပိတ်ကန့်သတ်မှုများ ပြုလုပ်နေချိန် အမေရိကန်ပြည်ထောင်စုရှိ စီးပွားရေးလုပ်ငန်းအချို့ ပြန်ဖွင့်

ဝါရှင်တန် မေ ၂၈

**ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် အလုံပိတ်ကန့်သတ်မှုများ ပြုလုပ်နေချိန်တွင် အမေရိကန်ပြည်ထောင်စု ပြည်နယ်အချို့၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း၊ သို့သော်လည်း နိုင်ငံများစွာ၏ စီးပွားရေးလုပ်ငန်းများကို ပိတ်ထားလျက်ရှိဆဲဖြစ်ကြောင်း သတင်းရရှိသည်။ ယင်းအခြေအနေက ပြည်နယ်တစ်ခုနှင့်တစ်ခုကြား ကန့်သတ်မှုအခြေအနေ မတူညီမှုကို မီးမောင်းထိုးပြခြင်းဖြစ်သည်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်ရှိ ပြည်သူများ တစ်လနီးပါးအိမ်တွင်း၌ နေထိုင်ရန်ဖြစ်သော်လည်း ၎င်း၏ မြို့တော်ဝန်က ပြည်နယ်၏အလုံပိတ်ကန့်သတ်မှုများကို ဖယ်ရှားလိုသည့်သဘောတွေ့ရသည်။ ပြည်သူများသည် ယခုအခါ လွတ်လွတ်လပ်လပ်ဆံသချင်နေကြသလို စားသောက်ဆိုင်များ သို့မဟုတ် အားကစားခန်းမများသို့ လွတ်လွတ်လပ်လပ်သွားလာနေပြီဖြစ်ကြောင်း သိရသည်။

အားကစားခန်းမပိုင်ရှင် မိုက်မာတီနိုက ၎င်း၏ အလုပ်သမားများကို သူတို့တွင် မိသားစုများရှိကြောင်း၊ သူတို့သည် သူတို့၏ကလေးများကို ကျွေးမွေးပြုစုရဦးမည်ဖြစ်ကြောင်း၊ သူတို့၏ ငှားရမ်းခများလည်း ပေးရဦးမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ဂျော်ဂျီယာမြို့တော်ဝန်က အိမ်ဖြူတော်၏ ညွှန်ကြားချက်များကို လျစ်လျူရှုလိုနေကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စု၏ အချို့ပြည်နယ်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းမပြုမီ ကိုဗစ်-၁၉ ကူးစက်ခံရမှုသည် နှစ်ပတ်ကျော်ကာလအထိ ကျဆင်းလာခဲ့ကြောင်း သိရသည်။

လတ်တလောတွင် အလက်စကာ၊ အိုကလာဟိုးမား၊ ကာရိုလိုင်းနားနှင့် တခြားပြည်နယ်အတော်များများတွင် ကန့်သတ်ပိတ်ပင်မှုများကို ဖြေလျှော့လျက်ရှိကြောင်း၊ များမကြာမီ အခြားပြည်နယ်များအနေဖြင့် ယခုလို လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်ရှိ ပြည်သူများသည် အိမ်တွင်း၌သာနေထိုင်ရမည့် ညွှန်ကြားချက်များအတိုင်း နေနေရဆဲဖြစ်သော်လည်း အပူချိန်မြင့်တက်လာမှုများကို ပြည်သူများအား ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လျစ်လျူရှုသလိုဖြစ်စေကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်ထက် အခြားပြည်နယ်များတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပိုမိုများပြားကြောင်း သိရသည်။ နယူးယောက်မြို့တော်ဝန် အန်ဒရူးကူမိုက အလုံပိတ်ကန့်သတ်ချက်များကို နောက်ထပ် မေ ၁၅ ရက်အထိ ထပ်မံတိုးမြှင့်လိုက်ကြောင်း သိရသည်။ ကူမိုက မိမိတို့အနေဖြင့် သင်ခန်းစာများကို ကောင်းကောင်းလေ့လာရမည်ဖြစ်ကြောင်း၊ ရှေ့ကိုဆက်လျှောက်နေရမည်ဖြစ်ကြောင်း၊ မိမိတို့သည် စမတ်ကျနေရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ကူးစက် မှုဖြစ်ပွားသည့်နေရာများတွင် နောက်တစ်ခါထပ်မံဖြစ်ပွားနေသည်ကို မိမိတို့အနေဖြင့် တွေ့မြင်နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၏အလုပ်လက်မဲ့နှုန်း မတ်လတွင် အနည်းငယ်မြင့်တက်လာ

**တိုကျို မေ ၂၈**

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် မတ်လတွင် အနည်းငယ်မြင့်တက်လာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၈ ရက်က ဖော်ပြလိုက်သည်။ အလုပ်လက်မဲ့နှုန်းသည် ၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ဖေဖော်ဝါရီလ အလုပ်လက်မဲ့ရာခိုင်နှုန်းထက် ၁၀ ပုံပုံ တစ်ပုံမြင့်တက်လာကြောင်း ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (အမ်အိုင်စီ)က ပြောကြားလိုက်သည်။

အလုပ်လက်မဲ့ အရေအတွက်သည် ၁ ဒသမ ၇၆ သန်းရှိကြောင်းနှင့် လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၀၀၀ ခန့် တိုးတက်များပြားလာကြောင်း သိရသည်။

ထို့အတူ အလုပ်ရရှိမှုအရေအတွက်သည်လည်း ၆၇ သန်းရှိကြောင်း၊ တစ်နှစ်ပြီးတစ်နှစ် ၁၃၀၀၀၀ ခန့်မြင့်တက်လာကြောင်း၊ အဆိုပါ ကိန်းဂဏန်း အရေအတွက်သည် ၈၇ လ ဆက်တိုက်မြင့်တက်လာသည့် အရေအတွက်ဖြစ်ကြောင်း၊ သို့သော်လည်း စီးပွားရေးဖွံ့ဖြိုး ကြီးထွားမှုအဟုန်သည် ယခုနှစ်စမှစပြီး တဖြည်းဖြည်းနှေးကွေးလာကြောင်း သိရသည်။

အချိန်ပိုင်း အလုပ်သမားများ၊ ယာယီအလုပ်သမားများအပါအဝင် ပုံမှန်မဟုတ်သည့်အလုပ်သမားများသည် ၂၁ ဒသမ ၅ သန်းမှ ၂၆၀၀၀၀ အထိ လျော့နည်းကျဆင်းလာခဲ့သည်။ ထိုသို့ကျဆင်းမှုသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစပြီး အကြီးမားဆုံးကျဆင်းလာမှုဖြစ်သည်။


ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းခွင်တစ်ခုတွင် အလုပ်သမားတစ်ဦး အလုပ်လုပ်နေစဉ်။

စက်မှုကဏ္ဍတွင်လည်း အထူးသဖြင့် အလုပ်သမားအရေအတွက်သည် ကုန်ထုတ်လုပ်မှုအပိုင်း၊ ထို့အတူ ဟိုတယ်နှင့် စားသောက်ဆိုင်ကဏ္ဍများတွင်လည်း ကျဆင်းလာကြောင်း သိရသော်လည်း ကျန်းမာရေးကဏ္ဍ၊ လူမှုကဏ္ဍ၊ အရောင်းကဏ္ဍတို့တွင် မြင့်တက်လာသည်။

ကိုဗစ်-၁၉ ကြောင့် အလုပ်အကိုင်များပေါ်တွင်လည်း အကျိုးသက်ရောက်လျက်ရှိကြောင်း၊ အဆိုးရွားဆုံး အကျိုးသက်ရောက်မှုသည် ဧပြီလအတွင်း ဖြစ်ပွားဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက တောင်အာဖရိကသမ္မတထံသို့ စာတစ်စောင်ပေးပို့

ပြုံယမ်း မေ ၂၈

မကြာသေးမီရက်အနည်းငယ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း လူထုအတွင်းမှ ပျောက်ကွယ်နေမှုနှင့်ပတ်သက်၍ ကောလာဟလသတင်းများ ပျံ့နှံ့ခဲ့ပြီးနောက်တွင် ကင်ဂျုံအန်း ရေးသားထားသည့် ပေးစာတစ်စောင်ကို အာဏာရအလုပ်သမားပါတီ သတင်းစာက ဖော်ပြခဲ့သည်။

အဆိုပါ သတင်းစာ၌ တောင်အာဖရိကနိုင်ငံ၏ အမျိုးသားနေ့တွင် သမ္မတထံသို့ စာတစ်စောင်ပေးပို့ခဲ့ကြောင်း မေ ၂၈ ရက်တွင် ဖော်ပြခဲ့သည်။ ပေးစာ၌ မြောက်ကိုရီးယားနှင့် တောင်အာဖရိက နှစ်နိုင်ငံအကြား ဆက်ဆံရေးအခြေအနေမှာ တစ်ရက်ထက်တစ်ရက် ပိုမိုခိုင်မာလာလိမ့်မည်ဟု ယုံကြည်ကြောင်း ခေါင်းဆောင်ကင်က ရေးသားထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ခေါင်းဆောင်ကင်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားခဲ့သည့်အတွက် အရေးပေါ်ကုသမှု ခံယူခဲ့ရကြောင်း စီအင်န်အင်န်သတင်းက ဖော်ပြခဲ့သည်။ သို့သော်လည်း တောင်ကိုရီးယားသတင်းမီဒီယာတွင်မူ ခေါင်းဆောင်ကင်ကျန်းမာရေး အခြေအနေကောင်းမွန်လျက်ရှိကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံအတွင်း ထူးခြားဖြစ်စဉ်မရှိကြောင်း ဖော်ပြခဲ့သည်။

ဝါရှင်တန်၌ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကလည်း ခေါင်းဆောင်ကင်နှင့်ပတ်သက်သည့် ကောလာဟလသတင်းများကို အတည်မပြုကြောင်းနှင့်ခေါင်းဆောင်ကင် ကျန်းကျန်းမာမာရှိနေသည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့သည် ၂၀၁၉ ခုနှစ်က ကိုရီးယားနှစ်နိုင်ငံစစ်မဲ့ဇုန်၌ သမိုင်းဝင်တွေ့ဆုံမှု ပြုလုပ်ခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

## ကပ်ရောဂါကျရောက်မှု မထိန်းချုပ်နိုင်လျှင် ၂၀၂၁ အိုလံပစ်အားကစားပွဲကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း အိုလံပစ်ကော်မတီဥက္ကဋ္ဌပြော

**တိုကျို မေ ၂၈**

လာမည့်နှစ်အထိ ကိုဗစ်-၁၉ ကျရောက်မှုကို ထိန်းချုပ်နိုင်ခြင်း မရှိလျှင် ရွှေ့ဆိုင်းထားသည့် ၂၀၂၀ အိုလံပစ်အားကစားပွဲကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း အားကစားပွဲဖြစ်မြောက်ရေးစီစဉ်ရေးအဖွဲ့အကြီးအကဲက မှတ်ချက်ချခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေကြောင့် တိုကျိုအိုလံပစ်အားကစားပွဲကို တစ်နှစ်ရွှေ့ဆိုင်းလိုက်ပြီး ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပရန် အချိန်ပြောင်းလဲသတ်မှတ်ခဲ့သည်။ သို့ရာတွင် တိုကျို ၂၀၂၀ အိုလံပစ်ဥက္ကဋ္ဌ ယိုရှီယို မိုရီက အိုလံပစ်အားကစားပွဲကို နောက်ထပ်ရွှေ့ဆိုင်းရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံထုတ် Nikkan Sport နေ့စဉ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခဲ့မှုအတွင်း အကယ်၍ ကပ်ရောဂါကျရောက်မှုက လာမည့်နှစ်အထိ ဆက်လက်ခြိမ်းခြောက်နေဦးမည်ဆိုပါက ၂၀၂၂ခုနှစ်မတိုင်မီ အိုလံပစ်အားကစားပွဲ ထပ်မံရွှေ့ဆိုင်းရန်ရှိမရှိ မေးမြန်းခဲ့ရာ ၎င်းကယင်းသို့ဖြစ်လာလျှင် အိုလံပစ်အားကစားပွဲကို ထပ်မံရွှေ့ဆိုင်းတော့မည်မဟုတ်ကြောင်းနှင့် အားကစားပွဲကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းပမာဏသည် ၁ ဒသမ ၉ ရာခိုင်နှုန်းအထိမြင့်တက်


**တိုကျို မေ ၂၈**

ဂျပန်နိုင်ငံ၏ ကျန်းမာရေးအရာရှိများက ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းသည် ၁ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း မေ ၂၈ ရက်က ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်သည် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၃၂၃၂ ဦးအထိ မြင့်တက်လာကြောင်း ပြောကြားသည်။ အဆိုပါအရေအတွက်တွင် ဒိုင်းမွန်းပရင့်စ်အပျော်စီး ဇိမ်ခံသင်္ဘောနှင့် တရုတ်နိုင်ငံမှ စင်းလုံးငှားလေယာဉ်များပေါ်တွင် ဖြစ်ပွားသည့် ကိုဗစ်-၁၉ ကူးစက်ခံရသူများ မပါဝင်ကြောင်း သိရသည်။

ယခုအရေအတွက်သည် အစောပိုင်း ရက်သတ္တပတ်က အရေအတွက်ထက် ၂၆၂၄ ဦးပိုများကြောင်း သိရသည်။

အသက်အရွယ်အားဖြင့် အသက် ၅၀ ကျော်အရွယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၂၂၇၁ ဦးရှိအထိ ရှိသည်။ ထို့နောက် အသက် ၄၀ အရွယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၂၁၆၅ ဦး၊ အသက် ၂၀ အရွယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၂၁၄၀ နှင့် အသက် ၃၀ အရွယ်တွင် ၁၉၇၂ ဦးစီ အသီးသီးရှိကြောင်း သိရသည်။



ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုရာခိုင်နှုန်းကို ဖော်ပြသည့် ပုံတစ်ပုံကို တွေ့ရစဉ်။

အဆိုပါ ကိုဗစ်-၁၉ အတည်ပြုလူနာအနက် ၂၅၃ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၉ ရာခိုင်နှုန်း သေဆုံးခဲ့ကြောင်း သိရသည်။ ယခုပမာဏသည် ယခင်အပတ်က ပမာဏထက် ဝ ဒသမ ၃ ရာခိုင်နှုန်း အရေအတွက်အားဖြင့် ၈၂ ဦးပိုများကြောင်း သိရသည်။ ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှုနှုန်း ၁၁ ဒသမ ၅ ရာခိုင်နှုန်းသည် အသက်ကြီးပိုင်း အသက် ၈၀ ကျော်နှင့် ၎င်းထက်အသက်ကြီးသူများဖြစ်ကြောင်း သိရပြီး ၅ ဒသမ ၇ ရာခိုင်နှုန်းသည် အသက် ၇၀ ကျော်အရွယ်များဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# သမ္မတထရမ့်၏ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအား ရန်ပုံငွေရပ်ဆိုင်းမည့်ကိစ္စကို အမေရိကန်လွှတ်တော်မှ စုံစမ်းမည်

ဝါရှင်တန် ဧပြီ ၂၈

**အမေရိကန်လွှတ်တော် နိုင်ငံခြား ကိစ္စရပ်များဆိုင်ရာ ကော်မတီသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်ဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား ရန်ပုံငွေရပ်ဆိုင်းမည့်အစီအစဉ်ကို စုံစမ်းစစ်ဆေးသွားမည်ဟု ကော်မတီဥက္ကဋ္ဌ အီးလီးယက်အန်ဂယ်က ဧပြီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုထံ ပေးပို့သည့်စာတွင် သမ္မတထရမ့်၏ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအား ရန်ပုံငွေရပ်ဆိုင်းမည့်ကိစ္စကို ဒီမိုကရက်တစ်လွှတ်တော်အမတ်များက ရှုတ်ချကြောင်း၊ ကိုဗစ်–၁၉ တိုက်ဖျက်ရေးအတွက် နိုင်ငံရေးအရ အနှောင့်အယှက်များဖြစ်စေကြောင်း၊ ယင်းဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ မှတ်တမ်းများနှင့် သတင်းအချက်အလက်များ ပေးပို့ရမည်ဟု တောင်းဆိုခဲ့သည်။

ကိုဗစ် – ၁၉ ကပ်ရောဂါကို တစ်ကမ္ဘာလုံးက ရင်ဆိုင်နေရချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ရန်ပုံငွေဆိုင်းငံ့ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်သည် လူ့အသက်ပေါင်းများစွာကို အန္တရာယ်တောထဲတွန်းပို့ရာ ရောက်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌက စာရေးသားပေးပို့ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် မပြည့်စုံသည်မှာ မှန်သော်လည်း ယင်းအဖွဲ့အစည်းကြီးသည် ကမ္ဘာအနှံ့ အစိုးရအသီးသီးတို့ ပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိကနေရာမှ ပါဝင်နေသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ကိုဗစ် –၁၉ ကို တိုက်ဖျက်ရမည့်အစား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို တိုက်ခိုက်နေခြင်းသည် နဂိုကမှ ဆိုးရွားနေသည့် အခြေအနေကို ပိုမိုဆိုးရွားစေကြောင်း အန်ဂယ်က ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအား ရန်ပုံငွေရပ်ဆိုင်းမည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး အချက်အလက်များကို မေ ၄ ရက်နောက်ဆုံးထား လက်လွှဲပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာနကို တောင်းဆိုခဲ့သည်။

ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းအထိ အမေရိကန်နိုင်ငံတွင် ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၅၅၀၀၀ အထိရှိပြီး ကူးစက်ခံရသူ ၉၈၀၀၀၀ ကျော်ရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းဇယားများအရ သိရသည်။

ဆင်ဟွာ



ကိုဗစ် – ၁၉ ကြောင့် နယူးယောက်မြို့ လမ်းမထက်တွင် လူသူရှင်းလင်းနေသည်ကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။

# အီကွေဒေါတွင် ကိုဗစ် –၁၉ ရောဂါ ပြန်လည်သက်သာလာသူ ၁၁၀၃ ဦးရှိလာ

**ကွီတို ဧပြီ ၂၈**

အီကွေဒေါနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရပြီးနောက်ပိုင်း ပြန်လည်ကျန်းမာလာသူ ၁၁၀၃ ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနက ဧပြီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၂၃၂၄၀ ရှိပြီး လူပေါင်း ၆၆၃ ဦးသေဆုံးခဲ့ရပြီးဖြစ်သည်ဟု အီကွေဒေါပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ပြန်လည်ကျန်းမာလာသူများ၏ သတင်းကြားရသည်မှာ သတင်းကောင်းတစ်ခုပင် ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ပေါလာရိုမိုက ပြော ကြားခဲ့သည်။

အီကွေဒေါနိုင်ငံသည် ကိုဗစ် –၁၉ ကပ်ရောဂါကို အဆိုးရွားဆုံးခံစားရသည့် တောင်အမေရိကနိုင်ငံလည်း ဖြစ်သည်။

လူပေါင်း ၆၁၅၂၉ ဦးတွင် ကိုဗစ် –၁၉ ကူးစက်ခံရခြင်းရှိမရှိ စစ်ဆေးပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အုပ်ချုပ်ရေးနှင့် ကျန်းမာရေးစောင့်ကြည့်ရေး ဒုတိယဝန်ကြီး ဖရန်စီကိုဆာဗီရာ ဆိုလာရန်ဇိုကကလည်း ယခုကြားသိရသည့် သတင်းမှာ အံ့သြဖွယ်ကောင်းကြောင်း၊ ကျန်းမာရေးဝန်ဆောင်မှုစနစ်များသည် နိုင်ငံလူဦးရေနှင့် လက်လှမ်းမီလာပြီဖြစ်ကြောင်း၊ ခွဲခြမ်းစိတ်ဖြာပြီးခန်းမှန်းစမ်းသပ်မှုများအရ လူပေါင်း ၁၁၀၃ ဦးတွင် ကိုဗစ် –၁၉ မတွေ့ရတော့ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ


ကွီတိုမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

# ယီမင်နိုင်ငံမှ တစ်ဦးတည်းသော ကိုဗစ် –၁၉ လူနာ ပြန်လည်ကျန်းမာလာ

**အေဒင် ဧပြီ ၂၈**

ယီမင်နိုင်ငံအရှေ့ပိုင်း ဟာဒါမောင့် ပြည်နယ်ရှိ ကိုဗစ် –၁၉ ကူးစက်ခံရသည့် လူနာမှာ ယီမင်နိုင်ငံတွင် ပထမဆုံးတွေ့ရှိရသည့်လူနာဖြစ်ပြီး အဆိုပါလူနာမှာ ပြန်လည်ကျန်းမာလာပြီဟု ယီမင်ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၇ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါလူနာ၏ ဆွေမျိုးများကို စစ်ဆေးကြည့်ရာတွင်လည်း ကိုဗစ် – ၁၉ ကူးစက်ခံရခြင်းမရှိဟု ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

ဧပြီ ၁၀ ရက်တွင် အက်ရှ်ရှီယာမြို့ရှိ အသက် ၆၀ အရွယ် ယီမင်အမျိုးသားတစ်ဦးတွင် ကိုဗစ် –၁၉ တွေ့ရှိရကြောင်း ယီမင်နိုင်ငံ အမျိုးသားအရေးပေါ်ကော်မတီက ကြေညာခဲ့သည်။ ကာလဝမ်းရောဂါ၊ အာဟာရမပြည့်ဝမှုနှင့် ဆုံဆို့နာရောဂါများနှင့်ရုန်းကန်နေရသည့် ယီမင်နိုင်ငံသည် ကိုဗစ်– ၁၉ ကပ်ရောဂါကို ရင်ဆိုင်နိုင်ရန် စွမ်းအားမရှိပေ။

ငါးနှစ်ကြာ ပြည်တွင်းစစ်ကြောင့် ယီမင်နိုင်ငံ၏ ကျန်းမာရေးစနစ်မှာ ပျက်စီးခဲ့ရသည်။ ကုလသမဂ္ဂ၏ ခန့်မှန်းမှုအရ ယီမင်နိုင်ငံတွင် ၈၀ ရာခိုင်နှုန်းမှာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်နေကြောင်း သိရသည်။

ဆင်ဟွာ

# စင်ကာပူ၌ ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၅၂၈ ဦး ပေါ်ထွက်

**စင်ကာပူ ဧပြီ ၂၈**

စင်ကာပူ၌ ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၅၂၈ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး တစ်နိုင်ငံလုံးရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၁၄၉၅၁ ဦးရှိလာကြောင်း သိရသည်။ ရောဂါထပ်မံကူးစက်ခံရသူအများစုမှာ ပြည်ပမှ လုပ်သားများနေထိုင်သည့်အိမ်ရာများမှဖြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက ကနဦးသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရောဂါကူးစက်ခံရသူများထဲတွင် ရှစ်ဦးမှာ စင်ကာပူနိုင်ငံသား ဒေသခံပြည်သူများဖြစ်သည်။ ရောဂါကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုးပမ်းနေပြီး နောက်ဆုံးရသတင်းများကို ကျန်းမာရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။


ဆင်ဟွာ

# ဂျပန်နိုင်ငံမှ Avigan ဆေးကို နိုင်ငံပေါင်း ၃၈ နိုင်ငံသို့ အခမဲ့ပေးပို့မည်

**တိုကျို ဧပြီ ၂၈**

ဂျပန်နိုင်ငံမှ တုပ်ကွေးရောဂါကုသဆေးဖြစ်သည့် Avigan ဆေးကို နိုင်ငံပေါင်း ၃၈ နိုင်ငံသို့ မကြာမီအချိန်အတွင်း ထောက်ပံ့ပေးတော့မည်ဖြစ်သည်။

ယင်းဆေးသည် ကိုဗစ် –၁၉ ကုသရာတွင် အလားအလာကောင်းသည်ဟု ယူဆခံထားရသည့်ဆေးလည်း ဖြစ်သည်။



ဂျပန်ကုမ္ပဏီမှ ထုတ်လုပ်သည့် Avigan ဆေး။

ဂျပန်ကုမ္ပဏီမှ ထုတ်လုပ်သည့် ယင်းဆေးကို နယ်သာလန်၊ ဖိလစ်ပိုင်နှင့်မလေးရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ ပေးပို့သွားမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှိမစ်ဆုက ပြောကြားခဲ့သည်။

Avigan ဆေးကို တောင်းဆိုသည့် နိုင်ငံပေါင်း ၇၀ ကျော်ရှိကြောင်း ယင်းနိုင်ငံများထဲမှ နိုင်ငံပေါင်း ၃၈ နိုင်ငံကို အခမဲ့ထောက်ပံ့ပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆေးလက်ခံရရှိသည့် နိုင်ငံများသည် ဂျပန်နိုင်ငံသို့ ယင်းဆေးအသုံးပြုမှု အချက်အလက်များကို ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ ယင်းအချက်အလက်များသည် ကိုဗစ် –၁၉ ကို နှိမ်နင်းနိုင်သည့် ဆေးဝါးထုတ်လုပ်နိုင်ရေးအတွက် အရေးပါကြောင်း ၎င်းကအလေးအနက်ထား ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# စပိန်နိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ် ကူးစက်ခံရမှုနှုန်းကျဆင်း

**မက်ဒရစ် ဧပြီ ၂၈**

စပိန်နိုင်ငံအတွင်း ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူနှင့် သေဆုံးမှုနှုန်းလျော့ကျလာသည်ဟု စပိန်ကျန်းမာရေးဝန်ကြီးက ဧပြီ ၂၈ ရက်တွင် ပြောကြားခဲ့သည်။ စပိန်နိုင်ငံတွင် ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၂၃၈၂၂ ဦးရှိပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်းသေဆုံးသူ ၃၀၁ ဦးရှိခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူ ၃၀ နီးပါး သေဆုံးမှုလျော့ကျခဲ့ခြင်းဖြစ်သည်။

ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၃၀၈ ဦး တွေ့ရှိခဲ့ရပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၁၀၇၇၃ ဦး ရှိလာပြီဖြစ်သည်။ ကူးစက်ခံရသူ ၀ ဒသမ ၆၂ ရာခိုင်နှုန်းကျဆင်းလာသည်ကို တွေ့ရသည်။ ကိုဗစ် –၁၉ ရောဂါခံစားရာမှ ပြန်လည်ကျန်းမာလာသူ ၁၆၇၃ ဦး တိုးလာရာ စုစုပေါင်း ပြန်လည်ကျန်းမာလာသူ ၁၀၂၅၄၈ ဦးအထိရှိလာကြောင်း သိရသည်။

ဆင်ဟွာ

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယ၌ ကိုဗစ်-၁၉ကြောင့် သေဆုံးသူ ၄၃၄၄ ဦးအထိ မြင့်တက်

**နယူးဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံ၌ မေ ၂၈ ရက်တွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၈ ဦးပေါ်ထွက်လာခဲ့ရာ သေဆုံးသူ အရေအတွက်မှာ ၄၃၄၄ ဦးအထိ မြင့်တက်လာခဲ့သည်။

နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရသူ အရေအတွက်မှာလည်း ဆက်လက်တိုးပွားနေပြီး မေ ၂၇ ရက်တွင် ရောဂါထပ်မံကူးစက်ခံရသူ ၁၀၅၅ ဦးရှိကြောင်း အိန္ဒိယဖက်ဒရယ် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုလိုက်ပြီးနောက် ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၂၆၄၁၅ ဦးအထိ ရှိလာခဲ့သည်။

ရောဂါကူးစက်ခံရသူများအနက် ကျန်းမာရေး ပြန်ကောင်းလာသည့်အတွက် ဆေးရုံမှ ပြန်ဆင်းလာသူ ၆၈၆၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များက ပြောသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ထိန်းချုပ်နိုင်ရေးအတွက် အဝင် အထွက်ကန့်သတ်ပိတ်ဆို့ထားမှုကာလမှာ ၃၅ ရက်မြောက်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

### တရုတ်နိုင်ငံ၌ အင်တာနက် အသုံးပြုသူ အရေအတွက်မှာ ၉၀၄ သန်းရှိလာ

**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံ၌ အင်တာနက်အသုံးပြုသူ အရေအတွက်သည် ယခုနှစ်မတ်လအထိ ၉၀၄ သန်းရှိကြောင်း သိရသည်။ ယင်းအရေအတွက်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် နှစ်ကုန်ကထက် ၇၅ ဒသမ ၀၈ သန်း အထိ မြင့်တက်လာကြောင်း တရုတ်နိုင်ငံ အင်တာနက်ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာက မေ ၂၈ ရက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံအတွင်း အင်တာနက်သုံးစွဲမှုသည် နိုင်ငံ့လူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်းကျော်ရှိပြီး ၂၀၁၈ခုနှစ် နှစ်ကုန်ကထက် ၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

အင်တာနက်သုံးစွဲမှုအများစုသည် မိုဘိုင်းဖုန်းများဖြင့် သုံးစွဲခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၇၉ ဒသမ ၉၂ သန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် မတ်လတွင် ၈၉၇ သန်းအထိ မြင့်တက်လာခဲ့ကြောင်း အင်တာနက် ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာအရ သိရသည်။

ဆင်ဟွာ

# ကပ်ရောဂါကျရောက်နေပေမယ့် အီရန်အပေါ် ပိတ်ဆို့မှုတွေဆက်လုပ်ဖို့ အမေရိကန်ကြိုးပမ်း

*ကလျာမိုးမြင့်*

**အမေရိကန်နဲ့ အီရန်အပါအဝင် ကမ္ဘာ့နိုင်ငံတွေအားလုံးနီးပါး ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို အလူးအလဲရင်ဆိုင်နေရချိန်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အီရန်အပေါ် လက်နက်ကုန်သွယ်မှု ပိတ်ပင်ထားတဲ့အချိန်ထပ်တိုးဖို့ ကုလသမဂ္ဂအဖွဲ့ကြီးကို ဖိအားပေးဖို့ ကြိုးပမ်းနေသလို အီရန်ကို ပိုပြီးဒုက္ခရောက်စေမယ့် အရေးယူပိတ်ဆို့မှုတွေ ချမှတ်နိုင်ဖို့အတွက်လည်း ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။**

### ပိတ်ဆို့မှုတွေပြန်လည်ချမှတ်ဖို့ရည်ရွယ်

သမ္မတထရမ့်က ၂၀၁၈ခုနှစ်မှာ အမေရိကန်ကို အီရန်နျူကလီးယား သဘောတူစာချုပ်ကနေ ဆွဲထုတ်လိုက်တာမှန်ပေမယ့်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် ဖိအားပေးစည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်နိုင်တဲ့ နျူကလီးယားသဘောတူစာချုပ်ပါ အဖွဲ့ဝင်အနေနဲ့တော့ ရှိနေသေးတယ်လို့ တရားဝင်ငြင်းဆန်ထားတဲ့ အစီရင်ခံစာတစ်စောင်ကို နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီအစီရင်ခံစာမှာ မိုက်ပွန်ပီအိုက အစီအစဉ်တစ်ရပ်ကို ထောက်ခံခဲ့ပြီး အစီအစဉ်အရ အမေရိကန်ဟာ စာချုပ်ပါအဖွဲ့ဝင်တစ်နိုင်ငံအနေနဲ့ တရားဝင်ကျန်ရှိနေသေးတယ်ဆိုတဲ့အကြောင်း အခိုင်အမာဖော်ပြသွားမယ့်အပြင် နျူကလီးယားသဘောတူစာချုပ်မချုပ်ဆိုခင် အီရန်အပေါ် ချမှတ်ထားတဲ့ ကုလသမဂ္ဂရဲ့ အရေးယူပိတ်ဆို့မှုတွေကိုပါ ပြန်လည်ချမှတ်သွားဖို့ ရည်ရွယ်ထားကြောင်းကိုပါ ဖော်ပြထားပါတယ်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို

### အယုံအကြည်ကင်းမဲ့

ယခုရက်ပိုင်းအတွင်းမှာပဲ အီရန်က စစ်သုံးဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း လူသိရှင်ကြား ကြေညာလိုက်ပြီးတဲ့နောက်မှာ ဒီကိစ္စနဲ့ပတ်သက်လို့ ပျစ်ပျစ်နှစ်နှစ်ဝေဖန်ထားတဲ့ ထုတ်ပြန်ချက်တစ်စောင်ကို ဖော်ပြခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက် ဖော်ပြခဲ့ပြီး နှစ်ရက်အကြာမှာ ယခုအစီအစဉ်နဲ့ ပတ်သက်တဲ့ သတင်းတွေ ထွက်ပေါ်လာခဲ့တာပါ။

အီရန်က ၎င်းရဲ့ အာကာသအစီအစဉ်တွေဟာ ငြိမ်းချမ်းရေးကိုသာ အမြဲဦးတည်ခဲ့တယ်လို့ အမြဲတောက်လျှောက်ပြောဆိုလာခဲ့ပေမယ့် သမ္မတထရမ့်အစိုးရအဖွဲ့က ဒီစကားကို ဘယ်တုန်းကမှ အယုံအကြည်မရှိခဲ့ပါဘူး။ အမေရိကန်က ပြည်ပအကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ်သတ်မှတ်ထားတဲ့ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ယခုရက်သတ္တပတ်မှာ စစ်သုံးဂြိုဟ်တုတစ်စင်းကို လွှတ်တင်လိုက်ခြင်းက အီရန်ရဲ့ အာကာသအစီအစဉ်တွေဟာ ဘာငြိမ်းချမ်းရေးကိုမှ ဦးတည်နေတာမဟုတ်သလို ပြည်သူတစ်ရပ်လုံးကိုလည်း ဘာမှကိုယ်စားမပြုဘူးဆိုတာကို သိသာထင်ရှားစေတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားလိုက်ပါတယ်။

### အနှောင့်အယှက်ပေးခဲ့

ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း သမ္မတထရမ့်က အမေရိကန်ရဲ့ ရေယာဉ်တွေကို အီရန်က အနှောင့်အယှက်ပေးလာခဲ့ရင် အနှောင့်အယှက်ပေးတဲ့ တိုက်ရေယာဉ်တွေအားလုံးကို ပစ်ခတ်ဖျက်ဆီးပစ်ဖို့ အမိန့်ပေးထားကြောင်း တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။ သမ္မတထရမ့် ယခုလို မပြောခင် တစ်ပတ်အလိုမှာ ပါရှန်းပင်လယ်ကွေ့အတွင်း သွားလာနေတဲ့ အမေရိကန်ရေတပ်ဖွဲ့နဲ့ ကမ်းခြေစောင့်တပ်ဖွဲ့ သင်္ဘောတွေကို အီရန်တိုက်ရေယာဉ် ၁၁ စင်းက အနှောင့်အယှက်ပြုခဲ့တယ်လို့ သိရပါတယ်။ အီရန်ရဲ့ အပြုအမူတွေဟာ အန္တရာယ်များပြီး ကျူးကျော်ရန်စလိုတဲ့သဘောရှိတယ်လို့ ရေတပ်က ဆိုပါတယ်။

### အကူအညီလက်မခံ

အီရန်တော်လှန်ရေး အစောင့်တပ်ရဲ့ ရေတပ်ဖွဲ့တိုက်ရေယာဉ်တွေဟာ အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့သင်္ဘောရဲ့ ၁၀ ကိုက်လောက်အနီးအထိ ချဉ်းကပ်မောင်းနှင်လာခဲ့တယ်လို့ သိရပါတယ်။ အီရန်က နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ ၎င်းအပေါ် ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ အိမ်ဖြူတော်ကို တိုက်တွန်းထားပေမယ့် အမေရိကန်က ကမ်းလှမ်းခဲ့တဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့တွေကိုတော့ လက်မခံ ငြင်းဆန်နေပါတယ်။

အမေရိကန်ရဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမယ့် ကမ်းလှမ်းချက်ကို အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီခါမေနီက မေ ၂၆ ရက်မှာ ပြတ်ပြတ်သားသားငြင်းဆန်ခဲ့တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး နောက်တစ်ရက်မှာ အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက အမေရိကန်ဟာ အကူအညီပေးလိုစိတ်တကယ်မရှိဘဲ လိမ်လည်နေတယ်။ အီရန်အပေါ် တကယ်အကူအညီပေးချင်ရင် အရင်ဆုံးလုပ်ရမှာက ကျွန်ုပ်တို့အပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ပဲ။ ဒါမှသာ ကျွန်ုပ်တို့အနေနဲ့ ကိုဗစ်–၁၉ ကူးစက်မှုကို ဖြေရှင်းလို့ရမှာလို့ ပြောကြားခဲ့ပါတယ်။

### ပိတ်ဆို့မှုတွေဖယ်ရှားဖို့ မေတ္တာရပ်ခံ

အီရန်အတွက်တော့ လက်ရှိအချိန်ဟာ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် ဗိုင်းရပ်စ်ထိန်းချုပ်ရေး ခက်ခဲနေရတဲ့အချိန်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအကြာက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံတွေဆီ ရေးသားခဲ့တဲ့စာမှာ ကျူးဘား၊ ဗင်နီဇွဲလား၊ မြောက်ကိုရီးယားနဲ့ ဇင်ဘာဘွေနိုင်ငံတွေနဲ့တကွ အီရန်ကို စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုတွေ ဖယ်ရှားပေးလိုက်ဖို့ တိုက်တွန်းတောင်းဆိုခဲ့ပါတယ်။

> **“အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက အမေရိကန်ဟာ အကူအညီပေးလိုစိတ် တကယ်မရှိဘဲ လိမ်လည်နေတယ်။ အီရန်အပေါ် တကယ်အကူအညီပေးချင်ရင် အရင်ဆုံးလုပ်ရမှာက ကျွန်ုပ်တို့အပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ပဲ။ ဒါမှသာ ကျွန်ုပ်တို့အနေနဲ့ ကိုဗစ်-၁၉ ကူးစက်မှုကို ဖြေရှင်းလို့ရမှာလို့ ပြောကြားခဲ့”**

### သွေးစည်းညီညွတ်ရမယ့်အချိန်ဖြစ်

အစားအသောက်နဲ့ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့တွေနဲ့ ကိုဗစ်–၁၉ တိုက်ဖျက်ဖို့လိုအပ်တဲ့ ဆေးဝါးအကူအညီပစ္စည်းတွေ သေချာစွာ လက်ခံရရှိနိုင်စေရေးအတွက် ဒီနိုင်ငံတွေအပေါ် ချထားတဲ့ ပိတ်ဆို့မှုတွေ ဖယ်ရှားပေးဖို့ ၎င်းက တိုက်တွန်းနေရချိန်ဖြစ်တယ်။ ကပ်ရောဂါနဲ့ တိုက်ပွဲဝင်နေရတဲ့ လက်ရှိအချိန်ဟာသွေးစည်းညီညွတ်မှုကို ပြသရမယ့်အချိန်သာဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး မျက်နှာလွှဲခဲပစ်နေရမယ့်အချိန် မဟုတ်ဘူးလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောခဲ့တာဖြစ်ပါတယ်။ ပိတ်ဆို့မှုတွေကို ဘယ်အချိန်အထိ ကင်းလွတ်ခွင့်ပေးထားသင့်တယ်ဆိုတာနဲ့ ပတ်သက်လို့တော့ ၎င်းက ထည့်ပြောထားခြင်း မရှိပါဘူး။

သမ္မတထရမ့်က ၎င်းအနေနဲ့ ဗိုင်းရပ်စ်တိုက်ဖျက်ရေးမှာ အီရန်ကိုကူညီဖို့ အသက်ရှူအထောက်အကူပြုကိရိယာလို ဆေးဝါးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာတချို့ကို အီရန်အနေနဲ့ လိုအပ်မယ်ဆိုရင် အကူအညီပေးချင်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အီရန်ခေါင်းဆောင်တွေကတော့ မလိုအပ်ဘူးလို့ ပြောခဲ့ပါတယ်။

### စာချုပ်ဆီအရောက်ဆွဲခေါ်ဖို့ ကြိုးပမ်း

လက်ရှိဖြစ်နေတဲ့ အငြင်းပွားမှုမှာ အဓိကပါဝင်နေတဲ့ လက်နက်ကုန်သွယ်မှုပိတ်ပင်ရေးဟာ နျူကလီးယားသဘောတူစာချုပ်ဆီ ဆွဲခေါ်ဖို့ကြိုးပမ်းတဲ့ အသေးအဖွဲ့ပြဿနာတစ်ခုဖြစ်တယ်လို့လည်း ဝေဖန်သူတွေက ပြောကြပါတယ်။ စာချုပ်အရ ၂၀၁၆ အစောပိုင်းမှာ အီရန်ဟာ နိုင်ငံရဲ့ နျူကလီးယားလောင်စာ ၉၇ ရာခိုင်နှုန်းကို နိုင်ငံပြင်ပကို သင်္ဘောနဲ့ သယ်ဆောင်ပြီး ရုရှားနိုင်ငံဆီ ရောင်းချခဲ့ပါတယ်။

အီရန်ရဲ့ နျူကလီးယားလောင်စာ ထုတ်လုပ်မှုဟာ ၁၅ နှစ်ကြာအောင် ကျဆင်းသွားခဲ့ပါတယ်။ ဒါပေမယ့် နျူကလီးယားသဘောတူစာချုပ်ကနေ သမ္မတထရမ့် နုတ်ထွက်လိုက်ပြီး တစ်နှစ်အကြာမှာတော့ အီရန်က စာချုပ်ပါကန့်သတ်ချက်အတိုင်း လိုက်နာနေမှုကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၇-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၂၃၀) ခုနှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၁၅) ခု၊ စုစုပေါင်း (၃၄၅)ခုတို့တွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၇-၄-၂၀၂၀) ရက်နေ့တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာများအနက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ "ချန်ရီ" ဖိနပ်စက်ရုံမှဝန်ထမ်းတစ်ဦးဖြစ်သော လူနာ (လူနာအမှတ်-၁၄၄) နှင့် အနီးကပ်ထိတွေ့ခဲ့သူ မြန်မာနိုင်ငံသားများနှင့် အဆိုပါစက်ရုံမှ နိုင်ငံခြားသား စုစုပေါင်း (၁၁၅)ဦး၏ ဓာတ်ခွဲနမူနာများလည်းပါဝင်ပြီး အဆိုပါ ဓာတ်ခွဲနမူနာများ အားလုံးတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ရပါ။

၃။ (၂၈-၄-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆) ဦး ရှိပြီဖြစ်ပါသည်။

၄။ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၆) ဦး ရှိပြီး ၎င်းတို့အနက် (၉) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။ ဓာတ်ခွဲအတည်ပြုလူနာများ အနက် သေဆုံးသူ (၅)ဦးရှိပြီ ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၈-၄-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

**(၂၇-၄-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှု**

| | |
|---|---|
| (၂၇-၄-၂၀၂၀) ရက်နေ့ အတွက်ဓာတ်ခွဲစစ်ဆေးမှု(ဓာတ်ခွဲနမူနာ) (NHL+DMR) | (၃၄၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL+DMR) | (၀) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၃၄၅)ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၈-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၇) ခုအနက် (၃) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၈၄) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။ (၂၈-၄-၂၀၂၀) ရက်နေ့၊ ညနေ (၇:၀၀) နာရီအချိန်တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၈) ခု၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၈-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၉) ဦးရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၆) ဦး (လူနာအမှတ် – ၆၊ ၁၉၊ ၂၀၊ ၂၄၊ ၂၅၊ ၂၉) ထပ်မံတွေ့ရှိသည်ဖြစ်၍ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ စုစုပေါင်း (၁၆) ဦးရှိပြီး ၎င်းတို့အား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၅)ဦးရှိပြီ ဖြစ်ပါသည်။

၄။ (၂၇-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၈-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၉)ဦး ရှိပါသည်။

၅။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲစစ်ဆေးမှုအဖြေများရရှိပါက ဆက်လက်သတင်းထုတ်ပြန်မည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား -၁

**ဆေးသုတေသနဦးစီးဌာန၏ ဓာတ်ခွဲစစ်ဆေးမှုတွင် COVID-19 လူနာတွေ့ရှိရမှု**
**(၂၈-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ယခု ဆေးကုသမှုခံယူလျက်ရှိသည့်/ခံယူစေမည့် ဆေးရုံ | 19-COVID ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| 147 | ၄၃ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (C-133, 142, 134) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။ |
| 148 | ၁၉ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (C-128) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | |
| 149 | ၁၅ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (C-128) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | |

* ကျန် (၁၄၂) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

**COVID-19 ရောဂါအတွက် ဆေးသုတေသနဦးစီးဌာနမှ**
**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၈-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၄-၂၀၂၀) ရက်နေ့၊ ညနေတွင် (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (NHL + DMR) | (၁၄၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL + DMR) | (၃) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) (NHL + DMR) | (၁၄၂) ဦး |

## ဒေးဒရဲနှင့် နွားထိုးကြီးမြို့နယ်တို့တွင် ကူးစက်ရောဂါကာကွယ်ရေးဥပဒေနှင့် ဒေသန္တရအမိန့် ဖောက်ဖျက်သူများအား ထောင်ဒဏ်ချမှတ်

**ဒေးဒရဲ**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဒေးဒရဲတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များ လိုက်နာမှု မရှိသူအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေဖြင့် ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှုဖွင့် အရေးယူခဲ့သည်။

ဒေးဒရဲတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဧပြီ ၂၂ ရက် ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီးမှ ဒေးဒရဲမြို့နယ်အတွင်းသို့ ဝင်ရောက်လာသော 1P/---- ပရိုဘောက်ယာဉ်မောင်း ဦးဇော်လွင်အား ခရီးသွားခွင့် ထောက်ခံစာပါရှိ မရှိ စစ်ဆေးမေးမြန်းခဲ့ရာ မချေမငံ ပြောဆိုသည့်အပြင် စစ်ဆေးမေးမြန်းခြင်းကို လက်ခံခြင်း မရှိဘဲ ကားကို ဒေးဒရဲမြို့တွင်းဘက်သို့ မောင်းနှင်ထွက်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင်က ဒေးဒရဲမြို့နယ် တရားရုံးသို့ အရေးယူပေးပါရန် ဦးတိုက်လျှောက်ထားသဖြင့် မြို့နယ်တရားသူကြီးက ဦးဇော်လွင်အား ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၁၅ အရ ငွေဒဏ်ကျပ် ၅၀၀၀ ပေးဆောင်စေ၊ ငွေဒဏ် မဆောင်ပျက်ကွက်က အလုပ်မဲ့ထောင်(၇)ရက် ကျခံစေရန် ယမန်နေ့ မွန်းလွဲ ၂နာရီက အမိန့်ချမှတ်ခဲ့ကြောင်း မြို့နယ်တရားရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နွားထိုးကြီး**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဒေသန္တရအမိန့်များ ချမှတ်ထားပြီးဖြစ်သော်လည်း ဧပြီ ၉ ရက်တွင် ခက်လန်းကျေးရွာအုပ်စု မြိုင်သာကျေးရွာရှိ ဒေါ်ညိုနေအိမ်သို့ ဦးထွန်းဝင်းဆန်းနှင့် ဒေါ်အေးအေးမြင့်တို့ လာရောက်လည်ပတ်ကြသည်ကို သိရှိရသဖြင့် ရာအိမ်မှူး ဦးမြဝင်း၎င်းတို့ နှစ်ဦးအား ဒေါ်ညိုနေအိမ်တွင် ၁၄ ရက် အပြင်သို့မထွက်ရန် ဝန်ခံကတိလက်မှတ်ရေးထိုးစေခဲ့သော်လည်း လိုက်နာခြင်း မရှိသဖြင့် အရေးယူပေးပါရန် အကြောင်းကြားလာမှုအပေါ် နွားထိုးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒေသန္တရအမိန့်ကို ဖောက်ဖျက်မှုဖြင့် မြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် (၆)လစီ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်**




# ကယားပြည်နယ်မှ သွားလာကန့်သတ်စောင့်ကြည့်ခံရသော ပြည်သူများ စားနပ်ရိက္ခာအတွက် ကမ္ဘောဇဘဏ်က ငွေကျပ်သိန်း ၃၀၀ လှူဒါန်း

နေပြည်တော် ဧပြီ ၂၈

**ကယားပြည်နယ်အတွင်း သွားလာကန့်သတ်စောင့်ကြည့်ခံရသော ဝင်နေသော စောင့်ကြည့်လူနာများ၏ စားနပ်ရိက္ခာအတွက် ငွေကျပ်သိန်း ၃၀၀ ကို ဧပြီ ၂၈ ရက်တွင် ကမ္ဘောဇဘဏ်က ကယားပြည်နယ် အစိုးရအဖွဲ့သို့ လှူဒါန်းခဲ့ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဇိုက လက်ခံရယူသည်။** (အပေါ်ပုံ)

ကယားပြည်နယ်တွင် သွားလာကန့်သတ် စောင့်ကြည့်ခံရသော စောင့်ကြည့်လူနာများအနက်မှ နေ့စဉ် စားသောက်စရိတ် အခက်အခဲ ရှိသော ပြည်သူတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစား အသောက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ ကို ကမ္ဘောဇဘဏ်မှ ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ဆောင်ရွက်နေသော ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် လိုအပ်သည့် ဆေးရုံသုံးအထောက်အကူပြု ပစ္စည်းများလည်း လှူဒါန်းလျက်ရှိသည်။ ကယားပြည်နယ်အတွင်း ရောဂါကာကွယ် ကုသရေးအတွက် အသက်ရှူစက်၊ အောက်ဆီဂျင်စက်များနှင့် Patient Monitorများ၊ CE standard PPE ဝတ်စုံများ၊ N95 Mask ဆေးရုံသုံးနှာခေါင်းစည်းများ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်များ၊ သာမိုမီတာများ၊ Hand Gel ဘူးများ နှင့် လက်သန့်ဆေးရည်များကိုလည်း ဧပြီလဆန်းပိုင်းက လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့အပြင် ချင်းပြည်နယ်အတွင်းရှိ သွားလာကန့်သတ် စောင့်ကြည့်ခံရသောစောင့်ကြည့်လူနာများအနက်မှ နေ့စဉ် စားသောက်စရိတ် အခက်အခဲရှိသော ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀၀ ကို ချင်းပြည်နယ်အစိုးရသို့ ဧပြီ ၂၈ ရက်က လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် လက်ရှိအချိန်၌ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ လေကြောင်းလိုင်းတို့က ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ငွေကျပ်သိန်းပေါင်း ၃၃၀၇၄ လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကိုကျော်**

# အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနရှိ ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးအာမခံများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဧပြီ ၂၈**

ကမ္ဘောဇအသက်အာမခံလုပ်ငန်း (KBZ LIFE Insurance) မှ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ ဓာတ်ခွဲနမူနာများကို ဓာတ်ခွဲစစ်ဆေးမှုများအား နေ့မအားညမနား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသော အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနရှိ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ကိုဗစ် – ၁၉ ဆိုင်ရာ ကူးစက်မှုဘေးအန္တရာယ် အကာအကွယ်များပါဝင်သည့် ကျန်းမာရေးအာမခံများ (တစ်နှစ်စာ) ကို ဧပြီ ၂၆ ရက်တွင် KBZ LIFE Insurance မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးနေမျိုးအောင်က ပေးအပ်လှူဒါန်းခဲ့ရာ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါ်ဌေးဌေးတင်က လက်ခံရယူခဲ့သည်။ **(အောက်ပုံ)**

KBZ LIFE Insurance မှ ယခု ပေးအပ်လှူဒါန်းသော အာမခံအကာအကွယ်အမျိုးအစားသည် တစ်ဦးလျှင် အမြင့်ဆုံးအကျိုးခံစားခွင့်အနေဖြင့် ငွေကျပ်သိန်း ၆၀ အထိ ရရှိနိုင်မည်ဖြစ်ပြီး ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်း ၁၀၀ အတွက် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိအချိန်အထိ ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ LIFE Insurance၊ Myanmar Airways International (MAI)နှင့် Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးရန်အတွက် စုစုပေါင်း ငွေကျပ်သိန်းပေါင်း သုံးသောင်းသုံးထောင့်ခုနစ်ဆယ့်လေးသိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်**



# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ မိသားစုမှ ကိုဗစ် - ၁၉ ရောဂါ ပိုးသတ်ဆေးဖျန်းစက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ပင်းတယ ဧပြီ ၂၈**

ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့တွင် အသုံးပြုရန်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း မိသားစုတို့က ကိုဗစ် – ၁၉ ရောဂါပိုးဆေးဖျန်းစက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းမှုကို ယနေ့နံနက် ၁၀ နာရီက ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ နေအိမ်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ဆေးဖျန်းစက် အသုံးပြုပုံကို လက်တွေ့သရုပ်ပြပြီး High Pressure Fog Cannon Diesel Generator နှစ်စုံ၊ Disinfection Chamber လေးခု စုစုပေါင်း ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ စက်ပစ္စည်းများကို ပင်းတယနှင့် ရွာငံမြို့နယ်များတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့တွင် အသုံးပြုရန်အတွက် ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာမြို့နယ်မှ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ (ဝဲပုံ)



ယင်းနောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက "ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယနဲ့ ရွာငံမြို့နယ်တွေက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ပိုမိုထိရောက်အောင် ကာကွယ်နိုင်ဖို့ လှူဒါန်းပေးတာဖြစ်ပါတယ်၊ လိုအပ်ခဲ့ပါကလည်း တတ်အားသရွေ့ ဆက်လက် လှူဒါန်းသွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

# သီပေါမြို့ စမ်းမာလာဥယျာဉ် ယာယီဈေးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်

**သီပေါ ဧပြီ ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာဝက်ဝံဈေးအတွင်းရှိ ပျံကျဈေးသည်များအား ယာယီပြောင်းရွှေ့နေရာချထားသည်။

ထိုသို့ စမ်းမာလာဥယျာဉ်အတွင်း ယာယီပြောင်းရွှေ့သော ဈေးဝင်ပေါက်၌ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်ကြီးကြပ်၍ ဈေးတာဝန်ခံဒေါ်အေးအေးလင်းနှင့် ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ဈေးရောင်းဈေးဝယ်သူများအနေဖြင့် သုံးပေအကွာအဝေးတွင် ရောင်းချဝယ်ယူရေး၊ အသားစိမ်း၊ ငါးစိမ်းရောင်းချသူ အနေဖြင့် နှာခေါင်းစည်းများ၊ လက်အိတ်များ တပ်ဆင်ရောင်းချကြရန်၊ ဈေးဝယ်သူများကလည်း နှာခေါင်းစည်းများတပ်ဆင်ရေး၊ စွန့်ပစ်အမှိုက်များကိုလည်း သတ်မှတ်နေရာများ၌ စည်းကမ်းတကျ စွန့်ပစ်ကြရန်နှင့် ဈေးဝင်ပေါက်နေရာများတွင် ရေ၊ ဆပ်ပြာနှင့် လက်သန့်ဆေးရည်များဖြင့် လက်ဆေးကြရန်တို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ယနေ့ နံနက် ၆ နာရီတွင် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိက ဈေးသူ ဈေးသားများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် တောင်သာမြို့နယ် ကျေးဇီတွင် ပညာပေး

**တောင်သာ ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇော်မင်းသိန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၃ ရက်က ကျောဇီဒေသခံများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လှည့်လည်ပညာပေးနှိုးဆော်ကြရာ မလိုအပ်ဘဲ အပြင်သို့မထွက်ကြရန် ပြင်ပသို့ သွားရောက်သည့်အခါတိုင်း နှာခေါင်းစည်းတပ်ဆင်ရန်၊ မကြာခဏလက်ဆေးရန်၊ လူစိမ်းအဝင်အထွက်များ သတိထားရန်နှင့် ထူးခြားမှုတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာသို့ အကြောင်းကြားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့် ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကျောက်ဖြူမြို့မဈေးကြီး ကုန်စိမ်းတန်းနှင့် IDP စခန်းတို့တွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆေးဖျန်း

**ကျောက်ဖြူ မေ ၂၈**

ကျောက်ဖြူမြို့မဈေးကြီးအတွင်း ကုန်စိမ်းတန်းနှင့် သား၊ ငါးတန်းများအား ကိုဗစ် – ၁၉ ရောဂါ ပြန့်ပွားမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေးအနေဖြင့် ယမန်နေ့က ပိုးသတ်ဆေးဖျန်းခြင်းနှင့် IDP စခန်းသို့ သွားရောက်၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါပိုးသတ်ဆေးဖျန်းရာသို့ ကျောက်ဖြူခရိုင် ကိုဗစ် –၁၉ ရောဂါ အသိပညာပေးရေးနှင့် သတင်းထုတ်ပြန်ရေး ကော်မတီအဖွဲ့၊ ခရိုင်မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ လေးဝတီကုလရက္ခိတ (ပရဟိတ) အဖွဲ့နှင့် ခူဝံကြယ် နာရေးကူညီမှုအသင်းတို့ ပူးပေါင်း၍ မြို့မဈေးကြီးရှိ ဟင်းသီးဟင်းရွက် ရောင်းချသည့်နေရာများ၊ သား၊ ငါး ရောင်းချသည့်နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဂုံးချွန်အုပ်စု၊ ကျောက်တစ်လုံး IDP စခန်းသို့သွားရောက်ကာ စခန်းတွင်နေထိုင်သူများအား ကိုဗစ် –၁၉ ရောဂါကာကွယ်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးကြောတတ်အောင်သင်ပြခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် မိမိကစ၍ ကာကွယ်ပါ အဓိကသတင်းစကား(၁၀)ချက်၊ ရောဂါ ဖြစ်ပွားဒေသမှ ပြန်လာသူများ ခွင့်သွားစဉ်/အိမ်တွင်နေထိုင်စဉ် လိုက်နာရမည့်အချက်များ၊ ရောဂါဖြစ်ပွားသူနှင့် အတူနေမိသားစုဝင်များ လိုက်နာရန်အချက်များအား အသံချဲ့စက်ဖြင့် ကြေညာနှိုးဆော်ပေးခဲ့သည်။

ယင်းနောက် IDP စခန်းရှိ ကျန်းမာရေးဆေးပေးခန်း၊ စာသင်ကျောင်း၊ ဗီဒီယိုရုံတို့အား ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါ အသိပညာပေးလုပ်ငန်းများသို့ စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



## မြောက်ဦးမြို့၌ ပင်စင်ထုတ်ယူသူများအား ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ထုတ်ပေးလျက်ရှိ

**မြောက်ဦး မေ ၂၈**

မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုများ မရှိစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်စားများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များနှင့်အညီ မေ ၂၁ ရက်မှ ၂၉ ရက်အတွင်း ထုတ်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

မြောက်ဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်သူဦးရေ ၁၆၀၀ ရှိသည့်အနက် ယနေ့အထိ ပင်စင်လာရောက်ထုတ်သူ ၆၀၀ ကျော်သာရှိသေးကြောင်း၊ ကိုဗစ်–၁၉ ရောဂါ မဖြစ်ခင်ကာလထက် ထုတ်ယူသူနည်းပါးသွားကြောင်း၊ ထုတ်ယူရန်ကျန်ရှိသူများကို ဘဏ်ဖွင့်ချိန်ရက်များတွင် ဆက်လက် ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် ပင်စင်လစာများကို ကိုယ်စားလှယ်လွှဲစာဖြင့်လည်းကောင်း၊ ငွေစုဘဏ်စာရင်းသို့ လွှဲပြောင်းပေးခြင်းဖြင့် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးမောင်နီက ပြောသည်။ ယင်းနောက် ဘဏ်ဝန်ထမ်းများကလည်း နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ လက်အိတ်များကို အသုံးပြုကာ ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့နောက် ပင်စင်လာရောက်ထုတ်ယူသူများအတွက်လည်း လက်ဆေးရန် ရေကန်များ၊ ဆပ်ပြာများ၊ တစ်ရှူးများ စီစဉ်ထားရှိပေးခြင်း၊ နှာခေါင်းစည်းများ မပါလာပါကလည်း ပေးဝေနိုင်ရန် စီစဉ်ထားကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ နေစေ၍ ပင်စင်လစာများကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**



## COVID – 19 ရောဂါ ကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းပေးအပ်

**ရမ်းဗြဲ မေ ၂၈**

ရမ်းဗြဲမြို့နယ်၌ Center For Diversity And Nation Harmony (CDNH) ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာ ရေးအဖွဲ့မှ Program Manager ဦးဇော်လင်းမောင်နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲက ရမ်းဗြဲမြို့နယ်အတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ရမ်းဗြဲမြို့နယ် ကုန်ဘောင်(၁) ဆေးရုံခန်းမ၌ ပေးအပ်လှူဒါန်းသည်။

အဆိုပါလှူဒါန်းပွဲသို့ ရမ်းဗြဲမြို့နယ်မှ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်ရီနှင့်လူမှုကူညီမှုအသင်းအဖွဲ့ဝင်များ၊ ကုန်ဘောင်(၁)စံပြကျေးရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောက်နီမော်ဒေသမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် Program Manager ဦးဇော်လင်းမောင်က ရမ်းဗြဲမြို့အတွက် နှာခေါင်းစည်း ၄၅၀၀၊ လက်သန့်ဆေးရည်ဘူး ၁၂၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၈ စုံ၊ ပိုစတာငါးခုနှင့် ကျောက်နီမော်ဒေသအတွက် နှာခေါင်းစည်း ၃၅၀၀၊ လက်သန့်ဆေးရည်ဘူး ၁၀၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၂ စုံနှင့် ပိုစတာသုံးခုကို လှူဒါန်းပေးရာ ရမ်းဗြဲမြို့အတွက် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်ရီနှင့် ရမ်းဗြဲမြို့နယ် လူမှုကူညီရေးအဖွဲ့မှ ဒေါ်ခင်ဝင်းကြည်တို့က လက်ခံရယူပြီး ကျောက်နီမော်ဒေသအတွက်ပစ္စည်းများကို ကျောက်နီမော်အုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်အေးတို့က လက်ခံရယူခဲ့သည်။ ဆက်လက်ပြီး ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းပေးအပ်သော CDNH အဖွဲ့အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အောင်နိုင် (ပြန်/ဆက်)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ကိုဗစ် - ၁၉ ကာလအတွင်း ကျန်းမာရေးဝန်ထမ်းများ၊ လူနာတင်ယာဉ်များနှင့် အငှားယာဉ်များအတွက် Max Energy က အထူးအစီအစဉ်ပြုလုပ်ပေးထား

**ရန်ကုန် မေ ၂၈**

ကိုဗစ် – ၁၉ ဖြစ်ပွားနေသည့်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသည့်ကျန်းမာရေးဝန်ထမ်းများနှင့် လူနာတင်ယာဉ်များ၊ အများပြည်သူ သွားလာရေးအတွက် ပြေးဆွဲပေးနေသည့် အငှားယာဉ်များအတွက် Max Enengy က အထူးအစီအစဉ် ပြုလုပ်ပေးထားပြီး ဈေးနှုန်းများ လျှော့ချရောင်းချပေးလျက်ရှိသည်။

Max Energy သည် ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ သွားလာရေးအဆင်ပြေစေရန်နှင့် အများပြည်သူသွားလာရေးကို ပို့ဆောင်ပေးနေသည့် အငှားယာဉ်များ အဆင်ပြေစေရန် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးခြင်းဖြစ်သည်။ Max Energy သည် Octane 92 RON ကို တစ်လီတာ ငွေကျပ် ၂၅၀၊ Octane 95 RON ကို တစ်လီတာ ငွေကျပ် ၃၀၀၊ Diesel ကို တစ်လီတာ ငွေကျပ် ၃၀၀ ဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ဆိုင်အားလုံးတွင် ရောင်းချပေးခြင်းဖြစ်ပြီး အထူးအစီအစဉ်ဖြင့် စတင်ရောင်းချသည့် မေ ၈ ရက်မှ မေ ၂၈ ရက်အထိ လီတာပေါင်း ၂၆၀၀၀၀၀ ကျော် ရောင်းချထားပြီး ဈေးနှုန်းလျှော့ချရောင်းချပေးမှု စုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၁၅၀၀ ဝန်းကျင်ရှိသည်။

"အခုလိုအချိန်က ရောဂါပြန့်ပွားမှု မဖြစ်အောင် အိမ်မှာနေတာ အသင့်တော်ဆုံးဖြစ်ပေမယ့် မဖြစ်မနေ အပြင်သွားလာနေရတဲ့သူတွေ၊ အလုပ်လုပ်နေရတဲ့သူတွေ ရှိပါတယ်။ Max Energy က အခုလို စီစဉ်ပေးတာ တော်တော်ကောင်းပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေဆိုရင်လည်း ရောဂါသက်သာပျောက်ကင်းအောင် ဆောင်ရွက်ပေးနေတဲ့သူတွေဖြစ်သလို အငှားယာဉ်မောင်းတွေကလည်း အများပြည်သူ သွားလာရ အဆင်ပြေအောင် ပြေးဆွဲပေးနေတာ ဖြစ်တယ်။ ခရီးသည်နည်းပါးတဲ့အချိန်မှာ အခုလို စီစဉ်ပေးတာ အလွန်ကောင်းမွန်ပါတယ်။ ကျွန်တော်တို့လည်း ပြေးဆွဲရတာ အဆင်ပြေတာပေါ့" ဟု အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

**ဖိုးသော်ဇင်**
**ဓာတ်ပုံ– ကိုမိုး**




## ကျောက်တော်မြို့၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**မြောက်ဦး မေ ၂၈**

ကျောက်တော်မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုများမဖြစ်ပေါ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းကာ ပြည်သူများ နေ့စဉ်ဝင်ထွက်သွားလာနေသောနေရာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆေးဖျန်းပေးခြင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းများပေးခြင်း၊ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်ကို စနစ်တကျဆေးတတ်စေရန် ပြသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်မှုများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့ပေါ် ရပ်ကွက်များအတွင်းသို့ အသံချဲ့စက်ဖြင့် လှည့်လည်ကာ လိုက်နာရမည့်အချက်များ၊ ဆောင်ရန်/ ရှောင်ရန်များကို အသိပေးနှိုးဆော်ခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း နံရံကပ်ဘုတ်များဖြင့် အသိပညာပေးကြော်ငြာဗီနိုင်းပိုစတာများ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံများပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ယင်းနောက် မြို့အဝင်ဂိတ်များဖြစ်သော မဟာမြတ်မုနိဘုရားအနီးရှိ အဝေးပြေးကားဂိတ်၊ မဟာကံကြီးရှင်ဘုရားကြီးရှေ့တို့တွင် ခရီးသွားပြည်သူများအား လက်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် မြို့မဈေးအတွင်းရှိ သား၊ ငါး၊ ဟင်းသီးဟင်းရွက်ရောင်းချနေသော ပျံကျဈေးဆိုင်များကို တစ်ဆိုင်နှင့် တစ်ဆိုင် ၆ ပေအကွာစီထားကာ ဈေးရောင်းချနိုင်ရန်ဆောင်ရွက်ထားရှိခြင်း၊ လက်ဆေးရေကန်များ ထားရှိပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် လုပ်ငန်းရှင်များက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၃၈ သိန်းတန်ဖိုးရှိ နှာခေါင်းစည်းများကို မြို့နယ်ပြန်/ဆက်ဝန်ထမ်းများနှင့် သွေးလှူရှင်များအသင်းတို့မှ ဈေးဝယ်ရန် ရောက်ရှိလာသူများနှင့် ခရီးသွားပြည်သူများအား ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**



## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ မင်းတပ်မြို့၌ လှူဒါန်း

**မင်းတပ် မေ ၂၈**

အဆိုတော် ထူးအယ်လင်းက မင်းတပ်မြို့မှ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး လူမှုကူညီရေးအရပ်ဘက်အဖွဲ့အစည်းထံ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းများကို ယနေ့ နံနက်ပိုင်းက မင်းတပ်မြို့ ၅ မိုင် ဟုန်းဟုန်းဟိုတယ်၌ ပေးအပ်လှူဒါန်းသည်။

အဆိုတော် ထူးအယ်လင်းက "ကျွန်တော်အခု ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့မှာ နေထိုင်ကြတဲ့မိဘပြည်သူတွေ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးမှာ အသုံးပြုဖို့အတွက် လက်အိတ်တစ်ဘူး၊ နှာခေါင်းစည်း အခု ၂၀၀၊ ခေါင်းပေါင်းဦးထုပ် အခု ၄၀၊ ရောဂါကာကွယ်ရေးဝတ်စုံ လေးစုံနဲ့ ကလိုရင်း လက်သန့်ဆေးရည်ခြောက်ဘူးကို မင်းတပ်မြို့မှာရှိတဲ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး လူမှုကူညီရေးအရပ်ဘက်အဖွဲ့အစည်းကို လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ဒီမနက် ဈေးမှာရောင်းတဲ့ ဈေးသည်တွေ စနစ်တကျနဲ့ သုံးပေအကွာကနေ နှာခေါင်းစည်းတွေတပ်ပြီး ရောင်းနေတာတွေ့တော့ ဝမ်းသာပါတယ်။ ဖြစ်နိုင်ရင် ငါးပေနဲ့ ခြောက်ပေအကွာကနေ ရောင်းကြစေချင်တယ်။ အဓိကကတော့ ပလက်ဝနဲ့ ဆမီးက နေရပ်စွန့်ခွာစခန်းတွေမှာရှိတဲ့ ပြည်သူတွေ ကျန်းမာရေး ကဏ္ဍနဲ့ စားဝတ်နေရေးအဆင်ပြေဖို့အတွက် တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးဖို့လာတာပါ။ အဲဒီမှာ နှာခေါင်းစည်းတွေ၊ လက်သန့်ဆေးရည်ဘူးတွေ၊ လက်အိတ်တွေနဲ့ အခြားအမျိုးသမီးအသုံးအဆောင်တွေကို လှူဒါန်းပေးသွားမှာပါ" ဟု ပြောသည်။

**ခိုင်ရှိန်းမောင် (ပြန်/ဆက်)**

# ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ရိက္ခာများ ဆမီးမြို့မှ ပလက်ဝမြို့သို့ရောက်ရှိ၊ ရာသီဥတုကောင်းမွန်ပါက ဆမီးရှိ ရိက္ခာပစ္စည်းများအား ပလက်ဝသို့ ဆက်လက်ပို့ဆောင်သွားမည်

**နေပြည်တော် မေ ၂၈**

ချင်းပြည်နယ်၊ ပလက်ဝဒေသအတွင်း AA အကြမ်းဖက်သောင်းကျန်းသူများက ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ပိတ်ဆို့ခဲ့မှုကြောင့် ဒေသတွင်း ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမရှိသဖြင့် ဒေသခံ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုက်ပွဲရှောင်ပြည်သူများမှာ စားရေးအခက်အခဲများကြုံတွေ့နေရကြောင်း သိရသည်။

ထိုသို့ ကြုံတွေ့နေသည့်အတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် NGO အဖွဲ့အစည်းများ က လှူဒါန်းထားသည့် ဆန်အိတ် ၈၃၀ ၊ ဆီ ပိဿာ ၂၀၀၊ ကြက်သွန်နီ ပိဿာ ၇၅၀ ၊ အာလူး ပိဿာ ၃၀၀ နှင့် ဆေးမျိုးစုံ ပါဝင်သော ဆေးပုံး ၁၈ ပုံးတို့ကို မေ ၁၉ ရက်တွင် လည်းကောင်း၊ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စားသုံးရန်အတွက် ဆန်အိတ် ၄၀၀၀ ကျော်နှင့် အခြားအမယ်စုံ ရိက္ခာများကို မေ ၂၄ ရက်တွင်လည်းကောင်း AA အကြမ်းဖက်သောင်းကျန်းသူများက နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့နှောင့်ယှက်မှုများကြားမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ကာ ပလက်ဝမြို့သို့အရောက် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း။

အလားတူ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် NGO အဖွဲ့အစည်းများက လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ပဲ၊ ဆား ရိက္ခာများအနက် မေ ၂၆ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တပ်မတော်ယာဉ်အစီး ၄၀ ဖြင့် ဆမီးမြို့မှ ပလက်ဝမြို့သို့ သယ်ဆောင်ခဲ့ရာ ယနေ့တွင် ဆန်အိတ် ၂၀၀၀၊ စားဆီ ပိဿာ ၁၈၀၀၊ ဆား ပိဿာ ၁၈၀၀၊ ကုလားပဲ ပိဿာ ၃၆၀၀၊ အိမ်သာခွက် / ပိုက် ၃၃ စုံ၊ အဝတ်အစား အိတ် ၅၀၊ ဆပ်ပြာမျိုးစုံ ၁၀ ဖာ၊ ဖိနပ်မျိုးစုံ ၁ အိတ်၊ မာမား ခေါက်ဆွဲ ၃၃ ဖာနှင့် ၂ ကတ် တို့သည် ပလက်ဝမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြောင်း၊ အဆိုပါ ပစ္စည်းများအား နယ်မြေခံတပ်မှူးက မေ ၂၉ ရက်တွင် ပလက်ဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လောဟာနှင့် တိုက်ပွဲရှောင်ကူညီရေးကော်မတီတို့ထံ လွှဲပြောင်းပြီး တိုက်ပွဲရှောင်ပြည်သူများနှင့် မြို့ပေါ် ၄ ရပ်ကွက်ရှိ ဒေသခံပြည်သူများအား အခမဲ့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ပလက်ဝဒေသရှိ ဒေသခံပြည်သူများအတွက် WFP မှ ထောက်ပံ့သော ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို မတူပီမြို့မှ ပလက်ဝမြို့သို့ ပို့ဆောင်ရန် မေ ၂၅ ရက်တွင် မတူပီမြို့မှ ထွက်ခွာခဲ့ပြီး ဆမီးသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ရိက္ခာများကို ပလက်ဝမြို့သို့ ဆက်လက်ပို့ဆောင်ရန်အတွက် ရာသီဥတုဆိုးရွားပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါရိက္ခာယာဉ်များ၏ လုံခြုံရေးအတွက် လမ်းလုံခြုံရေး ဆောင်ရွက်ပေးနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆမီးနှင့် ပလက်ဝ အကြား၌ AA အကြမ်းဖက်သောင်းကျန်းသူများက ယမန်နေ့နံနက်ပိုင်းက နှောင့်ယှက်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း။

ပလက်ဝမြို့တွင် ရောက်ရှိပြီးဖြစ်သော ရိက္ခာများမှာ ဒေသရှိဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် လုံလောက်မှုရှိကြောင်းနှင့် ဆမီးတွင် ရောက်ရှိနေသော ရိက္ခာများကို ရာသီဥတုကောင်းမွန်ပါက ပလက်ဝမြို့သို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရော်ဘာဈေးနှုန်းကျဆင်းနေမှုကြောင့် အစေးထုတ်ယူမှု ရပ်နားထားရ

**ချောင်းဆုံ မေ ၂၈**

ယခုနှစ်အတွင်း မွန်ပြည်နယ်ချောင်းဆုံမြို့နယ်ရှိ ရော်ဘာခြံရှင်အများစုက ယခင်နှစ်များနှင့်မတူဘဲ ရော်ဘာဈေးနှုန်းအဆမတန် ကျဆင်းနေသည့်အတွက် ခြံရှင်များနှင့်အတူ ရော်ဘာစေးအငှားခြစ်သူ အလုပ်သမားများကလည်း လုပ်ငန်းရပ်နားထားရကြောင်း ဒေသခံရော်ဘာခြံရှင်များထံမှ သိရသည်။

"ရော်ဘာဈေးက အရင်က ဒီလိုအချိန်ဆိုရင် အနည်းဆုံးတစ်ပေါင်ကို ငွေကျပ် ၇၅၀ နဲ့ အဝယ်ဒိုင်တွေက ဈေးပေးပြီး လိုက်ဝယ်သေးတယ်။ ဒီနှစ်ကျတော့ ရော်ဘာဈေးက ထိုးကျနေတာ အခုဆိုရင် တစ်ပေါင်ကို ငွေကျပ် ၃၅၀ ပဲရတော့တယ်ဆိုတော့ အလုပ်သမားငှားပြီး ခြစ်ရတဲ့သူတွေအတွက်က အရင်းတောင်မရဘဲ ဖြစ်နေတယ်။ နောက်ပြီး ဒီနှစ်အတွင်းမှာ ရော်ဘာကလည်း သိသိသာသာ အစေးထွက်နှုန်းနည်းနေတော့ ခြံရှင်တိုင်းလိုလို ပိတ်လိုက် ကြတာများပါတယ်" ဟု ခရိုက်သစ်ကျေးရွာနေ ရော်ဘာခြံပိုင်ရှင် ဒေါ်ထွေးရီက ပြောသည်။

"ရော်ဘာခြံအများစု ပိတ်လိုက်သည်နှင့်တစ်ပြိုင်နက် ရော်ဘာခြံ အစေးခြစ်သမားအများစုကလည်း အလုပ်ရပ်ထားနေရတယ်လေ။ အရင်နှစ်ကဆိုရင် ဒီအချိန်တွေမှာ ရော်ဘာခြံ ဧက ၅ ဧကခြစ်လို့ရှိရင် တစ်နေ့ ရော်ဘာအပြား (သုံး ပေါင်း)၂၀ လောက်ထွက်တယ်။ အခုက ရော်ဘာဈေးကလည်း မရှိ။ အစေးထွက်နှုန်းကလည်း ထက်ဝက်လောက် လျော့သွားတော့ ခြံရှင်တွေအနေနဲ့က လည်း အစေးအငှားခြစ်တဲ့ သူတွေများတော့ မကိုက်တော့ဘူးလေ။ အဲဒီတော့ တခြားအလုပ်ပဲ လိုက်ရှာပြီး စားဝတ်နေရေးအတွက် အဆင်ပြေအောင် ကြိုးစားရတာပေါ့" ဟု ရော်ဘာအစေးအငှားခြစ်သူ ကိုလင်းဇော်က ပြောသည်။

ချောင်းဆုံမြို့နယ်အတွင်း ရော်ဘာအဝယ်ဒိုင်များက ယခုနှစ်တွင် ရော်ဘာဈေးနှုန်းများ ကျဆင်းနေသည့်အတွက် အဝယ်ဒိုင်များကလည်း ရောင်းဝယ်မှုပိတ်ထားရကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး ရော်ဘာဈေးနှုန်းကျဆင်းသွားကြောင်း၊ ယခုလက်ရှိအချိန်တွင် ရော်ဘာအရည်အသွေးပေါ်မူတည်ပြီး တစ်ပေါင်ကို ငွေကျပ် ၃၅၀ နှင့် ၅၀၀ အတွင်းသာ ပေးဝယ်နေရကြောင်း ရော်ဘာအဝယ်ဒိုင်များထံမှ သိရသည်။

**ထူးအိမ်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈- ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၄၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၅/၄၅၅ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၅/၄၇၀ | ကျပ် | ၄၇၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၄၀/၃၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၅၀ | ကျပ် | ၄၉၅/၅၂၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၉ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၉ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၁ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၈ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၅ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၉ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၉၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၂၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၁၀၅၀၀ | ၁၂၈၂ | ၁၂၈၆၁၀၀၀ |
| MTSH | ၃၇၀၀ | ၃၈၀၀ | ၂၉၆၉၆ | ၁၁၁၇၄၆၁၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၂ | ၁၆၆၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၇၂ | ၁၅၈၄၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁ | ၂၈၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

# AA အကြမ်းဖက်သောင်းကျန်းသူများက မြောက်ဦးမြို့ရှိ နယ်မြေခံရဲတပ်ရင်း၌ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်သားတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် မေ ၂၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ နယ်မြေခံရဲတပ်ရင်း၌ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်သား ၁ ဦးအား အကြမ်းဖက်သောင်းကျန်းသူများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြောက်ဦးမြို့ရှိ နယ်မြေခံရဲတပ်ရင်း၌ တာဝန်ထမ်းဆောင်နေသည့် ရဲဒုတိယတပ်ကြပ် ၁ ဦးနှင့် ရဲတပ်သား ၂ ဦးတို့သည် မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် မြောက်ဦးမြို့သို့ ဈေးဝယ်ရန် သွားရောက်ခဲ့ပြီး ပြန်လည်ထွက်ခွာလာရာ ရတနာ့မာန်အောင်ဘုရားလမ်းရှိ သီဟိုဠ်ခြံအနီးသို့ အရောက်၌ အရပ်ဝတ်များ ဝတ်ဆင်ထားသော တုတ်၊ ဓားများ ကိုင်ဆောင်ထားသည့် AA အကြမ်းဖက်သောင်းကျန်းသူ ၈ ဦးက ဝိုင်းရံဖမ်းဆီးခဲ့သဖြင့် ရဲတပ်သား ၁ ဦး ဖမ်းဆီးခံခဲ့ရကြောင်း။

အဆိုပါ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူအား ပြန်လည်ရရှိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မမြင်ရတဲ့ရန်သူနဲ့ တိုက်ပွဲမှာ ... တစ်ထောင့်တစ်နေရာ

**ခင်ရတနာ**

တစ်နေ့လုံး အပူရှိန်ပြင်းခဲ့သည့်နေက အနောက်ဘက်သို့ ဝင်လုပြီ။ ညနေခင်း ဈေးတန်းလေး၏ လမ်းမထက်ဝယ် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လက်ကိုင်စပီကာတစ်ခုဖြင့် ပြည်သူများကို အသိပညာပေး ဆော်သြနေသူ တစ်ဦးရှိသည်။ မကြာခဏ လက်ဆေးရန်၊ လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေကြရန်၊ အပြင်သွားပါက Mask တပ်ဆင်ကြရန် စသည့်အချက်များ အပါအဝင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပေးလမ်းညွှန်ချက်များက လက်ကိုင်စပီကာမှတစ်ဆင့် ထွက်ပေါ်လာသည်။ သူနှင့် မလှမ်းမကမ်းတွင်လည်း ဌာနဆိုင်ရာဝန်ထမ်း ဝတ်စုံကိုယ်စီနှင့် အခြားအဖွဲ့သားများက ဈေးသည်နှင့် ဈေးဝယ်များကို ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ဆောင်ရန်ရှောင်ရန် လက်ကမ်းစာစောင်ကလေးများ ဝေငှနေသလို အချို့ကလည်း ပညာပေးပိုစတာများကို နံရံများတွင် ကပ်နေသည်။ နေရာက ပြည်မြို့ ရွှေဆံတော်ဘုရားအနီး ညနေခင်း ဈေးကလေးတစ်ခုဖြစ်သည့် ဖက်တန်းဈေးတွင်ဖြစ်သည်။ ဤသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေကြသည့် မြင်ကွင်းတစ်ခုဖြစ်သည်။



ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်သူများသို့ တင်ပြရန်အတွက် ရိုက်ကူးရေး ဆောင်ရွက်နေသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ။

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်တာဝန်သုံးရပ်မှာ ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဟူ၍ ဖြစ်ပြီး ယင်းတာဝန်ကို ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါပြည်တွင်းသို့ မဝင်ရောက်မီ၊ ဝင်ရောက်ချိန်နှင့် တွန်းလှန်ကာကွယ်ကြစဉ်ကာလတစ်လျှောက် နိုင်ငံတော်၏ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ကြီးဌာနအသီးသီးတို့အပြင် ပရဟိတမောင်နှမများ အားလုံးနည်းတူ ကူညီအားဖြည့်ပေးနေကြသူများလည်း ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းအချက်အလက်များ ပြည်သူ့ထံအရောက်ပေးပို့နိုင်ရေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူ့ထံပေးပို့သည့် သတင်းစကားများအပြင် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံ သတင်းထုတ်ပြန်နိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ၊ MOI ဝက်ဘ်ဆိုက်၊ ဝက်ဘ်ပေါ်တယ်တို့နှင့် Myanmar Digital News အွန်လိုင်းသတင်းစာများအပြင် ဌာန၏ အင်တာနက်၊ လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် အချိန်မဆိုင်း တင်ဆက်အားဖြည့်နေသည်ကို သတင်းစာဖတ်ရှုသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကြည့်ရှုအားပေးကြသူများနှင့် အွန်လိုင်းမှ ကြည့်ရှုကြသူများ အားလုံးအသိပင် ဖြစ်ပါသည်။



ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူလူထု သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေး ရှင်းလင်းစဉ်။

## ကိုဗစ်-၁၉ မလာရောက်မီ

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက တရုတ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားနေချိန်ကတည်းက ဗိုင်းရပ်စ်၏ စရိုက်လက္ခဏာများ၊ ရောဂါကူးစက်နိုင်မှုများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတိပေးချက်များကို ၂၀၂၀ ပြည့်နှစ်၊ နှစ်ဆန်းပိုင်းတစ်လျှောက် သတင်းများ ဖော်ပြခြင်း၊ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာသတင်းများအဖြစ် ဖော်ပြပေးခြင်းအပြင် ကျန်းမာရေးပညာရှင်များ၏ ဆောင်းပါးများစွာ၊ ကောက်နုတ်ချက်များစွာ ထည့်သွင်းဖော်ပြခြင်း၊ ရုပ်သံလွှင့်တင်ခြင်းတို့ကို သတင်းစာမျက်နှာများနှင့် ဖန်သားပြင်တို့တွင် ထုတ်လွှင့်ခဲ့၊ ပုံနှိပ်ဖော်ပြခဲ့ကြခြင်းဖြစ်ပါသည်။

ဇန်နဝါရီလမှသည် ဖေဖော်ဝါရီလကုန်ပိုင်းအထိ ကိုဗစ်-၁၉ ၏ နိုင်ငံတကာဖြစ်စဉ်များ၊ ပြည်တွင်းမြို့နယ်အသီးသီးမှ ပြင်ဆင်ထားရှိမှုများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြိုတင်အစီအမံများအပြင် ဝန်ကြီးဌာန၏ ပညာပေးရန်ဟူသည့် တာဝန်ဝတ္တရားနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာမှတ်သားရန်စသည့် ကျန်းမာရေးဌာနများမှ ထုတ်ပြန်ချက်များ အားလုံးကို ဝေဝေဆာဆာဖြင့် ဖော်ပြတင်ဆက်ခဲ့ကြပါသည်။







သတင်းစာတွင် နေ့စဉ်ဖော်ပြလျက်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး စာမျက်နှာများကို တွေ့ရစဉ်။

## ရေဒီယိုနှင့် ဖန်သားပြင်ပေါ်က ကိုဗစ်-သတင်းများ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သတင်းအစီအစဉ်များတွင် ထည့်သွင်းကြေညာပေးနိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နယ်ပယ်အသီးသီးတွင် ကိုဗစ်-၁၉ ကို တိုက်ပွဲဝင်နေကြသူများ တိုက်ရိုက်တွေ့ဆုံမှုအစီအစဉ်များကိုလည်း ထုတ်လွှင့်လျက်ရှိသည်။ ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ ပြောရေးဆိုခွင့်ရှိသူများနှင့် မကြာခဏ တွေ့ဆုံမေးမြန်းထုတ်လွှင့်ပေးခြင်း၊ ပေါ်ပေါက်လာသည့် ကောလာဟလသတင်းမှားများအား ပြန်လည်ဖြေရှင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပြည်သူများအတွက် အိမ်မှာနေကြရသည့် Stay at Home ကာလအတွင်း အပန်းပြေစေရန်အတွက် လူကြိုက်များသည့် ရုပ်ရှင်ဇာတ်ကားများအား ထုတ်လွှင့်ပြသခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ကျန်းမာရေးအသိပညာပေး အစီအစဉ်များကို ပိုမိုအသားပေးဖော်ပြခြင်းတို့ဖြင့် ကျရာအခန်းကဏ္ဍကို ပီပြင်စွာ ဖော်ဆောင်လျက်ရှိသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါသည်။

လက်ရှိအခြေအနေများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ကြားဖြတ်သတင်းများကို ဖော်ပြတင်ဆက်နေသည့်အပြင် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ရုပ်သံအစီအစဉ်များ၊ တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့် မြန်မာ့အသံရေဒီယို အစီအစဉ်များကို အွန်လိုင်းမီဒီယာများ ဖြစ်သည့် ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်၊ ယူကျု၊ Sound-Cloud တို့မှလည်း ကိုဗစ်-၁၉ ရောဂါအတွက် နောက်ဆုံးရအချက်အလက်များ၊ ပညာပေးအစီအစဉ်များကို မပြတ် ဖော်ပြပေးလျက်ရှိသည်။

## မြို့နယ်အသီးသီးမှ ပြန်ကြားပေးကြသူများ

နေ့စဉ်ဖြစ်ပျက်သမျှ မြို့ထဲရွာထဲရှိ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာများ၊ လှူဒါန်းမှုများ၊ ကူညီဆောင်ရွက်ပေးမှုများ၊ စည်းကမ်းမလိုက်နာသူများအား ထိန်းသိမ်းနေမှုများအပြင် ကပ်ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်ပေါင်းများစွာကို ရုပ်သံသတင်းအဖြစ် လည်းကောင်း၊ ပုံနှိပ်သတင်းအဖြစ် လည်းကောင်း၊ အွန်လိုင်းသတင်းအဖြစ် လည်းကောင်း အသွင်မျိုးစုံဖြင့် ဖော်ပြပေးနေသူများလည်း ရှိပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရုံးခွဲပေါင်း ၁၅ ရုံးအပြင် ခရိုင်နှင့် မြို့နယ်ရုံးခွဲပေါင်း ၄၁၇ ရုံးအထိရှိရာ ယင်းရုံးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသတိုက်ဖျက်ရေးဆိုင်ရာ သတင်းရေးသားပေးပို့မှုမှာ နေ့စဉ်အပုဒ်ရေ ၁၅၀ ထက်မနည်း ရှိနေသည်ကိုလည်း မြင်တွေ့ရသည်။ **စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများသည် သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းစဉ်များတွင်လည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြရသကဲ့သို့ နယ်မြေဒေသအသီးသီးရှိ ၎င်းတို့ရပ်ရွာ လှုပ်ရှားမှုများကိုလည်း စဉ်ဆက်မပြတ် သတင်းရေးသား ဖော်ပြပေးလျက်ရှိသည်။ ထို့ပြင် ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များအတွက်လည်း လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ကိုယ်တိုင်ကွင်းဆင်းပညာပေးခြင်း အပြင် နံရံကပ်ပိုစတာများ၊ ဆောင်းဘောက်စ်များ၊ လက်ကိုင်စပီကာများ အသုံးပြုကာ ထိထိရောက်ရောက် ပညာပေးအစီအစဉ်များတွင် ပါဝင်အားဖြည့်နေကြသူများလည်း ဖြစ်ပါသည်။



ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တွေ့ဆုံမေးမြန်း ရိုက်ကူးစဉ်။

## ❑ ကိုဗစ်-၁၉ သည် သာမန်မျက်စိဖြင့် မမြင်နိုင်၊ မသိနိုင်။ သို့သော် သူ၏ တိုက်ခိုက်မှုကား ပြင်းထန်လွန်းလှသည်။ ဝန်ကြီးဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများကလည်း စီးပွားရေး၊ လူမှုရေး၊ အလုပ်သမားအရေး၊ ကူညီကယ်ဆယ်ရေး စသည်ဖြင့် တာဝန်ကိုယ်စီထမ်းကာ ပြည်သူ့အတွက် မမြင်တွေ့ရသည့် ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်နေ

## ❑ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးသည်လည်း မမြင်နိုင်၊ မတွေ့နိုင်ဘဲ အန္တရာယ်ကြီးသည့် ဗိုင်းရပ်စ်ပိုးမှဖြစ်သော ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် နိုင်ငံအတွက်၊ ပြည်သူအတွက် တစ်ထောင့် တစ်နေရာမှသည် တတ်စွမ်းသမျှ ပါဝင်တိုက်ပွဲ ဆင်လျက်ရှိနေ

### ကိုဗစ်-၁၉ နှင့် နိုင်ငံပိုင်သတင်းစာများ

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် နောက်ဆုံးရ သတင်းအချက်အလက်များ၊ နိုင်ငံတော်မှ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် အခြားအခြားသော သိသင့်သိထိုက်သည့် ဆင်ခြင်သတိပြုဖွယ်ရာများကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ ကြေးမုံ၊ မြန်မာ့အလင်းနှင့် ဂလိုဘယ် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာကြီးများက ဇန်နဝါရီလဆန်းပိုင်းမှ စတင်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ပြည်သူများအတွက် သတင်းစာခေါင်းကြီး (အယ်ဒီတာ့အာဘော်)အဖြစ် ကိုဗစ်-၁၉ ရောဂါဆင်ခြင်သတိပြုဖွယ်နှင့် ပြည်သူများ သတိပြုလိုက်နာဖွယ်ရာများကို ဖြစ်စဉ်အစမှသည် ယနေ့အထိ နေ့စဉ်နီးပါး ရေးသားဖော်ပြပေးနေခြင်း၊ ပညာရှင်များ၏ အတွေးအမြင်များ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ အခက်အခဲများနှင့် ပြင်ဆင်ထားရှိမှုများကိုလည်း ဌာန၏ သတင်းထောက်များမှ ကိုယ်တိုင်သွားရောက်တွေ့ဆုံမေးမြန်းကာ ရေးသားဖော်ပြခြင်းများလည်း ပြုလုပ်လျက်ရှိသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ သတင်းထောက်များ၊ မြို့နယ်အသီးသီးမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများရှိ သတင်းထောက်များ၊ အနယ်နယ် အရပ်ရပ်မှ မြို့နယ်သတင်းထောက်များက နေ့စဉ်ရေးသားပေးပို့လာသည့် ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ တိုက်ဖျက်ရေး စသည့်သတင်းပုဒ်ရေပေါင်းများစွာကို သတင်းစာများအတွင်း ထည့်သွင်းဖော်ပြခြင်း၊ သတင်းစာတိုက်များ၏ လူမှုကွန်ရက်စာမျက်နှာ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်စာမျက်နှာများအပြင် သတင်းနှင့်စာနယ်ဇင်းမှ တာဝန်ယူ သတင်းလွှင့်တင်နေသည့် Myanmar Digital News ဒစ်ဂျစ်တယ်သတင်းစာများတွင်လည်း ဆက်တိုက်ဖော်ပြပေးလျက်ရှိသည်။

ပြည်သူများအတွက် သတင်းအချက်အလက် ပိုမိုခိုင်မာစေရန် တိကျသည့် သတင်းထုတ်ပြန်မှုများအား သိရှိနိုင်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် သတင်းအချက်အလက်များအားလည်း သတင်းစာများအတွင်း မတ်လမှ စတင်၍ အရှိန်အဟုန်မြင့်ကာ နေ့စဉ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး အစီအစဉ်ကို လေးမျက်နှာ ပုံမှန်ထည့်သွင်းဖော်ပြပေးလျက်ရှိသည်။ သတင်းသုတေသန မှတ်တမ်းများအရ နေ့စွဲတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ခြင်းနှင့် ကုသမှုဆောင်ရွက်ခြင်းဆိုင်ရာ မြို့နယ်သတင်းပေါင်း အပုဒ်ရေ ၇၀ မှ ၁၀၀ အကြား ထည့်သွင်းဖော်ပြနိုင်ခဲ့သည်ကို မြင်တွေ့ရပါသည်။ ထို့ပြင် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာမျက်နှာများတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာ ပညာပေးအစီအစဉ်များကို ထည့်သွင်းခြင်းဖြင့် တတ်စွမ်းသမျှ ပြန်ကြားပေးလျက်ရှိသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ သည် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့ကို စိတ်ဒုက္ခ ဖြစ်စေလျက် လူသားတို့၏ အကျိုးစီးပွားကို ခြိမ်းခြောက်လျက်ရှိသည်။ နိုင်ငံအသီးသီးမှ ခေါင်းဆောင်များသည် နိုင်ငံသားများ၏ အကျိုးအတွက် ရှုထောင့်ပေါင်းစုံမှ အဖြေရှာကာ ကိုဗစ်-၁၉ ရောဂါကို တွန်းလှန်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း သံသယရှိသူ စောင့်ကြည့်လူနာများအဖြစ် ထားရှိခြင်း၊ ကျန်းမာနေသူများအား ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေးဆိုင်ရာ အကြံပေးချက်များ ထုတ်ပြန်ခြင်း၊ ကာကွယ်ခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နေသကဲ့သို့ ရောဂါဝေဒနာ ခံစားရသူများကိုလည်း ပျောက်ကင်းသက်သာအောင် ကျန်းမာရေးဝန်ထမ်းများက ကူညီစောင့်ရှောက်ပေးလျက်ရှိပါသည်။

ကိုဗစ်-၁၉ သည် သာမန်မျက်စိဖြင့် မမြင်နိုင်၊ မသိနိုင်။ သို့သော် သူ၏ တိုက်ခိုက်မှုကား ပြင်းထန်လွန်းလှသည်။ ဝန်ကြီးဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများကလည်း စီးပွားရေး၊ လူမှုရေး၊ အလုပ်သမားအရေး၊ ကူညီကယ်ဆယ်ရေး စသည်ဖြင့် တာဝန်ကိုယ်စီထမ်းကာ ပြည်သူ့အတွက် မမြင်တွေ့ရသည့် ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည်။ ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးသည်လည်း မမြင်နိုင်၊ မတွေ့နိုင်ဘဲ အန္တရာယ်ကြီးသည့် ဗိုင်းရပ်စ်ပိုးမှဖြစ်သော ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် နိုင်ငံအတွက်၊ ပြည်သူအတွက် တစ်ထောင့်တစ်နေရာမှသည် တတ်စွမ်းသမျှ ပါဝင်တိုက်ပွဲဆင်လျက် ရှိနေပါကြောင်း။ ။




ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ သတင်းစာတွင် အသိပေးနှိုးဆော်ချက်များဖြင့် ဖော်ပြထားမှုကို တွေ့ရစဉ်။





ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူလူထု သိရှိလိုက်နာရမည့် အချက်များကို လက်ကိုင်စပီကာဖြင့် အသိပေးနှိုးဆော်မှုကို တွေ့ရစဉ်။

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းများနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ


(ယမန်နေ့မှအဆက်)

## အပိုင်း(၃)တည်နေရာမြေပုံ ကြည့်ရှုခြင်း





အသုံးပြုလို့ရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး မြေပုံ(Map)ကို နှိပ်လိုက်ပါက မိမိသွားရောက်ထားတဲ့ Location များကိုအမှတ်အသားများနဲ့ ပြနေပါလိမ့်မယ်။

## အပိုင်း(၄)ကျန်းမာရေးအခြေအနေသတင်းပေးပို့ခြင်း





အသုံးပြုလို့ရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး သတင်းပို့ပါ(Report)ကို နှိပ်လိုက်ပါက မိမိရဲ့ခံစားနေရတဲ့ ကျန်းမာရေးအခြေအနေကို အမှန်ခြစ်ပေး၍ အတည်ပြုပါ (Submit) ကိုနှိပ်ပြီး ပေးပို့နိုင်ပါတယ်။


## အပိုင်း(၅)အထောက်အကူပြုအချက်အလက်များ




စောစောရှာအက်ပလီကေးရှင်းရဲ့ ညာဘက်အပေါ်ထောင့်မှာ မိမိအတွက် လိုအပ်တဲ့အချက်အလက်များကို ဖော်ပြထားပါတယ်။ ပထမဦးဆုံး ဖော်ပြထားတာကတော့ မိမိအသုံးပြုနေတဲ့ ဗားရှင်း၊ ဆက်လက်ပြီး ဆက်သွယ်ရန် (Contact) ကိုနှိပ်လိုက်ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်တွေ၊ ဌာနတွေကို ဖော်ပြထားပါတယ်။




Terms & Condition များကို ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။




အောက်ဆုံးမှာရှိတဲ့ About ကိုနှိပ်ပြီး ဝင်ရောက်ကြည့်ရှုပါက စောစောရှာ အက်ပလီကေးရှင်း ထုတ်ဝေမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာ၊ ဌာနတံဆိပ်များနဲ့ အသုံးပြုသူ တစ်ဦးစီအတွက် UUID နံပါတ်တွေကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

**စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ သက်ဆိုင်ရာနယ်မြေတွေမှာ ကိုဗစ် - ၁၉ နဲ့ ပတ်သက်လို့ တာဝန်သိစိတ်နဲ့ အခုလို ဆောင်ရွက်ပေးနေတာကို အသိအမှတ်လည်း ပြုပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဤသို့ဆောင်ရွက်ရာတွင် လူမျိုး၊ ဘာသာခွဲခြားခြင်း၊ နေထိုင်ရာဒေသခွဲခြားခြင်း အလျဉ်းမရှိဘဲ နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း မှီတင်းနေထိုင်သူ မည်သူ့ကိုမျှ ချန်လှပ်မထားရေးမူဝါဒဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုရာ ဒေသများတွင်လည်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေး ကော်မတီကို နိုင်ငံတော်သမ္မတရုံးက ဧပြီ ၂၇ ရက်စွဲဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ယင်းကော်မတီ၏ ဆောင်ရွက်မှုများ၊ ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးနှင့် မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-



ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး

**မေး ။ ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရှိတဲ့ ဘယ်နေရာဒေသတွေမှာ ပြည်ပက ပြန်လည်ဝင်ရောက်လာတဲ့ နေရပ်ပြန်တွေ ရှိပါသလဲ။**

ဖြေ ။ ။ အခုလက်ရှိ ဝင်ရောက်နေတာကတော့ ကချင်ပြည်နယ် လိုင်ဇာ၊ လွယ်ဂျယ်ဘက်က ဝင်နေပါတယ်။ အဲဒီဘက်က ဝင်ရောက်လာကြသူတွေကိုလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ချိတ်ဆက်ပြီးတော့ လိုအပ်တာတွေ ဆောင်ရွက်ပေးနေပါတယ်။ "ဝ" ဒေသ ဘက်က ဝင်လာတဲ့သူတွေက မိုင်းယန်းကို ရောက်လာတယ်။ မိုင်းယန်းကို ရောက်တဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး မိုင်းလားမှာ Quarantine ၂၁ ရက် ထားရှိ ဆောင်ရွက်ပါတယ်။ မိုင်းလား Quarantine Center မှာ ၇ ရက်နေ့ကစပြီး Quarantine ဝင်ကြတယ်။ ဒီနေ့မှာပဲ ၂၁ ရက်ပြည့်ပြီဖြစ်တဲ့အတွက် မိုင်းယန်းကို ပြန်လည်လွှဲပြောင်းပေးလိုက်ပါပြီ။ Quarantine ဝင်ရောက်ပြီး ပြန်သွားကြတဲ့ လူတွေကိုလည်း Certificate တွေ လုပ်ပေးလိုက်ပါတယ်။

တစ်ဆက်တစ်စပ်တည်းမှာပဲ မိုင်းလားမှာ တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ဆစ်ဆောင်ပန်းနားပြည်နယ်ဘက်က ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ စမ်းသပ်စစ်ဆေးတဲ့ ကိရိယာတွေအားလုံး လာပေးထားပါတယ်။ စစ်ဆေးပြီးကြောင်း အထောက်အထားတွေကို တစ်ခါတည်း ထုတ်ပေးလိုက်ပါတယ်။ မိုင်းယန်းက ဆရာဝန်ကလည်း ထပ်ဆင့်ထောက်ခံချက်တွေ ရေးပေးပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ သက်ဆိုင်ရာဒေသတွေကို ပြန်လည်ပို့ဆောင်ပေးဖို့ ရှိပါတယ်။ မိုင်းယန်းကို လွှဲပြောင်းပေးတာ ၂၇၇ ဦး ရှိပါတယ်။

နောက်ထပ် ဆစ်ဆောင်ပန်းနားဘက်ကနေ မိုင်းလားဘက်ကို ဝင်လာတာတွေလည်း ရှိတယ်။ သူတို့က မိုင်းလား Quarantine Center မှာပဲ Quarantine ဝင်နေကြပါတယ်။ အဲဒါကတော့ ၃၀၀၀ ကျော်လောက် ရှိပါတယ်။ သူတို့ကတော့ ၂၁ ရက်မပြည့်သေးတဲ့အတွက် ဘယ်ကိုမှ လွှဲမပေးသေးပါဘူး။

ကရင်ပြည်နယ် မြဝတီဘက်က ဝင်နေတာတွေကတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။ မွန်ပြည်နယ်ဘက်ကလည်း ဝင်ပါတယ်။ မွန်ပြည်နယ်ဘက်က ဝင်တာတွေကိုလည်း မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနေပါတယ်။ ကရင်ပြည်နယ်၊ မော်လမြိုင်၊ ပေါင်၊ သထုံ တို့မှာ Quarantine လုပ်ငန်းတွေ ဆောင်ရွက်နေကြပါတယ်။ ကိန်းဂဏန်းအတိအကျတော့ မရသေးပါဘူး။ ကျွန်တော်တို့နဲ့ သေချာဆက်သွယ်တာကတော့ မိုင်းလားပါ။ သူတို့ဆီကနေတော့ အချက်အလက်တွေ အပြည့်အစုံ ရရှိပါတယ်။ ဒါတွေကိုလည်း NRPC ကို တင်ပြထားပြီး ဖြစ်ပါတယ်။

**မေး ။ ။ အဲဒီနေရာတွေကနေတစ်ဆင့် ဝင်ရောက်လာသူတွေထဲမှာ သံသယလူနာ ရှိ၊ မရှိ သိပါရစေ။**

ဖြေ ။ ။ သံသယလူနာလောလောဆယ်တော့မရှိပါဘူး။ RCSS နယ်မြေမှာ ဆိုရင်လည်း RCSS ကပဲ စစ်ဆေးမှုတွေ ဆောင်ရွက်ပေးနေပါတယ်။ အဲဒီဘက်က ဝင်လာကြသူတွေကလည်း သက်ဆိုင်ရာ မြို့နယ်တွေက Quarantine Center တွေမှာ Quarantine ဝင်နေကြပါတယ်။ လောလောဆယ်တော့ အဲဒီဘက်က ဝင်လာတာမှာ ရောဂါပိုးရှိသူ၊ သံသယလူနာတော့ မရှိပါဘူး။

**မေး ။ ။ မိုင်းလားဘက်နဲ့ပတ်သက်ပြီး ဆောင်ရွက်နေတာ သိပါရစေ။**

ဖြေ ။ ။ မိုင်းလားက ကျွန်တော်တို့ဆီကို ဆက်သွယ်ပါတယ်။ သူတို့ဆီမှာ Quarantine ဝင်ရောက်နေတာ ဘယ်လောက်ရှိတယ်ဆိုတာတွေ သိရပါတယ်။ ကျွန်တော်တို့က NRPC ကိုလည်း တင်ပြထားတယ်။ မိုင်းလားမှာ Quarantine ဝင်ရောက်တာ ၃၀၀၀ ကျော်လောက်ရှိတယ်ဆိုတော့ NRPC ကလည်း ဆန်အိတ် ၁၀၀၀၊ ဆီနှစ်ပီပါ ထောက်ပံ့ပေးထားပါတယ်။ ဆရာဝန်၊ သူနာပြု တွေ၊ စစ်ဆေးရေးကိရိယာတွေနဲ့ အကုန်စစ်ဆေးဆောင်ရွက်နေပါတယ်။ Quarantine ၂၁ ရက်မှာ ၅ ကြိမ် စစ်ဆေးမှုတွေ ဆောင်ရွက်တယ်လို့ သိရပါတယ်။

**မေး ။ ။ အဲဒီဒေသတွေမှာ သံသယလူနာတွေ၊ ရောဂါရှိသူတွေ ရှိလာမယ်ဆိုရင် ကော်မတီအနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်ပေးမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ သံသယလူနာ၊ ရောဂါရှိသူတွေ တွေ့လာရင် အနီးစပ်ဆုံး ပြည်သူ့ဆေးရုံတွေကို ချက်ချင်းပို့ဆောင်ပါ။ ငြိမ်းချမ်းရေးကော်မရှင်ကို ဆက်သွယ်ပါ။ ကျွန်တော်တို့ဘက်က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်လို့ရအောင် တိုင်းရင်းသားအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်ထားပါတယ်။ အဓိကကတော့ သံသယလူနာတွေ့ရင် အနီးစပ်ဆုံး အစိုးရဆေးရုံကို ရောက်အောင်ပို့ပါ။ ပြီးတော့မှ ပြည်သူ့ဆေးရုံကြီးတွေကနေ သံသယလူနာကို စစ်ဆေးချက်ယူတာတွေ ဆက်လက်လုပ်ဆောင်မှာ ဖြစ်ပါတယ်။ အခုထိတော့ ဒီလို ဆက်သွယ်မှုတွေမရှိသေးပါဘူး။ ကျွန်တော်တို့ ကော်မတီကလည်း မနေ့ကမှ ဖွဲ့တာဆိုတော့ ကော်မတီအနေနဲ့လည်း ထပ်ပြီး အကြောင်းကြား ဆောင်ရွက်ဖို့ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ကော်မတီ မဖွဲ့ခင်ကတည်းက ငြိမ်းချမ်းရေး ကော်မရှင်ကနေ ဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ အခုကော်မတီအနေနဲ့ NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေအပြင် လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေကိုရော ဘယ်လိုဆက်သွယ်ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ အခုကော်မတီမဖွဲ့ခင်ကတည်းက ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေ အားလုံးကို NCA လက်မှတ်ရေးထိုးပြီးသား အဖွဲ့တွေရော၊ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေပါ NRPC က ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ အားလုံးက ငြိမ်းချမ်းရေးကော်မရှင်နဲ့ အဆက်အသွယ်ရှိတော့ ညွှန်ကြားချက်တွေ၊ တစ်ဦးချင်းလိုက်နာရမှာတွေ၊ ကိုဗစ် - ၁၉ နဲ့ ပတ်သက်တဲ့ ထုတ်ပြန်ချက်တွေကို E-mail ကနေတစ်ဆင့် ပို့ပေးထားပါတယ်။ ပြီးတော့ ဒီအဖွဲ့တွေအားလုံးကိုလည်း ထူးခြားမှုရှိရင် ငြိမ်းချမ်းရေးကော်မရှင်ကို ဆက်သွယ်ဖို့ကိုလည်း အမြဲတမ်း ဆောင်ရွက်နေပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနဲ့ အခုကော်မတီ မဖွဲ့ခင်ကတည်းက ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ ထိတွေ့ ဆောင်ရွက်နေတာပါ။

**မေး ။ ။ NCA လက်မှတ်ရေးထိုးပြီးသား အဖွဲ့တွေနဲ့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေကို ကိုဗစ် - ၁၉ နဲ့ပတ်သက်ပြီး သတင်းစကား ပါးချင်တာရှိရင် ပြောကြားပေးစေ လိုပါတယ်။**

ဖြေ ။ ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ အဖွဲ့အစည်းအလိုက် ဆောင်ရွက်နိုင်တဲ့ကိစ္စတွေကို နိုင်သလောက် ဆောင်ရွက်ကြပါ၊ ထူးခြားမှုရှိရင်လည်း ကျွန်တော်တို့ကို အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ကြပါ။ လိုအပ်တာတွေကိုလည်း ကျွန်တော်တို့ဘက်က အမြဲမပြတ် ကူညီပံ့ပိုး ဆောင်ရွက်ပေးမယ်။ တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြပါ။ ကြပ်မတ်ဆောင်ရွက်ပေးကြပါ။ ထူးခြားတာရှိရင်၊ အခက်အခဲရှိရင် အချိန်နဲ့တစ်ပြေးညီ ကျွန်တော်တို့ကို အမြန်ဆုံးဆက်သွယ်ပါ။ ကျွန်တော်တို့ဘက်က တတ်နိုင်သမျှ ပံ့ပိုးကူညီပေးသွားပါမယ်။ ကျွန်တော်တို့ရဲ့ မူဝါဒက ဘယ်သူ မှ မကျန်ခဲ့စေရ (No one left behind) ဖြစ်ပါတယ်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ သက်ဆိုင်ရာနယ်မြေတွေမှာ ကိုဗစ် - ၁၉ နဲ့ ပတ်သက်လို့ တာဝန်သိစိတ်နဲ့ အခုလို ဆောင်ရွက်ပေးနေတာကို အသိအမှတ်လည်းပြုပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ။

မျိုးမြင့် ၊မျိုးသူဟိန်း

## ကရင်ပြည်နယ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်နေရာ ၄၀ ကျော်တွင် လူဦးရေ ၅၀၀၀ ကျော်နှင့်အထက် ထားရှိနိုင်ရန် စီစဉ်ဆောင်ရွက်

**ဘားအံ ဧပြီ ၂၈**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်တွင် ခရီးသွားပြည်သူများ ဝင်ထွက်သွားလာခွင့်ကို ဧပြီ ၃၀ ရက်အထိ ပိတ်ထားပြီး မေ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည့်အတွက် ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မြဝတီမြို့မှတစ်ဆင့် မိမိတို့နေရပ်သို့ ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သယ်ယူပို့ဆောင်ရေးနှင့် ၂၁ ရက် စောင့်ကြည့်ရေးစခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် ဘားအံမြို့နယ်တွင် ကန့်သတ်စောင့်ကြည့်နေရာ ၂၄ ခုဖြင့် ဝင်ဆံ့သည့်ဦးရေ ၃၀၀၂ ဦး၊ ကော့ကရိတ်မြို့တွင် လေးခုဖြင့် လူဦးရေ ၃၀၀၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ခြောက်ခုဖြင့် လူဦးရေ ၄၀၅ ဦး၊ မြဝတီမြို့နယ်တွင် ၁၀ ခုဖြင့် ဝင်ဆံ့လူဦးရေ ၁၉၁၇ ဦး စုစုပေါင်း ကန့်သတ်စောင့်ကြည့်နေရာ ၄၀ ကျော်တွင် လူဦးရေ ၅၀၀၀ကျော်နှင့် အထက်ဝင်ဆံ့နိုင်အောင် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသည့်လူဦးရေပေါ်မူတည်ကာ စနစ်တကျ ပြန်လည်ကြိုဆိုလက်ခံနိုင်ရေးအတွက် ထိုင်းနိုင်ငံ မြန်မာသံရုံးမှ အလုပ်သမားသံအဖွဲ့နှင့် ဆက်စပ်ပြီး ကိန်းဂဏန်းဒေတာအချက်အလက်များ ကောက်ယူလျက်ရှိကြောင်း၊ ယခင်က ပြန်လည်ဝင်ရောက်လာသူတို့၏ ကိုယ်ရေးအချက်အလက်များကို စာရင်းစာရွက်ပေါ်တွင်သာ ရေးမှတ်ခဲ့ရာမှ ယခုအခါ ကွန်ပျူတာစနစ်ကိုအသုံးပြု၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအဆင့်သို့ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးအသိပညာပေးခြင်းအပြင် စားသောက်ရေးမှအစ သက်ဆိုင်ရာ INGO အဖွဲ့များနှင့် ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကန့်သတ်စောင့်ကြည့်နေရာများတွင် နေထိုင်ကြမည့်သူများအတွက် နေထိုင်စားသောက်ရေးမှအစ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ အစရှိသည့် ပစ္စည်း ၁၂ မျိုးပါသည့် Basic Kit များ ပေးအပ်မည် ဖြစ်ကြောင်း၊ အမျိုးသမီးနှင့် ကလေးငယ်များအတွက် လိုအပ်သည့် Kit များ ပေးဝေနိုင်ရန် အသေးစိတ်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ကိုယ်တိုင် သီးသန့်နေထိုင် စောင့်ကြည့်မှု ပြုလုပ်ခဲ့သော Project K အဖွဲ့ဝင်အားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိ

လူငယ်များဖြင့်ဖွဲ့စည်းထားသော နာမည်ကြီး အကအဖွဲ့ တစ်ခုဖြစ်သည့် Project K အဖွဲ့သည် မြန်မာနိုင်ငံ၌ ရောဂါပိုးမတွေ့ရသေးသော မတ် ၁၅ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ အနုပညာအလုပ်များ လုပ်ကိုင်ရန်အတွက် အရေးပေါ် မဖြစ်မနေ သွားရောက်ခဲ့ရသောကြောင့် မြန်မာနိုင်ငံသို့ပြန်ရောက်သည့် မတ် ၂၃ ရက်မှစ၍ တစ်ဖွဲ့လုံး မိမိအသိစိတ်ဖြင့် နေအိမ်၌ သီးသန့်နေထိုင်၍ ကျန်းမာရေး အခြေအနေ စောင့်ကြည့်မှု ပြုလုပ်ခဲ့ရာ ယခုအခါ အဖွဲ့ဝင်အားလုံး ကျန်းမာလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ Project K အဖွဲ့အနေနဲ့ ဗန်ကောက်မှာ MTV လေးရိုက်ဖို့ မဖြစ်မနေ သွားရောက်ခဲ့ရတယ်။ ရိုက်ကူးရေးတွေပြီးလို့ မြန်မာနိုင်ငံကို ဘေးကင်းစွာ ပြန်ရောက်လာတဲ့အခါ ပိုပြီး စိတ်ချရအောင် ကိုယ့်အသိစိတ်နဲ့ ကိုယ် ကျွန်တော်တို့ self-quarantine လုပ်ခဲ့ကြပါတယ်၊ အဲဒီလို လုပ်ရတဲ့ အဓိက အကြောင်းတွေက (၁)ကျွန်တော်တို့မှာသာ ပိုးပါခဲ့ရင် အသက်အရွယ်ရနေပြီဖြစ်တဲ့ ကျွန်တော်တို့ မိဘတွေက အရင်ဦးဆုံး ကူးစက်ခံရမှာပါ။ (၂) အဲဒီနောက်မှာတော့ ကျွန်တော်တို့နဲ့ နီးစပ်ရာ ပတ်ဝန်းကျင်ကနေတစ်ဆင့် တစ်နိုင်ငံလုံး ကူးစက်သွားနိုင်ပါတယ်။ (၃) အဆိုးရွားဆုံးက ကိုယ့်ကြောင့် ကိုယ့်ဟာကိုယ်ဒုက္ခရောက်တာ ဘာမှမဖြစ်ပေမယ့် ကိုယ့်ကြောင့် ကိုယ်ချစ်ရတဲ့မိသားစုနဲ့ ပြည်သူတွေ ဒုက္ခရောက်ရမယ်ဆိုရင် သေသည့်တိုင်အောင် စိတ်ဖြေနိုင်မှာ မဟုတ်လို့ပါ။

ကျွန်တော်တို့ သွားတုန်းကဆို ထိုင်းမှာ တော်တော် အခြေအနေ ဆိုးလာပေမယ့် မြန်မာနိုင်ငံမှာ ရောဂါဖြစ်တာ မရှိသေးဘူး၊ ရိုက်ကူးရေးကလည်း လုံးဝဖျက်လို့မရတဲ့ အခြေအနေ ဖြစ်နေတော့ တစ်ဖွဲ့လုံး ရိုက်ကူးမှုတွေ မြန်မြန်လုပ်ပြီး မြန်မြန်လေး အလုပ်တွေဖြတ်ပြီး ပြန်လာခဲ့ကြတာပါ။ ပြန်လာပြီးကတည်းက အခုချိန်အထိ ကျန်းမာရေးဌာနက ထုတ်ပြန်တဲ့အတိုင်း ကျွန်တော်တို့အဖွဲ့တွေ ကိုယ့်အိမ်မှာပဲ စနစ်တကျ နေထိုင်စားသောက်ပြီး ကျန်းမာအောင် နေကြပါတယ်၊ ပြည်သူတွေအားလုံးလည်း ကျန်းမာပါစေလို့ မေတ္တာပို့ ဆုတောင်းပါတယ်။ ကျွန်တော်တို့လိုပဲ ပြည်ပက ပြန်လာကြတဲ့သူတွေ အားလုံးလည်း လိုက်နာဆောင်ရွက်စေချင်ပါတယ်၊ သက်ဆိုင်ရာက ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်တွေကို သေချာလေ့လာ ဂရုစိုက်ပြီး လုပ်ဆောင်ကြပါလို့ ပြောချင်ပါတယ်"ဟု Project K အဖွဲ့ဝင်များက ပြောကြားသည်။ **ကိုလင်း**



မတ် ၂၃ ရက်က ဗန်ကောက်မှ မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော Project K အဖွဲ့ဝင်များ

# ရုပ်ရှင်၊ ဂီတနှင့် ကာတွန်း ပညာရှင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်က စားသောက်ကုန်များလှူဒါန်း

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ရန်ကုန်မြို့ရှိ ရုပ်ရှင်၊ ဂီတ နယ်ပယ်မှ ဝါရင့် အနုပညာရှင်များနှင့် ကာတွန်းဆရာကြီးများ စားဝတ်နေရေး အခက်အခဲ မဖြစ်စေရန် ရည်ရွယ်လျက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥနှင့် အခြား အခြေခံစားကုန်များကို ရန်ကုန်တိုင်းစစ်ဌာနချုပ်က အိမ်တိုင်ရာရောက် လိုက်လံပေးအပ်လှူဒါန်းလျက်ရှိကာ ကျန်းမာရေးစောင့်ရှောက်မှုများလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက "ကိုဗစ် အကျပ်အတည်းကာလ အတွင်း ရုပ်ရှင်လောကသားများ ယာယီ အဆင်ပြေစေဖို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရဲ့ အစီအစဉ်နဲ့ ရိက္ခာတွေကို ပထမဆုံး အမေများအဖွဲ့၊ မမများအဖွဲ့နဲ့ ကိုလူချောအဖွဲ့တို့ကို ဝေပြီးတဲ့နောက် ကျန်နေတဲ့ လိုအပ်သူ လောကသားများထံ ရောက်ရှိနိုင်ဖို့ အဆင်မပြေတာတွေ အများကြီး ရင်ဆိုင်ရပါတယ်၊ အိမ်ပိုင်မရှိကြသူတွေမှာ လိပ်စာအပြောင်းအလဲတွေ ရှိကြတယ်။ အဲဒီအတွက် လက်ရှိလိပ်စာတွေ ပေးနိုင်အောင် လူပေါင်း လေးထောင်၊ ငါးထောင်လောက်ကို တစ်ဦးချင်း ဖုန်းဆက်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် မြန်မာ့ရုပ်ရှင် ဇာတ်ပို့ဇာတ်ရံ page ကနေ ရုပ်ရှင်လောကသားတွေသိအောင် အသိပေးပါတယ်၊ လူများစု သိကြပါတယ်၊ မသိတဲ့သူတွေလည်း မသိကြပါဘူး၊ သိပြီးတော့လည်း အချိန်မီ မဆက်သွယ်ကြဘဲ အနားကပ်မှ ဆက်သွယ်တာလည်းရှိပါတယ်။ ရုံးဖွင့်နေချိန်ဆိုရင်တော့ ပို့/ရုံ အမှုဆောင်အဖွဲ့နဲ့ မမများအဖွဲ့က ဝိုင်းလုပ်ပေးကြရင် သိပ်မပင်ပန်းဘူးပေါ့၊ အခု ရုံးမဖွင့်တော့ ဒီတာဝန်ကို တစ်ယောက်တည်း သုံးရက်ဆက်တိုက် လုပ်ခဲ့ရပါတယ်" ဟု ပြောသည်။

"၂၄ ရက် မွန်းလွဲ ၁ နာရီမှာ စာရင်းပိတ်ပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်ကို စာရင်းပေးပို့လိုက်ပါပြီ။ မကြာမီရက်အတွင်း မိမိတို့ရှိရာကို လာရောက်ပါလိမ့်မယ်။ လိပ်စာပြောင်း မပေးပို့ဖြစ်တဲ့သူတွေကိုတော့ အစည်းအရုံးကတပ်ပါ လိပ်စာအတိုင်း ပို့ဆောင်ပေးမှာ ဖြစ်လို့ ယခင်ပေးထားတဲ့ လိပ်စာတွေနဲ့ပဲ ချိတ်ဆက်ဆောင်ရွက်ကြပါ။ ဇာတ်ပို့ ဇာတ်ရံ ညီအစ်ကို မောင်နှမများ အနေနဲ့လည်း ဇာတ်ပို့ ဇာတ်ရံ page ကို follow လုပ်ထားပြီး အမြဲ ဝင်ကြည့်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်၊ ရုပ်ရှင်လောကသားများ ရိက္ခာရရှိရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်နဲ့ ချိတ်ဆက်ကူညီပေးတဲ့ ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်နဲ့ ရုံးပိတ်ထားတဲ့ ကာလအတွင်းမှာ ကျွန်တော့်ကို ဝိုင်းဝန်းကူညီပေးတဲ့ ဦးအောင်ခိုင်နဲ့ မအေးအေးခိုင်တို့ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ဆက်ပြောသည်။ **ကိုလင်း**



# လူငယ်အဆိုတော် အားတီက မွေးနေ့အလှူအဖြစ် ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ကျပ်သိန်း ၅၀ လှူဒါန်း

"လမ်းခွဲစကား"ဟု အမည်ရသည့် သီချင်းဖြင့် လူငယ်ပရိသတ်များ၏ အားပေးမှုကို ရရှိထားသော လူငယ်အဆိုတော် အားတီအနေဖြင့် ဧပြီ ၂၆ ရက်တွင် ကျရောက်သော မွေးနေ့အထိမ်းအမှတ်အဖြစ် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး အတွက် ရည်ရွယ်လျက် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး အမျိုးသားအဆင့် ကော်မတီသို့ အလှူငွေ ကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းခဲ့သလို "ပြည်သူနှင့်အတူ လှူကြမယ်"ပရဟိတ အစီအစဉ်သို့လည်း ကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းထားကြောင်း သိရသည်။

"မွေးနေ့မှာ အမှတ်တရလေးဖြစ်အောင်၊ ပြီးတော့ ကိုယ်က ဒီအချိန်မှာ အိမ်ထဲကနေ အိမ်ပြင်လည်း ထွက်လို့မရတဲ့ အခြေအနေဆိုတော့ အများပြည်သူအတွက် အကျိုးရှိမယ့် နေရာလေးကို လှူမယ်ဆိုပြီး စဉ်းစားတယ်၊ သတင်းစာမှာ တွေ့လိုက်တဲ့ ကြော်ငြာလေးကြောင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး ဗဟိုကော်မတီကို လှူမယ်လို့ စိတ်ကူးရသွားပြီး လှူဖြစ်ခဲ့တာပါ၊ နောက်ပြီး ကိုမောင်မောင်အေး ဦးဆောင်ပြီး အနုပညာရှင်တွေ ပူးပေါင်းထားတဲ့ "ပြည်သူနှင့်အတူ လှူကြမယ်"ဆိုတဲ့ အဖွဲ့ကိုလည်း ၁၅ သိန်း လှူဖြစ်ပါတယ်။ ပြီးတော့ သူငယ်ချင်းတစ်ယောက်ရဲ့အလှူမှာ နှစ်သိန်းနဲ့ မင်းသမီး ဝတ်မှုန်ရွှေရည်နဲ့အတူ ကလေးဆေးရုံအတွက် သုံးသိန်း လှူဖြစ်ပါတယ်၊ အခုလို တကယ်လိုအပ်နေတဲ့ အချိန် လှူရလို့ အများကြီး ပီတိဖြစ်ရပါတယ်။ ကိုယ်တိုင် မသွားရောက်နိုင်ပေမယ့် ကိုယ်စားလှူပေးကြတဲ့ ပရဟိတ အစ်ကို၊ အစ်မ မောင်နှမတွေကို ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေကျေးဇူးကြောင့် မွေးနေ့မှာ အများပြည်သူအတွက် အလှူလေး လုပ်နိုင်ခဲ့ပါပြီ။ အခုလို အခက်အခဲဖြစ်နေတဲ့အချိန်လေးမှာ ကိုယ်က နိုင်ငံအတွက် တစ်စိတ်တစ်ပိုင်း နိုင်သလောက် ပါဝင်လှူဒါန်းရတဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဂုဏ်ယူမိပါတယ်"ဟု အားတီက ပြောသည်။

ကိုဗစ်-၁၉ ကြောင့် Stay at Home နေထိုင်ရသည့် ကာလအတွက် ပြည်သူများထံ အကြံပြုချက်အနေဖြင့်လည်း "ဗိုင်းရပ်စ်က ဘယ်ကနေ ဘယ်အချိန်မှာ ဘယ်လိုပုံစံနဲ့ ရောက်လာမလဲဆိုတာ လူတိုင်း သိကြမှာမဟုတ်ဘူးလေ။ အဲဒီတော့ ကိုယ့်ဘက်က တတ်နိုင်သမျှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အချက်တွေကို သေချာလိုက်နာရမယ်၊ လူစုလူဝေးကို ရှောင်ရမယ်၊ လက်ကို သေချာ စနစ်တကျ ဆေးရမယ်၊ မကြာခဏ လက်ဆေးရမယ်၊ ဘယ်အရာနဲ့ထိတွေ့မိပစေ လက်ဆေးရမယ်။ နှာခေါင်းစည်းကို မဖြစ်မနေ တပ်ပြီးမှ လူကြား သူကြားထဲ သွားရမယ် ဆိုတာတွေကို စနစ်တကျလုပ်ဖို့ လိုအပ်ပါတယ်၊ ချစ်တဲ့ ပရိသတ်ကြီးလည်း အထူးဂရုစိုက်ကြပါ"ဟု အားတီက တိုက်တွန်းပြောကြားသည်။ **ကိုလင်း**



# 'ပြည်သူနှင့်အတူ လှူကြမယ်'အဖွဲ့က အင်းစိန်ဆေးရုံကြီးသို့ ဆေးပစ္စည်းများလှူဒါန်း

ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လိုအပ်သည့်နေရာများသို့ လှူဒါန်းနိုင်ရန် ပြည်သူများနှင့် အနုပညာရှင်များ စုပေါင်းလှူဒါန်းသည့် အစီအစဉ်ဖြစ်သော 'ပြည်သူနှင့်အတူ လှူကြမယ်'အစီအစဉ်မှ ရရှိထားသော အလှူငွေများထဲမှ ကျပ် ၁၃၅ သိန်းကျော် တန်ဖိုးရှိ ဆေးပစ္စည်းများကို အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးသို့ ဧပြီ ၂၆ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။



သွားရောက်လှူဒါန်းရာတွင် ပါဝင်သည့် အဆိုတော် ယုန်လေးက "ကိုဗစ်-၁၉ အတွက် အနုပညာရှင်တွေ အများစု ထိထိရောက်ရောက် ဝိုင်းဝန်းပံ့ပိုးကူညီနိုင်တဲ့ ဒီဂရု(ပ်)လေးထဲမှာ ကျွန်တော်လည်း ပါဝင်ပါတယ်။ အလှူငွေအပြင် နောက်ကွယ်ကနေ အစစအရာရာ ကူညီနေတဲ့ အစ်မတစ်ယောက်လည်း ပါပါတယ်။ မြန်မာပြည်ကိုချစ်တဲ့ အမေရိကန်က ဒေါက်တာအဲရစ်ကလည်း အလှူငွေတွေ ကောက်ခံပေးတာ အများကြီးရပါတယ်။ ကိုဂျွန်လွင်ကလည်း စိတ်အားထက်သန်စွာ ကူညီတာ တွေ့ရပါတယ်။ ဒီအဖွဲ့လေးထဲမှာ ရှိနေခွင့်ရတာလည်း ဂုဏ်ယူပါတယ်။ ဒီနေ့မှာ ကိုမောင်မောင်အေး၊ ကိုဂျွန်လွင်၊ မမေခလာနဲ့ ကိုရန်ကျော်တို့ ဦးဆောင်ပြီး ဆေးရုံကြီးနဲ့ အင်းစိန်ဆေးရုံမှာ လှူခဲ့တာပါ" ဟု ပြောသည်။

လှူဒါန်းရာတွင် အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီး၌ လိုအပ်လျက်ရှိသော PPE ဝတ်စုံ ၂၈၀၊ N95 နှာခေါင်းစည်း ၄၅၀၊ ခွဲစိတ်ခန်းသုံးဝတ်စုံ ၆၄၀၊ လက်အိတ် ၂၀၀၀၊ မျက်နှာဖုံးအုပ်အကာ ၃၄၀ တို့နှင့်အတူ အခြား ပစ္စည်းများကို အင်းစိန်ဆေးရုံအုပ်ကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ


### ဘောလိဝုဒ်မင်းသားကြီး အက်ခ်ရှေးကူးမား ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ရူပီး ၂ ကုဋေလှူဒါန်း

ဘောလိဝုဒ်စူပါစတားမင်းသားကြီးဖြစ်တဲ့ အက်ခ်ရှေးကူးမားဟာ တိုင်းပြည်အတွင်း ကိုဗစ် – ၁၉ တိုက်ဖျက်ရေးအတွက် မွမ်ဘိုင်းရဲဖောင်ဒေးရှင်းကို ရူပီး ၂ ကုဋေ လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။ မေ ၂၇ ရက်မှာတော့ မွမ်ဘိုင်းရဲမင်းကြီး ပါရမ်ဘာဆင်းက သူ့ရဲ့ တွစ်တာအကောင့်ကနေတစ်ဆင့် အက်ခ်ရှေးကူးမားရဲ့ လှူဒါန်းမှုကို ကျေးဇူးတင်စကား ပြောကြားခဲ့ပါတယ်။

မွမ်ဘိုင်းမြို့သူ မြို့သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် များစွာအထောက်အကူဖြစ်ပါလိမ့်မယ်လို့ ပါရမ်ဘာဆင်းက ပြောကြားခဲ့ပါတယ်။ အက်ခ်ရှေးကူးမားကလည်း ကိုဗစ် – ၁၉ ကို တိုက်ဖျက်ရင်း သေဆုံးသွားရတဲ့ နယ်မြေခံရဲမှ ချန်ဒရာခန်ပန်ဒါကာနဲ့ ဆန်ဒစ်ဆာဗီတို့အတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့ပါတယ်။

နောက်ပြီး သူ့ရဲ့ပရိသတ်တွေကိုလည်း မွမ်ဘိုင်းရဲတပ်ဖွဲ့ကို လှူဒါန်းမှုတွေပြုလုပ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ မွမ်ဘိုင်းရဲတပ်ဖွဲ့ဝင်တွေကြောင့် လုံလုံခြုံခြုံနေရတာကို မမေ့ဖို့နဲ့ နိုင်ငံသားအဖြစ် တာဝန်ကျေပွန်ကြဖို့လည်း အက်ခ်ရှေးကူးမားက သူ့ရဲ့ပရိသတ်တွေကို ပြောကြားခဲ့ပါတယ်။ အက်ခ်ရှေးကူးမားဟာ PM care Fund လို့ခေါ်တဲ့ နိုင်ငံသားတွေအတွက် အထောက်အကူပြုရေးနဲ့ သက်သာချောင်ချိရေးဝန်ကြီးချုပ် ရန်ပုံငွေအဖွဲ့ကိုလည်း ရူပီး ၂၅ ကုဋေ လှူဒါန်းခဲ့ပါသေးတယ်။

**ဘောလိဝုဒ်လိုက်ဖ်**



ဘောလိဝုဒ်မင်းသား အက်ခ်ရှေးကူးမား။

### အိမ်မှာပဲ ကလေးတွေကို စာသင်ပေးရတာ စိန်ခေါ်မှုတစ်ရပ်ဟု အင်ဂျလီနာဂျိုလီပြော

ကိုဗစ် –၁၉ ကြောင့် အိမ်မှာပဲနေထိုင်ရတဲ့ကာလတွေမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဟောလိဝုဒ်မင်းသမီး အင်ဂျလီနာဂျိုလီက တိုင်းမ်စ်မဂ္ဂဇင်းမှာ ရေးသားခဲ့ပါတယ်။ အင်ဂျလီနာဂျိုလီဟာ ကလေးခြောက်ယောက်နဲ့အတူ လော့စ်အိန်ဂျလိစ်မြို့က နေအိမ်မှာနေထိုင်နေပါတယ်။ အခုချိန်မှာ ဂျိုလီဟာလည်း တခြားမိဘတွေ ကြုံတွေ့နေရတဲ့အခက်အခဲမျိုးနဲ့ တွေ့နေရပါတယ်။

အဲဒါကတော့ကလေးတွေကို အိမ်မှာပဲစာသင်ရတဲ့အလုပ်ပါ။ အပြင်မထွက်ဘဲ အိမ်မှာပဲနေနေရတဲ့အချိန်အတွင်း ကလေးတွေရဲ့ပညာရေးဟာ စိန်ခေါ်မှုတစ်ရပ်ပဲလို့ ဂျိုလီက ပြောပါတယ်။ ဒီလိုမျိုး ကပ်ရောဂါဆိုးနဲ့ ကြုံနေရတဲ့အချိန် တစ်နိုင်ငံလုံးက မိဘတွေလည်း ကလေးတွေကိုအိမ်မှာပဲ စာသင်ပေးနေရမှာပဲ။ ဒီအခြေအနေမှာ ကလေးတွေထက်မိဘတွေမှာ ပိုပြီးအခက်တွေ့ရလိမ့်မယ်လို့ ဂျိုလီက ပြောပါတယ်။

ဂျိုလီကတော့ လတ်တလောမှာ ကလေးတွေကို သင်ကြားပေးနေတာဟာ ပြည့်စုံမှုမရှိပေမယ့်အဆင်ပြေနေသေးတယ်လို့ ပြောပါတယ်။ ကိုဗစ် –၁၉ ကြောင့် ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ထားစဉ်အတွင်း ဂျိုလီရဲ့ ကလေးခြောက်ယောက်ဟာ မိခင်ဖြစ်သူဆီမှာတစ်လှည့်၊ ဖခင်ဖြစ်တဲ့ ဘရက်ပစ်ဆီမှာတစ်လှည့် အလှည့်ကျ နေထိုင်နေတယ်လို့ သိရပါတယ်။

**ဟယ်လို**




အင်ဂျလီနာဂျိုလီနှင့် ကလေးခြောက်ယောက်ကို တွေ့ရစဉ်။

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၁၇)

# အမိန့်၊ ညွှန်ကြားချက်များ ရှင်းရဲ့လား



**ဦးဟန်ညွှန့် (ဥပဒေ)**

**ရှင်းရဲ့လား**

“ကိုဗစ်–၁၉ နဲ့ ပတ်သက်ပြီး အမိန့်တွေ၊ ညွှန်ကြားချက်တွေအကြောင်း ပြီးခဲ့တဲ့အပတ်က ဆရာကြီးရေးခဲ့ပြီးပြီ။ လူထုကြားထဲမှာ အများဝေဖန်နေတာကတော့ ထုတ်ပြန်တဲ့အမိန့်တွေ၊ ညွှန်ကြားချက်တွေကိုဖတ်ပြီး အများနားမလည်ဘူး။ ဖတ်လေ၊ ရှုပ်လေ၊ နားမလည်နိုင်လေ ဖြစ်ရတယ်။ လူထုနားမလည်တဲ့အမိန့်နဲ့ ညွှန်ကြားချက်တွေဆိုရင် ဘာအကျိုးရှိမလဲ။ လိုက်နာရမည့်သူတွေက နားလည်မှသာ တန်ဖိုးရှိမှာမဟုတ်လားဆရာကြီး၊ နည်းနည်းရှင်းပြ၊ ရေးပြပါဦး ခင်ဗျား” ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးခွန်းထုတ်လိုက်ပြန်ပါသည်။ သူ့မေးခွန်းက အလွန်ထိရောက်သော မေးခွန်းဖြစ်သဖြင့် ကျွန်တော် သတိထားပြီး ဖြေဆိုရမည်ဖြစ်ပေသည်။

**အမိန့်ကြော်ငြာစာ (Notification)**




ဝန်ထမ်းများ ခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း၊ ခွင့်တောင်းခြင်း၊ ရာထူးတိုးပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အလုပ်လက်ခံခြင်း စသည်ဖြင့် ထုတ်ပြန်သောအမိန့်ကြော်ငြာစာများဖြစ်သည်။ အချို့ဥပဒေများ စတင်အာဏာတည်သောနေ့၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေ၊ အမိန့်စသည်များကို ပြဋ္ဌာန်းခြင်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းပြုသည်။ ပြင်ဆင်၊ ဖြည့်စွက်၊ ရုပ်သိမ်းသည့်အခါတွင်လည်း အမိန့်ကြော်ငြာစာများ ထုတ်ပြန်လေ့ရှိသည်။

**အမိန့်စာ၊ အမိန့် (Order)**

လိုက်နာရမည့်ထုံးတစ်ခုကို လိုက်နာရန်ဆုံးဖြတ်လျှင် အမိန့်ဟု ခေါ်သည်။ အထက်အာဏာပိုင်များက အမိန့်ထုတ်နိုင်သည်။ အက်ဥပဒေ သို့မဟုတ် ဥပဒေအရ အာဏာအပ်နှင်းထား၍ ထုတ်ပြန်သောအမိန့်သည် ဥပဒေကဲ့သို့ အာဏာရှိသည်။ အမိန့်ထုတ်နိုင်သလို အမိန့်ကိုရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲဖြည့်စွက်ခြင်းလည်း ပြုနိုင်သည်။

**လက်စွဲဥပဒေ (Manual)**

အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးကိစ္စအလွယ်တကူသုံးစွဲနိုင်ရန်ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ ညွှန်ကြားလွှာ၊ ဆာကြူလာများအား စုပေါင်း၍ စာအုပ်ထုတ်ထားလေ့ရှိသည်။ ထိုသို့ပြုလုပ်ထားသော စာအုပ်ကို လက်စွဲ (Manual) ဟုခေါ်သည်။

**စည်းမျဉ်းဥပဒေများ**

စည်းကမ်းဥပဒေ (Bye–Law)၊ ဆုံးဖြတ်ချက် (Resolutions)၊ အမိန့်ဆင့်ဆိုချက် (Direction)၊ ညွှန်ကြားလွှာ (Directive)၊ ညွှန်ကြားချက် (Instruction) နှင့် ဆာကြူလာ (Circular)အကြောင်းများကိုလည်း ယှဉ်တွဲလေ့လာအပ်ပါသည်။

**အမိန့်ဘာ့ကြောင့်ထုတ်သလဲ**

အာဏာပိုင်က အမိန့်ဘာ့ကြောင့်ထုတ်သလဲ။ လိုက်နာစေချင်၍ ဖြစ်သည်။ ကိုယ့်အမိန့်ကိုယ်ထုတ်ပြန်ခြင်းမှာ အများသိစေ၊ လိုက်နာစေချင်၍ ဖြစ်ကြောင်း ထင်ရှားသည်။ အမိန့်(စာကြမ်း)ကြိုတင်ရေးပြီးလျှင် စိစစ်သူက သေသေချာချာ ပြန်ဖတ်ပါ။ နားလည်သလား။ ရှင်းရဲ့လား။ ကိုယ်ရေးတာကိုယ်နားလည်ရဲ့လား။ ကိုယ်နားလည်သလို သူတစ်ပါးရော နားလည်ရဲ့လား။ ရုံးခန်းထဲက အရာရှိက အမိန့်စာကို လက်မှတ်မထိုးမီ ရုံးခန်းထဲမှာ(ရာထူးအနိမ့်ဆုံး)ရုံးအကူအား ပေးဖတ်ပါ။ ရုံးအကူ နားလည်ပါရဲ့လား။ အခြေခံလူတန်းစား နားလည်ပါရဲ့လား။ ပြည်သူပြည်သား နားလည်ပါရဲ့လား။

**ဖတ်လေ၊ ရှုပ်လေ**

အမိန့်စာသည် ဖတ်လေ၊ ရှုပ်လေ၊ နားမလည်နိုင်လေ ဖြစ်နေသလား။ ရှေ့နောက်အဓိပ္ပာယ်မညီ ဖြစ်နေသလား။ အစွန်းထွက်နေသလား။ အဓိပ္ပာယ်အမျိုးမျိုးထွက်နေသလား။ အရေးအသား ဖောင်းပွနေသလား။ ဟိုလိုလည်း ဖြစ်နိုင်သည်၊ ဒီလိုလည်းဖြစ်နိုင်သည်၊ ဇဝေဇဝါ၊ မသေမချာ ဖြစ်နေသလား။ မြန်မာစာကို မြန်မာဖတ်တတ်ရဲ့လား။ မြန်မာဘာသာကို မြန်မာလူမျိုးနားလည်ပါရဲ့လား။

**ဥပဒေပညာရှင်၏ အကြံဉာဏ်**

အမိန့်စာမထုတ်မီ ဥပဒေအင်္ဂါရပ် ညီ၊ မညီ၊ ဥပဒေပညာရှင်နှင့် ကြိုတင်ညှိနှိုင်းခဲ့ပါသလား။ အကြံဉာဏ်ရယူခဲ့ပါသလား။ အလျင်အမြန်၊ ချက်ချင်း အမိန့်ထုတ်လိုက်ရ၍ဟု အကြောင်းပြမည်လား။ ထိုအကြောင်းပြချက်သည် ကျေနပ်ဖွယ်ရှိပါမည်လား။ အမိန့်ထုတ်ပြီးမှ ဖြစ်ပေါ်မည့် ပြဿနာစုံညီအတွက် ရတက်မအေးရမည်ကို ကြိုတင်သိနားလည်ပါရဲ့လား။ “ငါထုတ်သမျှအမိန့် ငါနားလည်တယ်။ လိုက်နာမည့်သူ နားမလည်တာတော့ ဘယ်တတ်နိုင်မည်လဲ”ဟု ဆရာကြီးလုပ်သင့်ပါသလား။ အဆိုပါ ဆရာကြီးအား လက်အောက်ငယ်သားများက နားမလည်၍ (ရိုးသားစွာ)ပြန်မေး၊ ပြန်ရှင်းခိုင်းလျှင် ရည်ရည်မွန်မွန်၊ ယဉ်ယဉ်ကျေးကျေးဆွေးနွေးရှင်းပြတတ်ပါမည်လား။

**ဒေသန္တရအမိန့်များ**

မိမိတို့၏ ရပ်ရွာဒေသအလိုက် လိုအပ်ချက်ရှိ၍ ထုတ်ပြန်သော ဒေသန္တရ အမိန့်များလည်းရှိပါသည်။ သက်ဆိုင်ရာ နယ်မြေ၊ ဒေသ၊ လူထုကို အခြေပြုပါသည်။ လုပ်ငန်းကို အခြေပြုပါသည်။ ရပ်ရွာကို အခြေပြုပါသည်။ နယ်မြေယဉ်ကျေးမှုကို အခြေပြုပါသည်။ နယ်မြေစက်ရုံ အလုပ်ရုံကို အခြေပြုပါသည်။ ကိုယ့်ဒေသအကြောင်း၊ ကိုယ့်နယ်မြေအကြောင်း ကိုယ်သာအသိဆုံးပါ။ ဗဟိုအာဏာပိုင်အဖွဲ့အစည်းသို့ အသိပေးသင့်က အသိပေးပါ။ ကြိုတင်တင်ပြပါ။ နီးစပ်ရာ ပြည်နယ်/တိုင်းဒေသကြီး အချင်းချင်းညှိနှိုင်းသင့်က ညှိနှိုင်းပါ။ ဒေသန္တရ အမိန့်မထုတ်မီ ကြိုတင်အသိပေး သင့်သူကို ကြိုတင်အသိပေးပါ။ ညှိနှိုင်းသင့် သူကို ညှိနှိုင်းပါ။ အကြံဉာဏ်ရယူသင့်သူကို ရယူပါ။ ဘယ်သူနှင့် အဓိက သက်ဆိုင်သလဲ။ ဥပဒေအရာရှိ၊ ဥပဒေချုပ်ရုံးများ၏ ဥပဒေအကြံဉာဏ်ရယူပါ။ ပြီးမှဆုံးဖြတ်ပါ။ လူထုကိုချပြဖို့လိုလျှင် ချပြပါ။ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပါ။ မနှေးကွေးစေရ။ မကျန်ရစ်စေရ။ အများလက်ခံသည့် အမိန့်ဖြစ်မှာ အသေအချာပါ။ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီစသည်ဖြင့် အကျုံးဝင်သက်ဆိုင်သူများ သတိထားဆောင်ရွက်ကြဖို့ အကြံပြုခြင်းပါ။

**အချိန်**

ဤအချိန်သည် အိမ်ထဲမှာနေ (Stay at Home) သည့် ကာလဖြစ်သည်။ အရေးကြီးကာလဖြစ်သည်။ ရောဂါကပ်အန္တရာယ်ကြုံသည့်ကာလဖြစ်သည်။ အချိန်ကာလကို ကြည့်၍(အခြေအနေနှင့် အချိန်ကာလ)ကိုလိုက်၍ ဆောင်ရွက်ရသော တာဝန်ကို မပျက်မကွက်၊ မကျိုးမပေါက်အောင် စီမံဆောင်ရွက်သင့်သည့် အချိန်ဖြစ်ပေသည်။ ဘက်စုံ၊ ထောင့်စုံက စီမံခန့်ခွဲရသော စီမံခန့်ခွဲမှု ကျွမ်းကျင်သည့် ဝန်ထမ်းကောင်းများကို အများကမျှော်လင့်ကြိုဆိုသောအချိန်လည်း ဖြစ်ပေသည်။

**(၁) တိကျမှုရှိခြင်း(Accuracy)**

ကိုယ်ထုတ်ရမည့်အမိန့်မှာ တိကျမှုရှိဖို့ အဓိကဖြစ်သည်။ အဓိပ္ပာယ်နှစ်ခွ မဖြစ်စေရ။

**(၂) ရှင်းလင်းပြတ်သားခြင်း(Clarity)**

ကဗျာဆန်ဆန်၊ စာဆန်ဆန်အမိန့်ရေးဖို့၊ ထုတ်ဖို့မလို။ ရှင်းလင်းသည့် အဓိပ္ပာယ်၊ ပြတ်သားသည့်အဓိပ္ပာယ် ပေါ်လွင်ရမည်ဖြစ်သည်။

**(၃) ကျစ်ကျစ်လျစ်လျစ်ဖြစ်ခြင်း(Concision)**

စာကြောင်းအရှည်ကြီး မရေးသင့်။ ကျစ်ကျစ်လျစ်လျစ်၊ တိုတိုတုတ်တုတ်၊ ရှင်းရှင်းလင်းလင်းရေးပါ။ စာအရှည်ကြီး ဖတ်နေရမည်လား။ အမိန့်ကို ဖတ်ပြီးစဉ်းစားတိုင်ပင်နေရဦးမည်လား။ ဝေခွဲမရ ဖြစ်နေမလား။

**(၄) ရိုးရှင်းမှုရှိခြင်း(Simplicity)**

မရှိမဖြစ်၊ မပါမဖြစ်၊ မရေးမဖြစ်တာ ရေးပါ။ ရိုးရှင်းပါ။ အဓိပ္ပာယ်နှစ်ခွ မထွက်စေရပါ။

**(၅) စာအရည်အသွေးကောင်းခြင်း(Tone)**

ဘာကိုဆိုလိုသလဲ။ ချက်ချင်းသိသည်။ ချက်ချင်းနားလည်သည်။ ကြီးကျယ်လွန်းသော စကားလုံးမပါ။ ခမ်းနားလွန်းသော စကားလုံးမပါ။ အများလက်ခံနားလည်သော စာအရည်အသွေးကောင်းသည့် စာဖြစ်ရမည်။

**ဘာလုပ်ကြမည်လဲ**

ဤမျှရေးလျှင် အမိန့်၊ ညွှန်ကြားချက်များကို မည်သို့ထုတ်သင့်၊ ရေးသင့်ကြောင်း သိလောက်ပါပြီ။ နားလည်လောက်ပါပြီ။ အမိန့်စာဖတ်ပြီး နားမလည်သူများ များလျှင် အကျိုးမရှိပါ။ မထိရောက်ပါ။ အမိန့်ထုတ်သူအတွက်လည်း အကျိုးမရှိပါ။

**မကြာခဏ**

ဤခေါင်းစဉ်၊ ဤဘာသာရပ်ကို မကြာခဏဆွေးနွေးခဲ့ဖူးပါပြီ။ အကြံပြုခဲ့ဖူးပါပြီ။ ထပ်တလဲလဲ မှားတတ်ကြပါသည်။ မှားသူကအမှတ် မရှိပါ။ ခံရသူက မမေ့ပါ။ အများအတွက် ထိခိုက်ပါသည်။ ဌာနအတွက်ထိခိုက်ပါသည်။ စက်ရုံ အလုပ်ရုံအတွက် ထိခိုက်ပါသည်။ ကျေးရွာအတွက် ထိခိုက်ပါသည်။ မြို့အတွက် ထိခိုက်ပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွက် ထိခိုက်ပါသည်။ ပြီးတော့နိုင်ငံတစ်နိုင်ငံလုံးအတွက် ထိခိုက်လာပါတော့မည်။ တာဝန်ရှိသူ၊ တာဝန်မဲ့သူများကိုပင် ပြန်ပြီးလက်ညှိုးထိုး၊ အရေးယူဖို့ လိုအပ်နေပြီလား။

**စေတနာ**


အမိန့်၊ ညွှန်ကြားချက်များ ရှင်းရှင်းလင်းလင်း ဖြစ်ပါစေ။ လိုက်နာသူတွေ စိတ်ချမ်းသာပါစေကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ....။ ။

# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာမည့် မုန်တိုင်းနှင့်စပ်လျဉ်းသည့် အသိပေးချက်


၁။ (က) ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်လာနိုင်ပြီး ပိုမိုအားကောင်းကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါသည်။

(ခ) (၂၈-၄-၂၀၂၀)ရက်နေ့ နံနက် (၀၆:၀၀)နာရီအချိန်တွင် မုန်တိုင်းလမ်းကြောင်း ခန့်မှန်းချက်များအရ မေလ(၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးသို့ ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသော်လည်း နေ့လယ်(၁၂:၀၀)နာရီအချိန် ခန့်မှန်းချက်များအရ ဦးတည်ရာပြောင်းလဲသွားကြောင်းတွေ့ရပြီး မိုးလေဝသခန့်မှန်းရေးမော်ဒယ်များမှ အောက်ပါအတိုင်း ခန့်မှန်းထားကြပါသည်-


- အိန္ဒိယမိုးလေဝသဌာန၏ Global Forecasting System (GFS) Model မှ ယနေ့ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့် ခန့်မှန်းချက်တွင် (၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအချိန်ခန့်တွင် ရခိုင်ပြည်နယ်(တောင်ပိုင်း)နှင့် မြစ်ဝကျွန်းပေါ်ဒေသများကြားမှ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့်လည်းကောင်း၊





- အမေရိကန်နိုင်ငံ၊ National Ocean and Atmospheric Administration (NOAA) ရှိ NOAA/NWS/NCEP ၏ Global Forecasting System (GFS) Model မှ ယနေ့ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့် ခန့်မှန်းချက်တွင် (၇-၅-၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီအချိန်ခန့်တွင် ရခိုင်ပြည်နယ်(မြောက်ပိုင်း)ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ(တောင်ပိုင်း)ကမ်းခြေကြားမှ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့်လည်းကောင်း၊





- European Center for Medium Range Weather Forecast (ECMWF) Model မှ ယနေ့ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့်ခန့်မှန်းချက်တွင် (၇-၅-၂၀၂၀)ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်ခန့်တွင် ရခိုင်ကမ်းရိုးတန်း(မြောက်ပိုင်း)ကို စစ်တွေမြို့နှင့် ကျောက်တော်မြို့အကြားမှ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့်လည်းကောင်း၊





- NAVGEM (Navy Global Environmental Model)မှ ယနေ့ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီ ကို အခြေခံသည့် ခန့်မှန်းချက်တွင် (၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်ခန့်တွင် ရခိုင်ကမ်းရိုးတန်း(မြောက်ပိုင်း) ကို မောင်တောနှင့် စစ်တွေမြို့ကြားမှ ဆိုင်ကလုန်းမုန်တိုင်း အဆင့်ဖြင့်လည်းကောင်း၊




- မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Weather Research and Forecast (WRF) Model ၏ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့် ခန့်မှန်းချက်တွင် (၅-၅-၂၀၂၀) ရက်နေ့၊ ညနေ(၁၆:၀၀) နာရီအချိန်ခန့်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို မုန်တိုင်းငယ် အဆင့်ဖြင့်လည်းကောင်း ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းပါသည်။




- Joint Typhoon Warning Center (JTWC)သည် မုန်တိုင်းဖြစ်ပေါ်မှုသာ ယင်း၏ ခန့်မှန်းချက်ကိုရရှိနိုင်ပြီး ဘင်္ဂလားပင်လယ်အော်တွင် မည်သည့်မုန်တိုင်းမျှမရှိကြောင်း ဖော်ပြထားပါသည်။




၂။ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်သည်မှာ သေချာသလောက်ရှိသော်လည်း မုန်တိုင်းကမ်းဖြတ်ကျော်မည့်နေရာ၊ ဖြတ်ကျော်မည့်ရက်၊ အချိန်တို့မှာ ယနေ့အထိ မသေချာမှုများ ရှိနေဆဲဖြစ်ကြောင်း တွေ့ရပါသည်။

၃။ သို့ဖြစ်ပါ၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အနေဖြင့် မေလဆန်းအတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာဖွယ်ရာရှိသည့် မုန်တိုင်းနှင့်ပတ်သက်၍ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်သည့်အချိန်မှ မုန်တိုင်းအဖြစ် ရောက်ရှိပြီး မုန်တိုင်းကမ်းခြေကို ဖြတ်ကျော်သည့် အချိန်အထိ (၂၄/၇) စောင့်ကြည့်လျက်ရှိပြီး မုန်တိုင်းသတင်း/သတိပေးချက်များကို မိဘပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် မုန်တိုင်းနှင့်ပတ်သက်၍ နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများကိုပါ ထုတ်ပြန်ပေးသွားမည်ဖြစ်သည့်အတွက် မုန်တိုင်းနှင့်ပတ်သက်သည့် ကောလာဟလသတင်းများကို မယုံကြည်ကြပါရန် အသိပေးအပ်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်နယ် အဝင်/အထွက်ဂိတ်များ ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် ဧပြီ ၂၈**

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ထိရောက်စွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အားလုံးတွင် ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာမရှိဘဲ သွားလာမှုမရှိစေ ရေး၊ ပြည်နယ်အတွင်း ဝင်/ထွက်သွားလာမှုများနှင့်ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုအပါ အဝင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝက၊ ကျန်းမာရေးနှင့် ဆက်စပ်ဌာနများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ကျန်းမာရေးနှင့် ဝင်/ထွက် သွားလာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ပုံအဆင့်ဆင့်ကို မေးမြန်းခြင်း၊ မှတ်ပုံတင်ရေးသွင်းသည့် စာအုပ်များ စနစ်ကျမှန်ကန်မှု ရှိ/မရှိ၊ ဝင်/ထွက် သွားလာမှုများနှင့် ပတ်သက်ပြီး အသေးစိတ်မှတ်တမ်း ထားရှိမှုများ၊ သွားလာသူများအနေဖြင့် နှာခေါင်းစည်းအသုံးမပြုဘဲ ဝင်/ထွက်သွားလာမှုကို ထိရောက်စွာ အသိပညာပေး ဟန့်တားဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ထမ်းများက အပူချိန်တိုင်းကိရိယာဖြင့် ဆောင်ရွက်ရာတွင် ကျန်းမာရေးရှုထောင့်မှ ရောဂါကာကွယ်ရေးဝတ်စုံများဖြင့် ဝတ်ဆင်ဆောင်ရွက်လိုပါက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးစီမံပေးရန် ညွှန်ကြားသည်။

ကိုဗစ် - ၁၉ ကာကွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်နေသည့် စစ်ဆေးရေးဂိတ်များ၌ အဆင်ပြေစွာဖြင့် စိစစ် ဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးရေးဂိတ် ဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် တာဝန်ထမ်းဆောင်သည့် ဒေါတဝီပူးပေါင်းစစ်ဆေးရေးဂိတ်မှ ဝန်ထမ်း ၁၇ ဦးအတွက် ကြက်ဥအလုံး ၁၇၀၊ ကပ္ပာယ် ခူ ပူးပေါင်းစစ်ဆေးရေးဂိတ်မှ ဝန်ထမ်း ၁၇ ဦးအတွက် ကြက်ဥအလုံး ၁၇၀၊ လွိုင်ကော်မြို့နယ်ရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်သုံးခုဖြစ်သော ဝါရီကောခူ ပူးပေါင်းစစ်ဆေးရေးဂိတ်၊ ဆောင်ကန်း ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ထီးစဲခါး ပူးပေါင်းစစ်ဆေးရေးဂိတ်မှ ဝန်ထမ်း ၄၅ ဦးအတွက် ကြက်ဥအလုံး ၄၅၀၊ ဝန်ထမ်း ၇၉ ဦးအတွက် တစ်ဦးလျှင် ၁၀ လုံးနှုန်းဖြင့် ကြက်ဥအလုံး ၇၉၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုရှိ စစ်ဆေးရေးဂိတ် တာဝန်ထမ်းဆောင် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်း ပေးအပ်စဉ်။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၄) နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး



မောင်စာဂ

ရွေးကောက်ပွဲတစ်ခု ကျင်းပတော့မည်ဆိုလျှင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရေးသည် အဓိကအချက်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် နိုင်ငံပြင်ပတွင်လည်း ရှိနေတတ်ကြသည်။ ဤသို့ဆိုလျှင် နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေး ဥပဒေကမည်သို့ ပြဋ္ဌာန်းထားသနည်း။ ယခင်ရွေးကောက်ပွဲအသီးသီးတွင် မည်သို့မည်ပုံ ဆန္ဒမဲပေးခဲ့ကြသနည်း။ စောကြောမိသည်။ အနှစ်ချုပ်မျှဝေပါရစေ။

## ဥပဒေပြဋ္ဌာန်းချက်

ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များက သက်ဆိုင်ရာမဲဆန္ဒနယ်များအတွက် ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပေးရသည်။ [လွှတ်တော် ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၄၇ ( က ) ]

နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆက်သွယ်ဆောင်ရွက်ပေးရသည်။ [ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ပုဒ်မ ၄၇ (ခ ) ]

## လက်တွေ့ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်

နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်ကိုမကြေညာမီ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးနိုင်ရေးအတွက် ပုံစံ (၁၅) (မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြည့်သွင်းရန်ပုံစံ) များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကြိုတင်ပေးပို့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်းပုံစံ (၁၅)များကို အချိန်မီဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများထံသို့ ဆက်လက်ပေးပို့သည်။ သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် ယင်းပုံစံ (၁၅) များကို ဖြန့်ဖြူးသည့်အခါ မိမိထံသို့ မည်သည့်နေ့ရက်အရောက် ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်းကိုပါ တစ်ပါတည်းအကြောင်းကြားရသည်။

အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် လက်ခံရရှိသော ပုံစံ (၁၅)များတွင် ဖြည့်သွင်း၍ သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးထံသို့ အချိန်မီပေးပို့ရသည်။ သက်ဆိုင်ရာအကြီးအမှူးသည် ယင်းပုံစံများကိုစိစစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ရသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်းသို့ပြန်လည်ပေးပို့သည့် ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲအပ်ပေးရသည်။ ကော်မရှင်သည် ယင်းပုံစံများကိုစိစစ်၍ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံသို့ ပေးပို့ရသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့သည်။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ယင်းပုံစံများကို စိစစ်၍ မဲဆန္ဒနယ်ပြင်ပရောက် (ပြည်ပ) ကြိုတင်ဆန္ဒမဲပေးသူများစာရင်းပုံစံ ( ၁ - ၃ )တွင် သီးခြားရေးမှတ်ပြုစုရသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကို ကြေညာပြီးသည့်အခါ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရသည်။ ကော်မရှင်က ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းကြိုတင် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးအသီးသီးသို့ ဆက်လက်ပေးပို့ရသည်။

သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံး အကြီးအမှူးသည် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များကို ရရှိသည့်အခါ ကြိုတင်ဆန္ဒမဲပေးမည့်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ပေးရသည်။ ထိုသို့စီစဉ်ပေးရာ၌ ပထမအချက်အနေဖြင့် သံရုံး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ လာရောက်နိုင်သမျှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို စုရုံးပြီး ကြိုတင်ဆန္ဒမဲပေးရန်နေရာကို သတ်မှတ်ပေးရသည်။ ဒုတိယအချက်အနေဖြင့် သံရုံး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင် စုရုံး ရောက်ရှိလာသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဖြန့်ဖြူးကာ လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ဆန္ဒပြုစေပြီး သက်ဆိုင်ရာစာအိတ်အသီးသီးသို့ ထည့်သွင်း၍ လုံခြုံစွာပိတ်ရသည်။ ထို့နောက် ယင်းစာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပေးပို့လာသည့် စာအိတ်များပါ မဲဆန္ဒနယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်များကို စိစစ်၍ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲပေးသည့်နေ့ ညနေ ၄ နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယင်းဆန္ဒမဲလက်မှတ်များကို ရေတွက်ရသည်။ ညနေ ၄ နာရီ ထိုးပြီးမှ ရောက်ရှိလာသည့် ဆန္ဒမဲလက်မှတ်များကို လက်ခံရေတွက်ခြင်းမပြုရပါ။

ဤသို့သောလုပ်ငန်းစဉ်များဖြင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံမှ ကြိုတင်မဲများရယူရသည်။ [သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ နည်းဥပဒေ ၅၇၊ ၅၉၊ ၆၁၊ ၆၃ တို့ပါ ပြဋ္ဌာန်းချက်များ]

## ယခင်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးနိုင်ခဲ့သည့်အခြေအနေ

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ပုံစံ (၁၅) ဖြင့် လျှောက်ထားသူ ခြောက်ထောင်ကျော်ခန့်ရှိခဲ့ပြီး သံရုံးအသီးသီးသို့ လာရောက်ကြိုတင်ဆန္ဒမဲပေးသူများသည်လည်း ခြောက်ထောင်ကျော်ရှိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ပုံစံ (၁၅) ဖြင့် ကြိုတင်မဲပေးနိုင်ရန် လျှောက်ထားသူ သုံးသောင်းကျော်ရှိခဲ့သည်။ သံရုံးစုစုပေါင်း ၄၄ ရုံးဖြစ်သည်။ ကြိုတင်ဆန္ဒမဲလာရောက်ပေးသူ နှစ်သောင်းကျော်ရှိခဲ့သည်။

## ဆန္ဒမဲပေးသူနည်းပါးလျက်ရှိနေသည်

သာဓကအားဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် သက်ဆိုင်ရာသံရုံးတွင် လာရောက်ဆန္ဒမဲပေးခဲ့သူ ထောင်ဂဏန်းပင် မပြည့်ကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံတွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် သွားရောက်လုပ်ကိုင်နေသော အလုပ်သမားများ သန်းနှင့်ချီ၍ရှိသည်။ နိုင်ငံနယ်စပ်ဒေသမြို့များဖြစ်သော မဲဆောက်မြို့၊ မဲဆိုင်မြို့၊ ရနောင်းမြို့များတွင် အလုပ်သွားရောက်လုပ်ကိုင်နေကြသော အလုပ်သမားသောင်းဂဏန်းချီ၍ ရှိနေသည်။ ထိုရွှေ့ပြောင်း အလုပ်သမားများသည် ပြည်ပနိုင်ငံကိုသွားသည်ဆိုကတည်းက (Passport for Job ) စာအုပ်ကိုင်သူများ ပါရှိသည်။ နောက်တစ်ခုက ( Certificate of Identity ) ကတ် ကိုင်ဆောင်သူများရှိသည်။ ယင်းတို့ကို အစိုးရဝန်ကြီးဌာနတစ်ခုဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အိမ်ထောင်စုစာရင်း ( သန်းခေါင်စာရင်း ) နှင့် နိုင်ငံသားမှတ်ပုံတင်ရှိမှ ထုတ်ပေးသည်။ ယင်းနှစ်ချက်အပြင် အခြား Passport, Visa အမျိုးမျိုးဖြင့် သွားရောက်လုပ်ကိုင်နေသူများလည်း ပါရှိသည်။ ထိုသူများသည် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် သွားရောက်လုပ်ကိုင်နေသူများဖြစ်၍ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ကြသည်။

၎င်းတို့သည် ဆန္ဒမဲပေးခွင့်ရှိကြသူများဖြစ်ပြီး ဆန္ဒမဲပေးလိုကြသော်လည်း အခက်အခဲများကြောင့် ပြီးခဲ့သော ရွေးကောက်ပွဲများ၌ ဗန်ကောက်ရှိ သံရုံးသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲ မပေးနိုင်ခဲ့ကြပါ။ ထို့ကြောင့် ဆန္ဒမဲပေးသူ လွန်စွာနည်းပါးခဲ့ရသည်။ အလားတူ အိမ်နီးချင်းနိုင်ငံများအပါအဝင် စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ဩစတြေးလျ၊ အမေရိကန်၊ အင်္ဂလန် စသည့် ပြည်ပနိုင်ငံအသီးသီးတွင် တရားဝင်သွားရောက်နေထိုင် အလုပ်လုပ်နေသူ အချို့အချို့မှာလည်း ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးကို ပေးသာပေး၍ မရ ဖြစ်နေသည်။

အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသွားရောက် နေထိုင်လုပ်ကိုင်နေကြသော မဲဆန္ဒရှင်များ ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးမှုနည်းပါးနေရခြင်း၏ အခြေခံအကြောင်းအရင်းမှာ သက်ဆိုင်ရာသံရုံး၊ ကောင်စစ်ဝန်ရုံး စသည်တို့သို့သွားရောက်ရန် ခရီးလမ်းပန်းဆက်သွယ်မှု ဝေးကွာ၍ အခက်အခဲဖြစ်ရခြင်းနှင့် ငွေကြေးကုန်ကျမှု အခက်အခဲဖြစ်ရခြင်း နှစ်ချက်ကိုတွေ့ရသည်။ မြန်မာရွေးကောက်ပွဲစနစ်အရ စာတိုက်ဖြင့်ပို့ခြင်း၊ အွန်လိုင်းဖြင့် ပေးပို့ခြင်းတို့ကိုလည်း ခွင့်ပြုပြဋ္ဌာန်းထားခြင်း မရှိပါ။

ယင်းသို့သောအခြေအနေတွင် အဆိုပါအခက်အခဲများကို ကျော်လွှားပြီး အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေထိုင် အလုပ်လုပ်နေသူများအားလုံး ဆန္ဒမဲပေးပိုင်ခွင့် ရရှိရေးအတွက် ဥပဒေပြဋ္ဌာန်းချက်မူဘောင်အတွင်းမှ မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် နီးနွယ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးပြီး အကောင်းဆုံးသော နည်းလမ်းများကို သတ်မှတ်နိုင်ကြပါမည်။ နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအတွက် နိုင်ငံသားတို့၏အခွင့်အရေးကို အပြည့်အဝရရှိနိုင်ကြပါမည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် ရရှိကြစေလိုကြောင်းပါ။

- ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ကြပါစေ၊
- နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူ အားလုံး အဆင်ပြေပြေ ဆန္ဒမဲပေးနိုင်ကြပါစေ၊
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး ချောမောအောင်မြင်စွာ ကျင်းပနိုင်ပါစေ။ ॥

“သာဓကအားဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် သက်ဆိုင်ရာသံရုံးတွင် လာရောက်ဆန္ဒမဲပေးခဲ့သူ ထောင်ဂဏန်းပင်မပြည့်ကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံတွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် သွားရောက်လုပ်ကိုင်နေသော အလုပ်သမားများ သန်းနှင့်ချီ၍ရှိသည်။ နိုင်ငံနယ်စပ်ဒေသမြို့များဖြစ်သော မဲဆောက်မြို့၊ မဲဆိုင်မြို့၊ ရနောင်းမြို့များတွင် အလုပ်သွားရောက်လုပ်ကိုင်နေကြသော အလုပ်သမားသောင်းဂဏန်းချီ၍ ရှိနေသည်။ ထိုရွှေ့ပြောင်းအလုပ်သမားများသည် ပြည်ပနိုင်ငံကိုသွားသည်ဆိုကတည်းက (Passport for Job ) စာအုပ်ကိုင်သူများပါရှိသည်”

# မြိတ်မြို့ရှိ ငါးအမှုန့်ကြိတ်စက်ရုံများကို တာဝန်ရှိသူများ ရှောင်တခင် ဝင်ရောက်စစ်ဆေး

**မြိတ် ဧပြီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ငါးအမှုန့်ကြိတ်စက်ရုံများ၌ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိမရှိ၊ လတ်ဆတ်သော ပါကေးငါးများကိုသာ အမှန်တကယ် ကြိတ်ခွဲမှုရှိမရှိ စသည်တို့ကို မြို့နယ် ကြီးကြပ်စစ်ဆေးရေးအဖွဲ့က ဧပြီ ၂၆ ရက် ညပိုင်းက ရှောင်တခင် စစ်ဆေးခဲ့ကြောင်း သိရသည်။

"ငါးအမှုန့်ကြိတ်စက်ရုံမှ အနံ့ဆိုး မထွက်ရေးနဲ့ အများပြည်သူကျန်းမာရေးကို မထိခိုက်စေရေး အဓိကထားပြီး စစ်ပါတယ်။ ဒီလို စစ်တဲ့ နေရာမှာလည်း ဌာနဆိုင်ရာများရဲ့ ညွှန်ကြားချက်တွေကို အခြေခံပြီးတော့ စစ်ဆေးပါတယ်။ ပုံမှန်အားဖြင့်တော့ မနက်ခင်းကို စစ်ပါတယ်။ ၂၆ ရက် ညမှာတော့ ရှောင်တခင်အနေနဲ့ ငါးအမှုန့်ကြိတ်စက်ရုံတွေမှာ ဌာနဆိုင်ရာများရဲ့ ညွှန်ကြားချက်တွေကို အမှန်တကယ် လိုက်နာခြင်း ရှိမရှိ၊ လတ်ဆတ်တဲ့ ပါကေးငါးတွေကိုပဲ အမှန်တကယ် ကြိတ်ခွဲခြင်း ရှိ/မရှိကို မြို့နယ် စစ်ဆေးရေးအဖွဲ့နဲ့ ရပ်ကျေး စောင့်ကြည့်ရေး အဖွဲ့ ပေါင်းပြီး ရှောင်တခင် စစ်ဆေးတာဖြစ်ပါတယ်"ဟု မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရန်ကင်းက ပြောသည်။

မြိတ်မြို့တွင် လည်ပတ်ဆောင်ရွက်လျက် ရှိသော ငါးအမှုန့်ကြိတ် စက်ရုံများအနက် စက်ရုံတစ်ရုံသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလက အနံ့ဆိုးများထွက်ရှိခြင်းကြောင့် တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေဖြင့် အရေးယူ၍ စက်ရုံလည်ပတ်ခြင်းကို ခေတ္တရပ်နားစေခဲ့ဖူးကြောင်း၊ ယခုလ ၂၄ ရက် ညပိုင်းကလည်း အဆိုပါစက်ရုံမှ အနံ့ဆိုးများထွက်ရှိနေသဖြင့် မြိတ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးပိုင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြပြီး သတ်မှတ်စည်းကမ်းများနှင့် မညီညွတ်သည်ကို တွေ့ရှိသောကြောင့်စက်ရုံကိုသက်ဆိုင်ရာဌာနများက အရေးယူပေးရန် အကြောင်းကြားခဲ့ကြောင်း သိရသည်။

"နှစ်တိုင်းနှစ်တိုင်း ငါးအမှုန့်ကြိတ်စက်ရုံက ဒီရာသီဆိုရင် အမြဲတမ်း အနံ့ဆိုးထွက်တာ ပြန်ပြန်ဖြစ်နေပါတယ်။ ငါးအမှုန့်ကြိတ်စက်ရုံနဲ့ပတ်သက်ပြီး ထိထိရောက်ရောက် အရေးယူသင့်နေပါပြီလို့ ကိုယ်စားလှယ်တစ်ယောက် အနေနဲ့ ပြောချင်ပါတယ်။ ဒေသခံပြည်သူတွေ နှစ်ပေါင်းများစွာ ငါးအမှုန့်အနံ့ဆိုးကို ခံနေရသလို ငါးအမှုန့်ကြိတ်စက်ရုံတွေဟာ ငါးသယံဇာတတွေ အများကြီး ဆုံးရှုံးစေပါတယ်"ဟု ဦးစိုးပိုင်ဌေးက ပြောသည်။

မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်အတွင်း၌ ငါးအမှုန့်ကြိတ်စက်ရုံ လေးရုံရှိပြီး အဆိုပါ ငါးအမှုန့်ကြိတ်စက်ရုံများအနေဖြင့် သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာမှုရှိမရှိကို မြို့နယ် ကြီးကြပ်စစ်ဆေးရေးအဖွဲ့က ယခုလို ရှောင်တခင် ဝင်ရောက်စစ်ဆေးပြီးနောက် စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်ကြောင်း မြို့နယ် ကြီးကြပ် စစ်ဆေးရေးအဖွဲ့ ခေါင်းဆောင်ဖြစ်သူ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးထံမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



ငါးအမှုန့်ကြိတ်စက်ရုံတစ်ရုံအတွင်း တာဝန်ရှိသူများ စစ်ဆေးနေစဉ်

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၀)
## ၁၃၈၂ခုနှစ် ကဆုန်လဆန်း ၈ရက်
## (၂၀၂၀ပြည့်နှစ် ဧပြီလ ၂၉ရက်)

၁။ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိဆေးရုံကြီး/ဆေးရုံ/တိုက်နယ် ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်ရာထူး(လစာနှုန်း-၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀)နေရာများအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည်။

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | (၅၉)နေရာ | ဆေးပညာဘွဲ့(M.B.,B.S) |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်၊

(ဃ) လျှောက်လွှာပိတ်ရက်တွင် (M.B.,B.S)ဆေးပညာဘွဲ့နှင့် လက်ရှိတရားဝင်အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)ကိုင်ဆောင် ထားသူဖြစ်ရမည်။ မိတ္တူများကိုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပြီး တင်ပြနိုင်ခြင်းမရှိပါက ပယ်ဖျက်မည်ဖြစ်ပါသည်၊

(င) မန္တလေးတိုင်းဒေသကြီးအတွင်း အသားတင်လုပ်သက်(၃)နှစ် ပြည့်အောင်နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(စ) ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက တက်ရောက်ဖွင့်ပြုမည်ဖြစ်ပါသည်။ သို့ရာတွင် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းအောင်မြင်ပြီးကျွမ်းကျင်မှုရရှိရေး လေ့ကျင့်ရေးကာလပြီးဆုံးပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်မှု(၃)နှစ် ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊

(ဆ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ လမ်း(၇၀၊ ၂၇-၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ၌ အခမဲ့ရယူလျှောက်ထားနိုင်ပြီး(၂၈-၅-၂၀၂၀)ရက် နောက်ဆုံးထား၍ လူကိုယ် တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက် ၂၈-၅-၂၀၂၀ ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည် မဟုတ်ပါ၊

၄။ စာမေးပွဲဝင်ကြေး(၅၀၀၀)ကျပ်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ငွေစာရင်းအမှတ် MD-023914သို့ ပေးသွင်းကြရမည်။

၅။ နှုတ်ဖြေစာမေးပွဲအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၆-၈-၂၀၁၉ရက်စွဲပါစာ အမှတ်၂၁၄၃/ ရွေးချယ်ရေး(အဓိက)/၂၀၁၉ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်နှင့်နေရာ၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့်နေ့ရက် နှင့် ဖြေဆိုရမည့်နေရာတို့ကို ထပ်မံကြေညာပေးပါမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၂-၄၀၃၆၉၃၃နှင့် မန္တလေးတိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှူးရုံး ဖုန်း-၀၂-၄၀၃၃၇၃တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ) | ၂၅၀၀ | ၂၈-၅-၂၀၂၀ | ၁၄:၀၀ | ၂၈-၅-၂၀၂၀ | ၁၂:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) | ၂၅၀၀ | ၂၈-၅-၂၀၂၀ | ၁၄:၀၀ | ၂၈-၅-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄တို့သို့ ရုံး ချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့၊ သစ်တပွေရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၄/အိုးဘိုစု)၊ ဦးပိုင်အမှတ် (၈၉)၊ မြေဧရိယာ ၀ဒသမ၁၃၅ဧကရှိ မြေကွက်အား ရေနံချောင်းမြို့၊ သစ်တပွေရပ်ကွက်တွင် နေထိုင်သူ ဒေါ်ယုယုဝါမှလည်းကောင်း၊ ရေနံချောင်းမြို့၊ အိုးဘိုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၀/အိုးဘို)၊ ဦးပိုင်အမှတ် (၄၃)၊ မြေကွက်အမှတ် (၃၀၅)၊ မြေဧရိယာ ၀ဒသမ၂၀၂ဧကရှိ မြေကွက်အား ရေနံချောင်းမြို့၊ အိုးဘိုရပ်ကွက်တွင် နေထိုင်သူ ဦးကျော်ကျော်ဦးမှလည်းကောင်း၊ ရေနံချောင်းမြို့၊ တွင်းကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၄/က/တွင်းကုန်းအနောက်)၊ ဦးပိုင်အမှတ် (၁၅/၁၇)၊ မြေဧရိယာ ၀ဒသမ၀၄ဧကရှိ မြေကွက်အား ရေနံချောင်းမြို့နယ်၊ တွင်းကုန်းရပ်ကွက်နေ ဒေါ်လှလှမြင့်မှလည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံ စာချုပ်စာတမ်းအထောက်အထားများဖြင့် မြေငှားဂရန်များ လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့**

---

## ဦးထွန်းထွန်းလှိုင် ဟန်မြင့်မိုရ်ကုမ္ပဏီသိရှိစေရန်

ဦးထွန်းထွန်းလှိုင် လက်ထောက်မန်နေဂျာ ၁၂/ဥကတ (နိုင်)၁၄၆၂၄၅၊ ၆၉၂ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ သူနာပြုသင်တန်းကျောင်း၊ မြောင်းမြမြို့သို့ တည်ဆောက်ရေးကိစ္စများ လာရောက်ဖြေရှင်းရန် အကြောင်းကြားပါသည်။

**တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ**
**သူနာပြုသင်တန်းကျောင်း**
**မြောင်းမြမြို့**

---

## အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ပိုက်လုံးလမ်း၊ မြေကွက်အမှတ်(၆၇/A)၊ အခန်းအမှတ်(၃)၊ အကျယ်အဝန်း (၉x၅၅)ပေခန့်ရှိ အပေါ်ထပ်(ထပ်ခိုးပါ)အခန်းအား လွန်ခဲ့သောနှစ်ပေါင်း(၃၀)ခန့်မှစ၍ မူလပိုင်ဆိုင်သူ ဒေါ်စောစောသန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှကြည်(AC-၀၂၉၉၀၂)မှ ၎င်းအမည်ဖြင့် အရောင်းအဝယ်စာချုပ်စာတမ်းချုပ်ဆို၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးလှကြည်၏ဇနီးဖြစ်သူ ဒေါ်ထွေးစိန်မှာလည်း ကွယ်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါအခန်းမှာ ကျွန်ုပ်မိတ်ဆွေ ဦးလှကြည်မှသာ တရားဝင် လက်ရောက်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအာကာလင်း(LL.B)**
**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄/၂၀၀၆**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | High Speed Diesel | (၈၄၃၇၅၈) ဂါလန် |
| ၂။ | Premium Deiesel | (၁၁၇၀၀) ဂါလန် |

တင်ဒါရောင်းချမည့်ရက် - ၂၉.၄.၂၀၂၀/ နံနက် ၁၀:၀၀ နာရီ

တင်ဒါပိတ်မည့်ရက် - ၂၉.၅.၂၀၂၀/ နေ့လည် ၁၂:၀၀ နာရီ

တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

အမှတ်၇၄/၇၆ ရွှေတိဂုံဘုရားလမ်း၊ရန်ကုန်မြို့၊ဖုန်း၀၁-၈၂၅၄၁၉၁၊၀၉၅၁၄၄၉၈၀

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စဉ့်ကူးမြို့၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကျည်တောက်ပေါက်ကျေးရွာနေ (ဘ)ဦးထွန်းမင်းနောင် ၉/စကန(နိုင်)၀၅၂၉၀၅ (အမိ) ဒေါ်သီသီဝင်း ၉/စကန(နိုင်)၀၂၇၉၉၃တို့၏သား မောင်စိုင်းမင်းခန့် ၉/စကန(နိုင်)၀၈၅၈၄၉သည် မိဘနှစ်ပါး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**မိဘ-**
**ဦးထွန်းမင်းနောင်-ဒေါ်သီသီဝင်း**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ဒက္ခိဏခရိုင်၊ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ ဦးစိန်ဝင်းအမည်ပေါက် မြေကွက်အမှတ်(၄၉၄) မြေကွက်ကို သားဖြစ်သူ ဦးဇော်ဝင်းသိန်းမှ မြေငှားစာချုပ်သစ် ထုတ်ပေးပါရန် ပိုင်ဆိုင်မှုအထောက်အထားများဖြစ်သော မိသားစုစီမံမှုသဘောတူစာချုပ်၊ စွန့်လွှတ်ကြောင်း တရားရုံးကျမ်းကျိန်၊ ပိုင်ဆိုင်ကြောင်းတရားရုံးကျမ်းကျိန်၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြ၍ လျှောက်ထားလာခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာလိုက်သည်။

**ဌာနမှူး(ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ် (၅၀၈)၊ မြေကွက်အမှတ် (၁၀၀၁)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးလှအမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်နီနီခိုင် ၉/ပမန(နိုင်)၀၄၅၄၈၀ မှ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ပြရန်အတွက် ပျဉ်းမနားမြို့ မြို့မြေတိုးချဲ့နေရာချထားရေးကော်မတီမှ ဦးလှအမည်ဖြင့် လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ပြီး ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

စာအုပ်စာပေ လူ့မိတ်ဆွေ

## စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ဧပြီ လ ၂၉ ရက်)**

၁။ ၂၀၂၀ ပြည့်နှစ်၊ မေလ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက်“က”အက္ခရာမှ“ကင” ထိစုစုပေါင်းအက္ခရာ(၃၈)လုံး၊ထီစာအုပ်(၃၁၀၉၀၈၄)အုပ်အား ရောင်းချခဲ့ပါသည်။

၂။ ထိုသို့ရောင်းချပေးခဲ့ရာတွင်ထီစာအုပ် (၁၂၉၇၃၉၉)အုပ် ရောင်းချခဲ့ရပြီး ထီစာအုပ် (၁၈၁၁၆၈၅)အုပ်မှာ ရောင်းမကုန်ထီအဖြစ်ကျန်ရှိခဲ့ပါသည်။အဆိုပါ ရောင်းမကုန်ထီလက်မှတ်များအား ပြည်တွင်းအခွန်များဦးစီးဌာန၏ Website: www.ird.gov.mm နှင့်အောင်ဘာလေသိန်းဆုဌာနခွဲ၏ကြော်ငြာသင်ပုန်းတွင် ကြေညာထားပါသည်။

၃။ ထီစာအုပ် ရောင်းရငွေမှာ ကျပ်သန်း (၁၂၉၇၃.၉၉၀) သန်းဖြစ်ပြီး ၆၀% ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည့်ငွေမှာ(၇၇၈၄.၃၉၄)သန်းဖြစ်ပါသည်။

၄။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများကို အထူးဆုကြီးစနစ်မှ **ကျပ်သိန်းတစ်သောင်းငါးထောင် (၁) ဆု၊ ကျပ်သိန်းတစ်သောင်း (၁) ဆု၊ ကျပ်သိန်ငါးထောင် (၁) ဆု၊ ကျပ်သိန်းနှစ်ထောင် (၂)ဆု၊ ကျပ်သိန်းတစ်ထောင် (၂)ဆု၊** ဆုတစ်ဆုချင်း စနစ်မှ **ကျပ်သိန်းငါးရာ (၁၀)ဆု၊ကျပ်သိန်းနှစ်ရာ (၁၁)ဆု၊ကျပ်သိန်းတစ်ရာဆု (၁၂)ဆု၊ ကျပ်သိန်းငါးဆယ် (၁၂)ဆု၊ ကျပ်သိန်းနှစ်ဆယ် (၁၅) ဆု၊ ကျပ်တစ်ဆယ်သိန်း (၁၆) ဆုနှင့်** ဝေဝေဆာဆာ ပဒေသာ ဆုမဲစနစ်မှ **ကျပ်သုံးသိန်း (၆၀)ဆု၊ ကျပ်နှစ်သိန်း (၆၀၀) ဆု၊ ကျပ်တစ်သိန်း (၆၀၀၀) ဆု၊ ကျပ်ငါးသောင်း (၅၀၀၀၀)ဆုများကို** ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၅။ ထိုပြင်သတ်မှတ်ကာလအတွင်း **လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ဘဏ္ဍာသိမ်း ရငွေမှ (၂၅၀)သန်းအား** ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ **ကျပ်သုံးသိန်း (၂၀)ဆု၊ ကျပ်နှစ်သိန်း (၂၀၀)ဆု၊ ကျပ်တစ်သိန်း (၂၀၀၀)ဆု**နှင့်ဆုတစ်ဆုချင်းစနစ်မှ**ကျပ်တစ်ဆယ်သိန်း (၄) ဆု**တို့ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၆။ ထိုသို့ခွဲဝေချီးမြှင့်သွားမည့် ဆုမဲများဖွင့်လှစ်ရာ၌အထူးဆုကြီးစနစ်နှင့် ဆုတစ်ဆုချင်းစနစ်တွင် ရောင်းမကုန်ထီလက်မှတ်နံပါတ်မှဆုမဲပေါ်ထွက်လာပါကပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး၊ဝေဝေဆာဆာပဒေသာဆုမဲစနစ်တွင်ရောင်းမကုန်ထီလက်မှတ်နံပါတ်မှ ဆုမဲပေါ်ထွက်လာပါက အဆိုပါဆုမဲတန်ဖိုးများအား စုပေါင်းပြီးအခြားသင့်လျော်သောဆုမဲများဖြင့် အစားထိုးပြန်လည် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၇။ အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၅.၂၀၂၀)ရက်နေ့ (သောကြာနေ့)၊ နံနက် (၇:၃၀)နာရီအချိန်မှစတင်၍ အမှတ်(၃၈၄)၊မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ထီဖွင့်ပွဲခန်းမ၌ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## အများသိစေရန်သတိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ ဂုံညင်းတန်းရပ်ကွက်၊ ဘိုကုန်းရပ်၊ အမှတ်-၆၁၀နေ မလှယမင်းဖြူ (ဘ) ဦးခိုင်ဝင်း ၁၀/မဒန(နိုင်)၂၅၅၆၅၉ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျောက်တလုံးကျေးရွာ၊ နဂါးမောက်လမ်း၊ အိမ်အမှတ်(၄၇)နေ (ဦးတင်ဇော်လွင်)၊ ဒေါ်ရီရီခိုင် ၁၀/မဒန(နိုင်)၁၁၃၆၉၆၏သားဖြစ်သူ မောင်အောင်ပိုင်ဖြိုး ၁၀/မဒန(နိုင်)၂၆၃၇၃၂ နှင့် မလှယမင်းဖြူတို့သည် မလှယမင်းဖြူ၏နေအိမ်၌ အတူတကွပေါင်းသင်းနေထိုင်ကြပြီးနောက် ၁၆-၄-၂၀၂၀ ရက် နေ့လယ်ပိုင်းတွင် မောင်အောင်ပိုင်ဖြိုးမှ ၎င်းမိဘနေအိမ်သို့ ခေတ္တခဏအလည်သွားပြီး ညနေပြန်လာမည်ဟုပြောဆို၍ထွက်သွားရာ ယနေ့ထိ မလှယမင်းဖြူထံ ပြန်လာခဲ့ခြင်းမရှိပါ။

ထို့ကြောင့် မိဘအိမ်သို့အလည်သွားမည်ပြောဆိုပြီး ယနေ့ထိ မလှယမင်းဖြူအား အဆက်အသွယ်မပြုလုပ်သော မောင်အောင်ပိုင်ဖြိုးအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် မောင်အောင်ပိုင်ဖြိုးအား လက်ခံထားသည့် မည်သူ့ကိုမဆို တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်လှယမင်းဖြူ** | **ဒေါ်ဇာဖြူအောင် (LL.B)** |
| **၁၀/မဒန(နိုင်)၂၅၅၆၅၉** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၈၇၀၀၊ ဂုံညင်းတန်းရပ်** |
| | **ကမာဝက်မြို့၊** |
| | **ဖုန်း-၀၉-၂၅၅၈၉၁၄၆၂** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၂၅၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကျော်သူဝင်း အမည်ပေါက် မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၅၉/၂၀၁၉)ရသူ ဦးရဲအောင်လွင် ၉/ပမန(နိုင်)၀၁၇၆၁၃ မှ ဒေါ်ဖြူဖြူသန့် ၉/ပမန(နိုင်)၁၇၅၇၈၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ မြေကွက်အမှတ်(ဥ-၆၄၀၇)၊ ဦးကောင်းမြတ်စံ ၁၂/စခန(နိုင်) ၀၆၆၈၅၅ (ဘ)ဦးမျိုးဝင်း အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မေဇင်ထွန်း ၈/မဘန(နိုင်)၀၇၃၇၁၇ (ဘ)ဦးချစ်ရွှေမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက် နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးကျော်စိန်ဝင်း ၁၀/ဘလန(နိုင်)၀၀၉၆၂၅ (ဘ)ဦးစိန်ထွန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၁၇၃၃)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၈/၂၅-၁-၂၀၁၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးသန်းလှိုင် ၉/ပမန(နိုင်)၁၉၁၇၁၁ (ဘ)ဦးကြည်လှိုင်မှ ဒေါ်တင်မိုးသွယ် ၉/ပမန(နိုင်)၂၀၉၀၃၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျောက်မဲမြို့၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၅)၊ ရွက်လှလမ်းနေ ဦးညိုအေး ၁၃/ကမန(နိုင်)၀၀၅၄၂၉- ဒေါ်နန်းလွင် ၁၃/ကမန(နိုင်)၀၀၅၄၂၆တို့၏သမီး မလွင်လွင်အေး(ခ)မအေးသန္တာလွင် ၁၃/ကမန(နိုင်)၀၀၀၉၅၈ သည်မိဘများ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ သူ့သဘောအတိုင်း လုပ်ဆောင်သွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

**ဦးညိုအေး-ဒေါ်နန်းလွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စာရေး (၁)ဒေါ်ညိုညိုနိုင် ၈/ပမန(နိုင်) ၀၈၇၂၂၇ ၏ ဦးခင်မောင်ဝင်း ၈/ပမန(နိုင်) ၀၁၄၀၅၀နှင့် ဦးမောင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

မိုးညှင်းမြို့၊ အလက (မြို့မ)၊ Grade-6 မှ (ဘ) ဦးသန့်ဇင်၏သား မောင်ရဲထွဋ်အား မောင်ရဲထွဋ်ဦးဟု ပြောင်းလဲခေါ်ဆိုပါ ရန်။

## အများသိစေရန်ကြေညာချက်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်နေသော BAYON Microfinance Co.,Ltd. ၏ ဒါရိုက်တာဖြစ်သူ Ms Thin Zar Htun 12/OKT(N)138196 သည် ကျန်းမာရေးအခြေအနေကြောင့် BAYON Microfinance Co.,Ltd. ၏ ဒါရိုက်တာအဖြစ်မှ ၃-၄-၂၀၂၀ရက်တွင် နုတ်ထွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**BAYON Microfinance Co.,Ltd.**

## အများပြည်သူများသိစေရန် အသိပေးကြေညာခြင်း

Company Registration No-101015343 ရရှိထားသော ကျွန်တော်တို့ Shwe QQ Co.,Ltd. သည် ၂၄-၄-၂၀၂၀ရက် အစည်းအဝေးဆုံးဖြတ်ချက်များအရ Company ၏ လည်ပတ်ငွေ ကန့်သတ်ချက်ကြောင့် ၂၉-၄-၂၀၂၀ရက်တွင် မူလ Share (16000) Shares (1600000000)MMK မှ (1250) Shares (125000000) MMK သို့ Share လျှော့ချလိုက်ပြီဖြစ်ကြောင်း အများပြည်သူများသိစေရန် ကြေညာအပ်ပါသည်။

**Kyan Sein Sein**
**Managing Director**
**Shwe QQ Co.,Ltd.**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ် (၄)၊ ဝေဠုဝန်ရပ်ကွက်၊ (၆၀'x ၂၀')၊ ဦးဝင်းလှိုင်အမည်ပေါက် မြေကွက်အားယခုလက်ရှိပိုင်ဆိုင်သူ ဦးဝင်းလှိုင် ၈/မဘန(နိုင်)၀၁၁၉၁၈ ထံမှ ကျွန်တော် ဦးလှမင်း ၈/မဘန(နိုင်)၀၂၄၃၀၉ မှဝယ်ယူပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်တော့အနေဖြင့် တရားဝင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မင်းဘူးမြို့-လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမင်း ဖုန်း-၀၉-၄၀၁၅၉၀၅၃၉**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း (ဖြေဆိုပြီး)၊ ဖရ၀-၃၇၆ မောင်မြတ်မင်းသူ၏ ဖခင် အမည်မှန်မှာ ဦးရဲဇော်ထွန်း ၈/ရနခ(နိုင်)၁၁၂၉၈၂ ဖြစ်ပါကြောင်း။

**ဦးရဲဇော်ထွန်း**

## သိရှိစေရန်

ဦးထွန်းထွန်းလှိုင် လက်ထောက်မန်နေဂျာ ၁၂/ဥကတ(နိုင်)၁၄၆၂၄၅၊ ၆၉၂ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ မြောင်းမြမြို့၊ သူနာပြုသင်တန်းကျောင်းသို့ တည်ဆောက်ရေးကိစ္စများ အမြန်လာရောက်ဖြေရှင်းပါ။

သစ်ပင်
နည်းလာ
တို့ကမ္ဘာ
လွန်စွာ
ပူအေး
ဥတုဘေး

## ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ခင်လေးယု (ခ) Ruth Samual

### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဘောက်ထော်ပြည်သာယာရိပ်သာ၊ ပြည်တော်အေးလမ်း၊ အမှတ် (၃) နေ (ဗိုလ်ကြီးအေဆယ်မြူရယ် - ဒေါ်ခင်ခင်) တို့၏ သမီးဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ (အငြိမ်းစား) ၏ ချစ်ဇနီး၊ ဦးကိုကိုဦး၊ ဦးမင်းမင်းဦး–ဒေါ်နော်မြမြငွေး၊ (ကိုသက်လွင်ဦး)၊ (ကိုထွန်းထွန်းဦး)၊ ဦးနိုင်နိုင်ဦး–ဒေါ်မေနီအောင်၊ ဒေါ်နွယ်နီဦး၊ ဦးအောင်အောင်ဦး–ဒေါ်ဆိုင်းပန်တို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်လေးယု(ခ) Ruth Samualသည် ၂၈–၄–၂၀၂၀ ရက် (အင်္ဂါနေ့) ည ၉နာရီ ၂၅ မိနစ်၌ အမှတ် (၂) တပ်မတော်စစ်ဆေးရုံ (ခုတင်-၅၀၀)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉–၄–၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၂၀–၄–၂၀၂၀ရက်တွင် ကွယ်လွန်သွားသော ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၏ ဈာပနတွင်လွမ်းသူ့ပန်ခြင်းပေးပို့ပေးပါသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ အကူအညီပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ မကျန်းမာစဉ်အတွင်း အထူးဂရုစိုက်ကုသ ပေးကြပါသော ကင်ဆာအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးစိုး အောင်(ငြိမ်း)၊ ဆီးချိုနှင့် ကျောက်ကပ်သမားတော်ကြီး ဒေါ်သန်းသန်း အေး၊ Grand Hantha International Hospital ဖြဲ့သမှ ဆရာဝန်များနှင့် သူနာပြုများ၊ လွမ်းသူ့ပန်းခြင်းများနှင့် လှူဖွယ်ပစ္စည်း အစုစုတို့ကို ပေးပို့ပြီးအားပေးကြပါသော ဌာနဆိုင်ရာ မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘီးလင်းမြို့နယ် အသင်း(ရန်ကုန်)

## ဒေါ်ခင်ထွေးရီ

### ရာသက်ပန် အသင်းဝင်အမှတ်(၅၁၂) အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ နွေဦးလလမ်းသွယ်၊ သံလွင်လမ်း၊ အမှတ်(၁၀၈-အိုင်)နေ (ဦးကိုလေး)(နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ဇနီး၊ အသင်းဝင်များ ဒေါ်မီမီကို၊ ဦးအေးကိုကို(ဒုညွှန်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်စီစီကို၊ ဒေါ်နီလာကို၊ ဦးအောင်ကို(ညွှန်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ မိခင်သည် ၁၀–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသ ဖြင့် ၁၁–၄–၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြင့်မြင့်မေ

### လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) လူမှုဖူလုံရေး

### အသက်(၈၅)နှစ်

ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးထွန်း–ဒုတိယဗိုလ်မှူးကြီးယုယုခင် တပ်မတော်ဆေးတက္ကသိုလ်(ငြိမ်း) တို့၏ မိခင်ဖြစ်သူ ဒေါက်တာ မြင့်မြင့်မေသည် (၂၆–၄–၂၀၂၀)ရက် နံနက် (၉:၅၅) နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဆေးတက္ကသိုလ်(၂)ရန်ကုန်
ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ

## ကိုမောင်မောင်နိုင်(မာန်အောင်) အသက်(၄၂)နှစ်

### အောင်သစ္စာခရီးသွားလုပ်ငန်း(ဂိတ်မှူး)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ င/အင်းအုပ်စု၊ မင်းရပ်ကျေးရွာနေ ဦးစိုးထွန်း–ဒေါ်ရွှေတင်နုတို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၅)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ်(၅၈၅)နေ ဦးငွေဝင်း–ဒေါ်တင်မြင့်တို့၏ သားသမက်၊ ဦးခင်မောင်တင်း–ဒေါ်စိန်မြရီ၊ ဦးခင်မောင်လွင်–ဒေါ်လတ်လတ်ခင်၊ ဦးတင်စိုးနိုင်–ဒေါ်ခင်ခင်စော၊ ဦးမောင်မောင်ခိုင်–ဒေါ်အေးငြိမ်းချိုတို့၏ ညီ/မောင်၊ ဦးမြတ်စိန်–ဒေါ်မြင့်မြင့်စော၊ မလဲ့လဲ့လှိုင်တို့၏အစ်ကို၊ မောင်နေလင်းထွန်း၏ဦးလေး၊ ဒေါ်နုနုလှိုင်၏ချစ်လှစွာသောခင်ပွန်း သည် ၂၇–၄–၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၄–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၃–၅–၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်နှင့်အောင်သစ္စာ ကားဂိတ်တို့တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အထူးကျေးဇူး ဥပကာရတင်ရှိခြင်း

၂၃–၄–၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးချမ်းသာဦး (MD ရွှေဘုန်းပြည့်အောင် Co.,Ltd,)၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (MRF)၊ ဒုတိယဥက္ကဋ္ဌ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်) အသက် (၃၇)နှစ်၊ ကွယ်လွန်ချိန်မှစ၍ ရက်လည်သည့်နေ့အထိ အစစအရာရာလိုလေသေးမရှိအောင် ဆောင်ရွက်ပေးခဲ့ကြသော နာရေးကူညီမှုအသင်း (ရန်ကုန်)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာ နိုင်ငံဆန်ကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်)၊ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) ဆန်စပါးကုန်စည်ဒိုင် (မန္တလေး)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်း၊ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ JF Group မှ မိသားစုဝင်များ၊ We Love Yangon၊ We Love North- Okkalapa Zone၊ သင်္ကန်းပရိက္ခရာ လှူဖွယ်ဝတ္ထုအစုစုနှင့် လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများပေးပို့ခဲ့ကြသည့် လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့အစည်းများ၊ နေအိမ်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ Message၊ Wechat၊ Viber တို့ဖြင့်သော်လည်းကောင်း ဆက်သွယ်အားပေး သတင်းမေးမြန်းခြင်းနှင့် နာရေးခရီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော လူကြီးမင်းများ၊ ဌာန ဆိုင်ရာများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကုမ္ပဏီများမှ မိတ်ဆွေ အပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေ အပေါင်းအသင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား အထူးကျေးဇူး ဥပကာရတင်ရှိပါသည်။

ညှိုးငယ်သောစိတ်ထားဖြင့်
ကျန်ရစ်သူမိသားစု

## ဒေါ်စောယဉ်(Elice)

### စစ်တွေမြို့

### အသက်(၉၇)နှစ်

(ဒေါက်တာ ဦးထွန်းအောင်ကျော်–ဒေါ်စာဘု)တို့၏သမီး၊ (ဦးကျော်ဦး–ဒေါ်စံပြရီ)တို့၏သမီးချွေးမ၊ (ဦးစံလှ)၏ဇနီး၊ ဒေါက်တာခင်စောလှ(ညွှန်ကြားရေးမှူး–ငြိမ်း၊FDA)–(ဦးခင်အောင်ကြည်)(R/O)၊ ဒေါ်မေမေခင်(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)–(ဦးထွန်းမြင့်) တို့၏မိခင်၊ စောထွဋ်အောင်(Star Hub, Singapore)၊ မျိုးသက်ခိုင်(Golden Eagle Co.,Ltd)၊ မေသန္တာ(Zifam Pyrex Myanmar) တို့၏အဘောင်ရှင်သည် ၂၇–၄–၂၀၂၀ရက် ၁၂:၃၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အမှတ် (၁၊ ၄(ဂ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၄–၂၀၂၀ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

## ဦးဇော်သိန်း

### အသက်(၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ပွဲစားတန်းလမ်းနေ (ဦးကျင်မောင်–ဒေါ်ကျင်တီ)တို့၏သား၊ အရှေ့လမ်းမတော်နေ (ဦးခွန်–ဒေါ်ခင်ကြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးသန်းထွန်း–ဒေါ်လှလှဝင်း၊ ဇီးကုန်းမြို့နေ ဦးသန်းရွှေ–ဒေါ်မြမြဝင်းတို့၏မောင်၊ ကြို့ပင်ကောက်မြို့နေ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ချိုချိုဝင်း၊ ရန်ကုန်မြို့နေ ဦးကျော်ငွေး–ဒေါ်ကြည်ကြည်ဝင်း၊ ဦးဇော်လင်း–ဒေါ်မြင့်မြင့်အောင်၊ ဒေါ်သန်းသန်းဝင်းတို့၏အစ်ကို၊ ကိုဝေမင်းဟန်–မချိုသက်ဇော်၊ ကိုမြတ်မင်းဇော်–မနန်းစိန်ပွင့်တို့၏ချစ်လှစွာသောဖခင်၊ မောင်ဆက်နောင်၊ မနိုရာရွှန်းလက်၊ စိုင်းပုညပိုင်သော်တို့၏ချစ်လှစွာသောအဘိုး၊ ကြို့ပင်ကောက်မြို့၊ အရှေ့လမ်းမတော်လမ်း၊ အမှတ် (၆၀)နေ ဒေါ်စန်းစန်းငွေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၇–၄–၂၀၂၀ရက် (တနင်္လာနေ့) ည ၁၁:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၄–၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကြို့ပင်ကောက်မြို့ သဲတွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

## ဦးဇော်သိန်း

### အသက်(၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ ကိုဝေမင်းဟန် (အောင်မြင့်မြတ်ဆန်စက်)–မချိုသက်ဇော် (အောင်မြင့်မြင့်မိုရ်ဆေးရုံ)၊ ကိုမြတ်မင်းဇော် (Star City ရေသန့်စက်)–မနန်းစိန်ပွင့်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်စန်းစန်းငွေး(အောင်မြင့်မြင့်မိုရ်ဆေးရုံ၊ စိန်ပုလဲရွှေဆိုင်)၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်သိန်းသည် ၂၇–၄–၂၀၂၀ရက် (တနင်္လာနေ့) ည ၁၁:၅၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အထူးကုဆရာဝန်ကြီးများနှင့်ဝန်ထမ်းများ
အောင်မြင့်မြင့်မိုရ်ဆေးရုံ၊ ကြို့ပင်ကောက်မြို့

သင့်သွေးဖြင့် အသက်ကယ်ပါ

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်မြမြ(အထက်တန်းပြ–ငြိမ်း)

### (ပေါက်ခေါင်းမြို့)

### အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်နေ (ဦးဘသော်–ဒေါ်မမလေး) တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ တိုက်(၁၈)၊ အခန်း(၂)နေ ဒေါ်တင်မြမြ(ပေါက်ခေါင်းမြို့နယ်အသင်း၊ ရန်ကုန်၊ အသင်းဝင်သက်ကြီးကန် တော့ခံ)အဘွားသည် ၂၃–၄–၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)

### ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူးမျိုးအောင်(ငြိမ်း)–ဒေါ်မြင့်မြင့်ဖော်တို့၏ ဖခင်ကြီး အရာခံဗိုလ်လှငွေး(ငြိမ်း) အသက်(၈၆)နှစ်သည် အမှတ် ၂၂၀၊ ၃ လမ်း၊ အောင်စေတနာ ဘီ၊ မကွေးမြို့နေအိမ်၌ ဧပြီ ၂၅ ရက် ညနေ ၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၈)မှ
သူငယ်ချင်းမိသားစုများ

## ဦးအောင်သန်း(စာရေးဆရာ မောင်မောင်ပြုံး)

### မြန်မာ့ဂုဏ်ရည် စာပုံနှိပ်တိုက်ပိုင်ရှင်၊ မြတ်ကြေးမုံမဂ္ဂဇင်း ထုတ်ဝေသူ

### အသက်(၈၀)

ရန်ကုန်မြို့နေ(အမျိုးသားပညာဝန်ဦးဖိုးကျား–ဒေါ်အေးကြည်) တို့၏တူ၊ (ဦးချစ်ဆွေ–ဒေါ်အေးကြည်)တို့၏သား၊ အင်္ဂလန်နိုင်ငံနေ Mr. David Ovey – ဒေါ်ဖြူသန့်စင်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄) ရပ်ကွက်၊ FMI City ရွှေသရဖီ(၂)လမ်း၊ အမှတ်( H-၉၃)နေ ဒေါ်သဇင်ဖေချစ်(Managing Director , Myanmar Fantastic Travel & Tours) တို့၏ဖခင်၊ Crystal ရှင်းသန့်မေ၊ Emerald အိမ့်ရွှေစည်၊ Michael သုတ၊ Alexander Aung Ovey တို့၏အဘိုး၊ ဒေါ်မေသင်းအောင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၅–၄–၂၀၂၀ရက် ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းဝေ

### လ.ဝ.က–မှူး(ငြိမ်း)

### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၃၈၅)၅/ကနေ(ဦးကျော်ဇင်–ဒေါ်ရင်ပု) တို့၏သမီးချွေးမ၊ (ဦးချစ်စိန်)–ဒေါ်ရင်ရင်တို့၏သမီး၊ ဦးကြည်ရှိန်–ဒေါ်အေးမိုးဝင်း၊ ဦးကြည်လွင်–ဒေါ်ကေသီဦး၊ ဦးတင်ဝင်း–ဒေါ်ဆွေဆွေ၊ ဦးညီညီအောင်–ဒေါ်သန်းသန်းဆင့်၊ (ဦးဝင်းရွှေ)–ဒေါ်သန်းသန်းနှစ်တို့၏အစ်မ၊ ကိုပြည့်မင်းဇော်–မစောရည်နန္ဒာ၊ ကိုဆောင်းဝင်းဇော်၊ ကိုထက်–မဆုဝေလှိုင်တို့၏မိခင်၊ ဦးမောင်မောင်ဇော်ဝင်း၏ဇနီး၊ မောင်ခွန်းသုအောင်၊ မောင်ဖွဲ့ခန့်သူတို့၏အဘွားသည် ၂၇–၄–၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၆:၂၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၄–၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကိုဗစ်-၁၉ သက်ရောက်မှုကာလအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်စေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Video Conferencing စနစ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်စဉ်။
သတင်းစဉ်

နေပြည်တော် မေ ၂၈

Coronavirus Disease COVID–19 သက်ရောက်မှု ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က စီးပွားရေးနှင့် ကူးသန်း

စာမျက်နှာ ၇ ကော်လံ ၁ ✤

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းမှ ကိုဗစ်-၁၉ ဘေးဒဏ်ခံစားနေကြရသည့် ဈေးသည်များအတွက် ရန်ပုံငွေအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်

ရန်ကုန် မေ ၂၈

ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းမှ "I DO NATION" ဟူသော ခေါင်းစဉ်ဖြင့် ကိုဗစ်–၁၉ ရောဂါ ဘေးဒဏ်ခံစားနေကြရသည့် ဈေးသည်များအတွက် ရန်ပုံငွေအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဗစ် – ၁၉ ရောဂါကြောင့် ထိခိုက်နစ်နာပြီး အခက်အခဲရင်ဆိုင်နေရသော ဈေးသည်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အဆင်ပြေစေရန်နှင့် ၎င်းတို့ကို မှီခိုနေသူများအတွက် အတိုင်းအတာတစ်ခုအထိ ပြေလည်စေရန် တိုက်ရိုက်အကူငွေပေးအပ်ခြင်း၊ လုပ်အားပါဝင်ပေးခြင်း၊

စာမျက်နှာ ၇ ကော်လံ ၄ ✤



ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းမှ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ လိုက်လံဝေငှစဉ်။ ဓာတ်ပုံ– ဒို့အိမ်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ်တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်

### သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်၏အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ်တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၈/၂၀၂၀) အား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ ညွှန်ကြားချက်အပြည့်အစုံမှာ –

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်း (Bank Rate) ကို တစ်နှစ်လျှင် (၈.၅) ရာခိုင်နှုန်းမှ (၇.၀) ရာခိုင်နှုန်းသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ပြီး ဘဏ်များ၏ အပ်ငွေအပေါ် အတိုးနှုန်းနှင့် ချေးငွေအပေါ် အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်–

(က) ငွေစုစာရင်းအပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှပေးရမည့် အပ်ငွေတို့အပေါ်တွင် ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအောက် (၂) ရာခိုင်နှုန်း (၇.၀ % – ၂.၀ % = ၅.၀ %) ထက် မနည်းစေရ၊

( ခ ) ဗဟိုဘဏ်မှ သတ်မှတ်ထားသော အောက်ပါအာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် (၃) ရာခိုင်နှုန်း (၇% + ၃ % = ၁၀ %) ထက် ကျော်လွန်၍ ကောက်ခံခြင်းမပြုရ–

- မြေနှင့်အဆောက်အဦ၊ ရွှေ–ရွှေထည်ပစ္စည်း၊ စိန်နှင့် အဖိုးတန် ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ၊ လက်ရောက်အပေါင် (Pledge)၊ ချေးငွေအာမခံ (Credit Guarantee) ဖြင့် ထုတ်ချေးသည့် ချေးငွေများ၊
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာသတ်မှတ်သည့် အာမခံပစ္စည်းများကိုအခြေပြု၍ ထုတ်ချေးသည့်ချေးငွေများ။

စာမျက်နှာ ၇ ကော်လံ ၁ ◆

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်မည့် ဌာန/အဖွဲ့အစည်းများနှင့် အများပြည်သူများ သိရှိလိုက်နာရန် အသိပေးကြေညာချက် ထုတ်ပြန်** စာမျက်နှာ – ၅

**COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်** စာမျက်နှာ – ၈

## ပါတေးကို ခေါ်ယူရန် ပေါင် ၄၃ သန်းဖြင့် အာဆင်နယ် ကမ်းလှမ်း

အာဆင်နယ်အသင်းသည် စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းမှ ဂါနာကွင်းလယ်ကစားသမား သောမတ်စ်ပါတေး (၂၆ နှစ်) ကို ခေါ်ယူရန် ပေါင် ၄၃ သန်းဖြင့် ကမ်းလှမ်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဂါနာသတင်းထောက် တစ်ဦးဖြစ်သူ ရာမန်အိုစမန်၏ အဆိုအရ ပါတေးသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့နိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးလျက်ရှိနေကြောင်း သိရသည်။

အာဆင်နယ်နည်းပြ အာတီတာသည် ၎င်းဦးစားပေးခေါ်ယူမည့် ကစားသမားမှာ အသက် (၂၆ နှစ်) အရွယ် ပါတေး ဖြစ်ပြီး အဆိုပါ ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးမှာ ပေါင် ၄၃ သန်းသာရှိသောကြောင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❑




အက်သလက်တီကို မက်ဒရစ်အသင်းမှ ဂါနာကွင်းလယ်ကစားသမား သောမတ်စ်ပါတေး

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ကိုရိုနာဗိုင်းရပ်စ်

ရှင်နော်၊ ဓာတ်ပုံ – YACL

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး လေဆိပ်ကြီးတစ်ခုဖြစ်ပြီး နိုင်ငံ၏ အဓိကလေကြောင်း ဝင်ပေါက် ထွက်ပေါက်အဖြစ် သတ်မှတ်ခြင်းခံထားရကာ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အခြားလေဆိပ်ကြီးများနည်းတူ ကိုဗစ် – ၁၉ ၏ ထိုးနှက်တိုက်ခိုက်မှုကြောင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး လေကြောင်းခရီးသွားလာမှု မရှိသလောက် နည်းပါးခဲ့ရပြီ ဖြစ်သည်။**

ဒုတိယ ကမ္ဘာစစ်အတွင်း စတင် တည်ဆောက်ခဲ့သော ရန်ကုန် လေဆိပ်သည် တစ်ချိန်က အရှေ့တောင်အာရှ၏ အကောင်းဆုံး လေဆိပ်တစ်ခုအဖြစ် နာမည်ကျော်ခဲ့သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆင့်မြှင့်တင်ရေး အစီအစဉ်ကို ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါ လေဆိပ်၏ စီမံခန့်ခွဲမှုကိစ္စအဝဝကို ရန်ကုန်အေရိုဒရုန်း ကုမ္ပဏီ လီမိတက်က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။



### ဝန်ဆောင်မှုပေးနိုင်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၂၀ ပြည့်နှစ် ပထမသုံးလတာကာလအတွင်း ခရီးသည် ၁ ဒသမ ၄၆ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ လက်ရှိ ဖြစ်ပွားနေသော ကိုဗစ် – ၁၉ ရောဂါကြောင့် ယခင်နှစ်နှင့် ကာလ တူနှိုင်းယှဉ်ပါက ၁၇ ဒသမ ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ နိုင်ငံတကာခရီးသည် ဝင်ထွက်သွားလာမှုသည် ၁၁၉၆၀၄၂ မှ ၈၈၃၁၄၉ အထိ ၂၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ပြည်တွင်း ခရီးသည် ဝင်ထွက်သွားလာမှုမှာ ၅၆၀၉၇၈ မှ ၅၇၂၆၅၆ အထိ ၂ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

### ခရီးစဉ်ပျံသန်းမှု တိုးမြှင့်လာ

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်အတွင်း လေကြောင်း ခရီးစဉ်ပျံသန်းမှု အကြိမ်ပေါင်း ၁၈၉၄၉ ကြိမ်ရှိခဲ့ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၉၆ ရာခိုင်နှုန်း တိုးမြှင့်လာကြောင်း သိရသည်။ ထိုသို့ တိုးမြှင့်လာခြင်းသည် ပြည်တွင်း လေကြောင်းလိုင်းများ၏ ခရီးစဉ် ပျံသန်းမှုများတွင် လေယာဉ်ငယ် အမျိုးအစားများ အသုံးပြုပြေးဆွဲလာခြင်း ကြောင့်ဖြစ်ကြောင်း သိရသည်။

**အချပ်ပို (ခ) သို့**

# ရန်ကုန်မြို့ပြရဲ့ ကျယ်ပြန့်လာတဲ့ ပုံရိပ်တစ်ခု

ဆွေဦးဝေ၊ ဓာတ်ပုံ – ခင်ဇွန်ဇာလင်း



အခုတလော ရန်ကုန်မြို့ ကားလမ်းတွေပေါ်မှာ လူငယ်လေးတွေ စက်ဘီးစီးနင်းရင်း ကုန်ပစ္စည်းတွေ အိမ်တိုင်ရာရောက် လိုက်လံ ပို့ဆောင်နေတဲ့ မြင်ကွင်းကို ခပ်စိပ်စိပ်တွေ့နေရပါတယ်။ ကိုဗစ်–၁၉ ကြောင့် ပြည်သူတွေ နေအိမ်အတွင်း နေထိုင်ကြရတဲ့ကာလမှာ အစားအသောက်နဲ့ ပစ္စည်းတွေကို အိမ်အရောက် မှာယူသူတွေများပြားလာတာမို့ အခုလို ဝန်ဆောင်မှုလုပ်ငန်းကလည်း အရှိန်အဟုန်နဲ့ ကျယ်ပြန့်လာတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အရင်က အိမ်တိုင်ရာရောက် အစားအသောက်နဲ့ ကုန်ပစ္စည်းဝန်ဆောင်မှုကို စက်ဘီးလေးတွေနဲ့ လိုက်လံပို့ဆောင်နေတဲ့ လုပ်ငန်းတွေရှိပေမယ့် အခုနှစ် မတ်လကုန်နဲ့ ဧပြီလထဲမှာတော့ အော်ဒါတွေ မှာယူမှု တိုးတက်များပြားလာတယ်လို့ စက်ဘီးနဲ့လိုက်လံပို့ပေး နေတဲ့ ကိုမြတ်ဦးက ပြောပြပါတယ်။

**အချပ်ပို (ဂ) သို့**

# ရန်ကုန်နဲ့ ကုန်သေတ္တာတင်ယာဉ်တွေ

ဇင်လင်းမြင့်

ရန်ကုန် မြို့ရဲ့ ဘုရင့်နောင်လမ်းမတစ်လျှောက် နေ့ခင်းပိုင်းအချိန်တွေမှာ ကုန်သေတ္တာတင် မော်တော်ယာဉ်တွေ မောင်းနှင်နေကြတာ တွေ့ရပါတယ်။ အရင်က အဲဒီကုန်သေတ္တာတင် ယာဉ်တွေဟာ ညပိုင်းမှာသာ မောင်းနှင်ကြဖို့ စည်းကမ်းသတ်မှတ်ထားပေမယ့် အခုတော့ ရန်ကုန်မြို့အပါအဝင် မြန်မာတစ်နိုင်ငံလုံးမှာ ကိုဗစ်-၁၉ ကြောင့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေတွေထုတ်ပြန်ထားပြီး ရန်ကုန်မြို့မှာ ညမထွက်ရအမိန့်ကြောင့် အခုလို ကုန်သေတ္တာ မော်တော်ယာဉ်တွေ နေ့ခင်းပိုင်းမှာ ပြောင်းလဲ မောင်းနှင်နေကြတာဖြစ်ပါတယ်။

"အခုကာလမှာ ညမထွက်ရ ထုတ်ပြန်ထားတာမို့ ကုန်သေတ္တာယာဉ်တွေ နံနက် ၈ နာရီမှ ည ၈ နာရီအထိ မောင်းနှင်သွားလာကြဖို့ ပြောင်းထားပါတယ်။ ရန်ကုန်မြို့မှာ နေ့ပိုင်း ယာဉ်ကြောကျပ်တည်းမှု အခုအချိန်မှာ မရှိတာကြောင့် ယာဉ်မောင်းတွေအတွက်လည်း အဆင်ပြေပါတယ်" လို့ မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း နာယက ဦးသန်းလွင်က ပြောထားပါတယ်။

### ယာဉ်တွေနည်းပါးသွား

ကိုဗစ်-၁၉ ကြောင့် ရန်ကုန်မြို့ရဲ့ မြို့နယ်တွေ၊ ရပ်ကွက်တွေ၊ လမ်းတွေနဲ့ ကားလမ်းမတွေပေါ်မှာ နေ့စဉ်မော်တော်ယာဉ်သွားလာမှု သိသိသာသာ လျော့နည်းသွားပါတယ်။ YBS တွေ နေ့စဉ်ပြေးဆွဲမှု အစီးရေလည်း လျော့နည်းထားသလို ပြည်သူအများစုကလည်း အိမ်ထဲမှာသာ နေထိုင်သူတွေ များနေတာမို့ ရန်ကုန်မြို့ရဲ့ ကားလမ်းတွေပေါ်မှာ မော်တော်ယာဉ်တွေနည်းပါးသွားတာ ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၇ ရက်က စတင်ပြီး ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့် ထုတ်ပြန်ထားတာကြောင့် ကုန်သေတ္တာတင်ယာဉ်တွေ နေ့ပိုင်းကို ပြောင်းလဲပြေးဆွဲနေတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ ကုန်သေတ္တာတင်ယာဉ်တွေကို နံနက် ၇ နာရီမှ ည ၈ နာရီအထိ နေ့ခင်းအချိန်မောင်းနှင်ခွင့်ပြုတဲ့နေရာမှာ သတ်မှတ်ထားတဲ့ အချိန်ထက်စောပြီး ထွက်ခွာကာ အချိန်နောက်ကျပြီး မောင်းနှင်တာတွေ မဖြစ်ပေါ်အောင် စနစ်တကျ တွက်ချက်ကာ ယာဉ်မောင်းတစ်ဦးချင်းအနေနဲ့ သိရှိလိုက်နာ မောင်းနှင်ကြဖို့ လိုအပ်တာတော့ အမှန်ပါပဲ။

ဒီလိုနေ့ခင်းအချိန် ကုန်သေတ္တာတင်ယာဉ်တွေဖြတ်သန်းမောင်းနှင်တဲ့အခါ ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်အောင်၊ ယာဉ်အန္တရာယ်မဖြစ်အောင်၊ သတ်မှတ်မိုင်နှုန်း မောင်းနှင်အောင်နဲ့ သတ်မှတ်ထားတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေအတိုင်း မောင်းနှင်စေအောင် မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းရဲ့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စောင့်ကြည့်ကြပ်မတ်ရမှာ ဖြစ်ပါတယ်။



ရန်ကုန်မြို့တွင်း နေ့လယ်ပိုင်းတွင် ကုန်သေတ္တာယာဉ်ကြီးတစ်စီး မောင်းနှင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ – ကေဇင်

### ပူးပေါင်းညှိနှိုင်း ဆောင်ရွက်

ရန်ကုန်မြို့မှာ သတ်မှတ်ယာဉ်ကြောတွေအတိုင်း ကုန်သေတ္တာတင်ယာဉ်ကြီးတွေ နေ့ပိုင်းမောင်းနှင်ဖြတ်သန်းတာကို ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ YRTA တို့ကလည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါတယ်။ ကုန်သေတ္တာတင်မော်တော်ယာဉ်ကြီးတွေ ရန်ကုန်မြို့မှာ ဖြတ်သန်းတဲ့ အချို့လမ်းကြောတွေဟာ YBS ယာဉ်တွေ၊ အငှားယာဉ်နဲ့ ကိုယ်ပိုင်အိမ်စီးမော်တော်ယာဉ်တွေလည်း မောင်းနှင်သွားလာနေကြတာမို့ အထူးဂရုပြု မောင်းနှင်ကြဖို့တော့ လိုအပ်နေပါတယ်။

### လမ်းကြောရှင်းနေတာတွေ

ဒါပေမယ့် အခုကာလမှာတော့ YBS ယာဉ်တွေ၊ အိမ်စီးကားနဲ့ အငှားယာဉ်တွေလည်း မောင်းနှင်သွားလာမှု နည်းပါးနေတာမို့ အရင်ကထက် ယာဉ်ကြောပိတ်ဆို့မှု မရှိဘဲ လမ်းကြောရှင်းနေတာတွေ များပါတယ်။

၂၀၀၉ ခုနှစ် ဇူလိုင် ၅ ရက်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းဟာ အခုဆိုရင် အသင်းဝင်ဂိတ် ၈၁ ခုနဲ့ အသင်းဝင်ကုန်သေတ္တာတင် မော်တော်ယာဉ်ပေါင်း ၂၄၂၄ စီးခန့် ရှိနေပြီဖြစ်ပါတယ်။ အဲဒီထဲမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြတ်သန်းမောင်းနှင်အသုံးပြုနေတဲ့ ကုန်သေတ္တာတင်ယာဉ်တွေက အရေအတွက် အများဆုံး ဖြစ်ပါတယ်။

အခုလိုကာလမှာ ကုန်သေတ္တာတင် မော်တော်ယာဉ်တွေ နေ့ခင်းဖြတ်သန်းမောင်းနှင် နေခြင်းဟာလည်း မိမိတို့ရဲ့အကျိုးစီးပွားတွက်သာမကဘဲ အသင်းရဲ့ရည်ရွယ်ချက် ၁၁ ချက်ထဲမှာ ပါဝင်တဲ့ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနဲ့ ကုန်စည်စီးဆင်းမှု မှန်ကန်ရေးဆိုတဲ့ အချက်ကြောင့်လည်း နေ့စဉ်မောင်းနှင်ပြေးဆွဲပေးနေခြင်း ဖြစ်ပါတယ်။

### ဖြေလျှော့မှုတွေ ပြုလုပ်ပေးထား

ဒါ့အပြင် အခုလို ကိုဗစ်-၁၉ နဲ့ ရင်ဆိုင်နေရတဲ့ကာလမှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကလည်း ဖြေလျှော့မှုတွေ ပြုလုပ်ပေးထားပါတယ်။ အဲဒါကတော့ ကုန်သေတ္တာ တင်မော်တော်ယာဉ်တွေ၊စက်ယန္တရားနဲ့ အခြားကုန်စည်တွေကို ဆိပ်ကမ်းမှာ ထားရှိခြင်းအတွက် ပေးဆောင်ရမယ့် နှောင့်နှေးကြန့်ကြာကြေးကို လျှော့ချပေးလိုက်ခြင်း ဖြစ်ပါတယ်။ အဲဒီလို လျှော့ချပေးလိုက်ခြင်းဟာ မြန်မာ့ဆိပ်ကမ်းရောက် ကုန်စည်တွေအပေါ်ရော၊ ယာဉ်နဲ့ စက်ယန္တရားတွေအပေါ်မှာပါ ဝန်ထုပ်ဝန်ပိုး အထိုက်အလျောက် သက်သာသွားစေခဲ့ပြီး ကုန်ဈေးနှုန်း မကြီးမြင့်ရေးအပေါ်မှာလည်း အကျိုးသက်ရောက်မှု ရှိစေခဲ့ပါတယ်။

### ၅၀ ရာခိုင်နှုန်းကို လျှော့ချ

အဲဒီလို နှောင့်နှေးကြေး လျှော့ချကောက်ခံမှုကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တင်ပြခွင့်ပြုချက် တောင်းခံခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ကိုဗစ်-၁၉ ကြောင့် ဆိပ်ကမ်းအတွင်း ရောက်ရှိနေတဲ့ ကုန်ပစ္စည်းတွေ ထုတ်ယူဖို့ နှောင့်နှေးနေမှုတွေအတွက် အခွန်နှုန်းထားဖိစီးမှု မဖြစ်စေအောင် ယခင်ကထက် ၅၀ ရာခိုင်နှုန်းကို လျှော့ချပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီ ၅၀ ရာခိုင်နှုန်း လျှော့ချမှုဟာ ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်က စတင်တာဖြစ်ပြီး ဧပြီ ၈ ရက်အထိတော့ မူလသတ်မှတ်ကြေးအတိုင်း ပေးဆောင်ကြရမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် တစ်ဖက်က ဆိပ်ကမ်းအတွင်း ရောက်ရှိနေတဲ့ ကုန်သေတ္တာတွေ သယ်ယူနိုင်ရေးအတွက် ယခင်ညပိုင်း သယ်ယူပို့ဆောင်မှုကနေ အခုနေ့ခင်းအချိန်တွေမှာ ကုန်သေတ္တာတွေ သယ်ယူနေတာ ဖြစ်ပါတယ်။ ဒါမှလည်း ဆိပ်ကမ်းမှာရောက်ရှိနေတဲ့ ကုန်စည်နဲ့ ယာဉ်တွေစုပုံနေမှု လျော့ကျသွားမှာ ဖြစ်ပါတယ်။

### ပုံသဏ္ဌာန် မျိုးစုံပြောင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂ တန်အထက်ယာဉ်တွေကို ကုန်တင်ယာဉ်တွေအဖြစ် သတ်မှတ်ထားပြီး လက်ရှိ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်အထိ YRTA မှာ မှတ်ပုံတင်ထားတဲ့ ကုန်တင်ယာဉ်အစီးရေဟာ ၅၈၆၁၁ စီး ရှိတယ်လို့ ဆိုပါတယ်။ အဲဒီကုန်တင်ယာဉ်တွေရဲ့ ကားကိုယ်ထည်ကို ပုံသဏ္ဌာန်မျိုးစုံပြောင်းပြီး ပြေးဆွဲနေတာလည်း တွေ့ရပါတယ်။

လောလောဆယ်မှာတော့ ကိုဗစ်-၁၉ ကာလအတွင်း ရန်ကုန်မြို့မှာ အရင်ကညပိုင်း မောင်းနှင်ပြေးဆွဲနေတဲ့ ကုန်သေတ္တာတင်ယာဉ်တွေဟာ နေ့ခင်းအချိန် ပြောင်းလဲပြေးဆွဲနေတာမို့ ရန်ကုန်မြို့ပြရဲ့ လှုပ်ရှားနေတဲ့ မြင်ကွင်းတွေဟာ ပြောင်းလဲမှုတွေအဖြစ် တွေ့မြင်နေရတာပဲ ဖြစ်ပါတယ်။ ။

**မော်တော်ယာဉ်တွေ နေ့ခင်းဖြတ်သန်း မောင်းနှင်နေခြင်းဟာလည်း မိမိတို့ရဲ့ အကျိုးစီးပွားတွက်သာမကဘဲ အသင်းရဲ့ ရည်ရွယ်ချက် ၁၁ ချက်ထဲမှာ ပါဝင်တဲ့ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနဲ့ ကုန်စည်စီးဆင်းမှု မှန်ကန်ရေးဆိုတဲ့ အချက်ကြောင့်လည်း နေ့စဉ် မောင်းနှင်ပြေးဆွဲပေးနေခြင်းဖြစ်**

---

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ကိုရိုနာဗိုင်းရပ်စ် . . . မှ

ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက် မှ ဧပြီ ၃၀ ရက်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အပြည်ပြည်ဆိုင်ရာ ခရီးစဉ်များအားလုံးကို ရပ်ဆိုင်းထားပြီး အချို့သော ပြည်တွင်းလေကြောင်း ခရီးစဉ်များမှာ ပျံသန်းမှုအကြိမ်ရေ လျှော့ချပျံသန်းလျက်ရှိကြောင်း သိရသည်။

### ပျံသန်းပြေးဆွဲလျက်ရှိ

သို့ရာတွင် မရှိမဖြစ် လိုအပ်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ကုန်စည်သယ်ယူရေး လေယာဉ်များနှင့် ကယ်ဆယ်ရေးလေယာဉ်များကို ဆက်လက်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ကိုဗစ်– ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန် အပြည်ပြည်ဆိုင်ရာ လေယာဉ်များ ပျံသန်းပြေးဆွဲခွင့် ရပ်ဆိုင်းကာလကို မူလက မတ် ၃၀ ရက်မှ ဧပြီ ၁၃ ရက်အထိ သတ်မှတ်ခဲ့ရာမှ ယခုအခါ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အရ မေ ၁၅ ရက်အထိ ထပ်မံတိုးမြှင့်လိုက်ကြောင်း သိရသည်။

### ညွှန်ကြားချက်တွေအတိုင်း လိုက်နာ

"ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ လေကြောင်းသယ်ယူပို့ဆောင်ရေးနယ်ပယ်အပြင် ကမ္ဘာတစ်ဝန်းကိုလည်း ကြီးကြီးမားမား ရိုက်ခတ်မှုရှိပြီး လေကြောင်းခရီးသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ခရီးသည်တွေ ပုံမှန်သွားလာဖို့ကို အဟန့်အတားတွေ ဖြစ်စေပါတယ်။ ဒီလိုအခြေအနေမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စီမံခန့်ခွဲဝန်ဆောင်မှုပေးနေတဲ့ ကုမ္ပဏီအနေနဲ့ အစိုးရရဲ့ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ဖို့နဲ့ လေဆိပ်ဝန်ထမ်းတွေ၊ ခရီးသည်တွေရဲ့ ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးကောင်းမွန်ဖို့ဟာ ကျွန်တော်တို့ရဲ့ ဦးစားပေးဖြစ်ပါတယ်" ဟု ရန်ကုန်အေရိုဒရုန်းကုမ္ပဏီလီမိတက်၏ စီမံခန့်ခွဲရေးအရာရှိချုပ် Mr. Jose Angeja က ပြောကြားခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အများပြည်သူကျန်းမာရေးအရေးပေါ် စီမံချက်နှင့်အညီ အများပြည်သူ အသုံးပြုသွားလာရာ နေရာများနှင့် လေဆိပ်အဆောက်အအုံများ အားလုံးတွင် ကျန်းမာရေး ကြိုတင်ကာကွယ်မှု လုပ်ငန်းစဉ်များ၊ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကန့်သတ်ထိန်းချုပ်နိုင်စေရန် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းသို့ တရားဝင်လေယာဉ်လက်မှတ် ကိုင်ဆောင်ထားသော ခရီးသည်များနှင့် တာဝန်ကျ ဝန်ထမ်းများကိုသာ ဝင်ခွင့်ပြုထားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်မှစတင်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လေဆိပ်အသုံးပြုသူများ၏ လုံခြုံရေးနှင့် ကျန်းမာရေးအတွက် လိုအပ်သော ဆောင်ရွက်ချက်များကို စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ဝန်ဆောင်မှု ပေးနိုင်ခဲ့

၂၀၁၅ ခုနှစ် စာရင်းများအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပြည်တွင်းလေကြောင်းလိုင်း ၁၀ လိုင်းနှင့် ပြည်ပလေကြောင်းလိုင်းပေါင်း ၃၀ ခန့်က အသုံးပြုနေသည်ဟု သိရသော်လည်း ထပ်မံတိုးချဲ့ပျံသန်းလျက်ရှိသော လေကြောင်းခရီးစဉ်များအရ ယခုအခါ လေကြောင်းလိုင်းများ ထို့ထက်ပိုမိုများပြားနိုင်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၅ ခုနှစ်တွင် ခရီးသည် ၄ ဒသမ ၆၈ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ရာမှ ၂၀၁၉ ခုနှစ် အတွင်း ခရီးသည်စုစုပေါင်း ၆ ဒသမ ၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခရီးသွားလုပ်ငန်းများ ကျဆင်းလျော့နည်း ရပ်ဆိုင်းသွားသည့်နည်းတူ ရန်ကုန်မြို့တွင်လည်း ခရီးသွားလာရေးလုပ်ငန်းများ ထိခိုက်မှုရှိခဲ့သည်။ YBS ယာဉ်လိုင်းများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခရီးသည်ပို့ဆောင်ရေး ရေယာဉ်များ၊ ရန်ကုန်လေဆိပ်ရှိ ပြည်တွင်း ပြည်ပလေယာဉ်ခရီးစဉ်များအားလုံး ဗိုင်းရပ်စ်ကူးစက်မှုကို ကျော်လွှားနိုင်ရန် လျှော့ချရပ်ဆိုင်းခဲ့ကြရသည်။

*ရန်ကုန်မြို့ပြရဲ့ ကျယ်ပြန့်လာတဲ့ ပုံရိပ်တစ်ခု . . . မှ*

ရန်ကုန်မြို့မှာ ဒီလိုဝန်ဆောင်မှုပေးနေတဲ့ Food panda၊ Grat Food၊ Food Mall စတဲ့ လုပ်ငန်းတွေရှိပါတယ်။ အဲဒီဝန်ဆောင်မှု လုပ်ငန်းတွေက အစားအစာနဲ့ ကုန်ပစ္စည်း လိုက်ပို့တဲ့ စက်ဘီးစီးဝန်ထမ်းတွေကိုခန့်ပြီး နေ့စဉ် လုပ်ငန်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တချို့ လုပ်ငန်းတွေမှာ စက်ဘီးစီးလူငယ် ၅၀ ကျော်ရှိပြီး တချို့လုပ်ငန်းတွေမှာတော့ လူငယ် ၇၀ ကျော် ရှိနေပါတယ်။

### အိမ်တိုင်ရာရောက်ပို့ဆောင်

ကိုဗစ်-၁၉ ကို ကူးစက်မြန်ကပ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာပြီးတဲ့နောက် မြန်မာနိုင်ငံမှာ အစိုးရက လူစုလူဝေး မပြုလုပ်ဖို့ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်က ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်က ပထမအကြိမ်မှာ ဧပြီ ၃၀ ရက်အထိ ဖြစ်ပေမယ့် ဒုတိယအကြိမ် တိုးချဲ့ထုတ်ပြန်တာကတော့ လာမယ့် မေ ၁၅ ရက်အထိ ဖြစ်ပါတယ်။ ဒီလို နေအိမ်အတွင်းနေထိုင်ရတဲ့ကာလမှာ အစားအသောက်မှာယူမှု ပိုမိုများပြားလာတာမို့ သယ်ယူပို့ဆောင်ရေးဝန်ထမ်းတွေက စက်ဘီးနဲ့ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမှုတွေ ခပ်စိပ်စိပ် မြင်တွေ့ရတာ ဖြစ်ပါတယ်။


အခုလောလောဆယ်မှာ အိမ်အရောက်ပို့ဆောင်တဲ့စနစ်က နှစ်ခု ရှိနေပြီး တစ်ခုက အစားအစာဖိုးသာပေးရတဲ့ အခမဲ့ပရဟိတဝန်ဆောင်မှု ဖြစ်ပါတယ်။ ဒါက အခု ကိုဗစ်-၁၉ ကာလမှာ စေတနာ့ဝန်ထမ်းအဖွဲ့တွေက ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ဒုတိယစနစ်ကတော့ အခကြေးငွေယူပြီး ပို့ဆောင်ပေးတာ ဖြစ်ပါတယ်။ ဒါက စီးပွားရေးအရ အိမ်အရောက်ပို့ဆောင်ပေးတဲ့စနစ် ဖြစ်ပါတယ်။

### အွန်လိုင်းပလက်ဖောင်း မှာယူနိုင်

အခကြေးငွေယူပြီး အစားအစာတွေကို စက်ဘီးနဲ့ အိမ်အရောက်ပို့ဆောင်ပေးနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကနေပြီး အစားအစာနဲ့ ပစ္စည်းမှာယူလိုရင်တော့ သူတို့ကုမ္ပဏီလုပ်ငန်းတွေရဲ့ အက်ပလီကေးရှင်း၊ ဖေ့ဘွတ်စာမျက်နှာ၊ တယ်လီဖုန်း စတဲ့ အွန်လိုင်းပလက်ဖောင်းတွေကတစ်ဆင့် မှာယူနိုင်တာ ဖြစ်ပါတယ်။

### ကျသင့်ငွေကို ပေးချေရမှာဖြစ်

ဒီလို ချိတ်ဆက်လိုက်ရင် အဲဒီကုမ္ပဏီတွေက သူတို့နဲ့လက်လှမ်းမီရာ စားသောက်ဆိုင်တွေနဲ့ချိတ်ဆက်ပြီး မှာယူပို့ဆောင်ပေးတာ ဖြစ်ပါတယ်။ စားသုံးသူတွေက အစားအစာကို မိမိကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်ဖို့ အဲဒီဆိုင်တွေမှာ ရရှိနိုင်တဲ့ အစားအစာစားရင်းနဲ့ ဈေးနှုန်းတွေကိုလည်း မြင်တွေ့သိရှိနိုင်ပြီး မှာယူလိုတဲ့အစားအစာကို ရွေးချယ်မှာယူနိုင်တာ ဖြစ်ပါတယ်။ စားသုံးသူ သို့မဟုတ် မှာယူသူအနေနဲ့ အစားအစာ အိမ်ရောက်မှသာ ကျသင့်ငွေကို ပေးချေရမှာ ဖြစ်ပါတယ်။




ရန်ကုန်မြို့ရှိ ပြည်သူများ နေအိမ်အတွင်း နေထိုင်ရသည့်ကာလတွင် သယ်ယူပို့ဆောင်ရေးဝန်ထမ်းက စက်ဘီးဖြင့် အိမ်အရောက်ပို့ဆောင်ပေးစဉ်။

ရန်ကုန်မြို့မှာ အဲဒီဝန်ဆောင်မှုလုပ်ငန်းကို လုပ်ဆောင်နေတဲ့ အချို့ကုမ္ပဏီတွေက ပို့ဆောင်ခ အခမဲ့ဖြစ်ပေမယ့် အချို့ဝန်ဆောင်မှုလုပ်ငန်းတွေကတော့ ကျသင့်တဲ့ အစားအစာဖိုးအပြင် ပို့ဆောင်ခပါ ပေးဆောင်ရတာ ဖြစ်ပါတယ်။

### စက်ဘီးစီးဝန်ထမ်းတွေ ပိုမိုလိုအပ်

စားသောက်ဆိုင်တွေအနေနဲ့ ဆိုင်ထိုင်စားသောက်ရောင်းချရတဲ့ အနေအထားမျိုး ခွင့်မပြုတဲ့ အခုလိုကာလမှာ ပါဆယ်အော်ဒါမှာတဲ့သူတွေ ပိုမိုများပြားလာတာမို့ အစားအစာ အိမ်အရောက်ပို့ဆောင်ပေးမယ့် စက်ဘီးစီးဝန်ထမ်းတွေ ပိုမိုလိုအပ်လာပါတယ်။ စက်ဘီးစီးပို့ဆောင်တဲ့ဝန်ထမ်းတွေကတော့ လခစားတွေဖြစ်ပြီး စက်ဘီးနဲ့လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေကို ကုမ္ပဏီက ဖြည့်ဆည်းပေးပါတယ်။

ဒီလိုအစားအစာအော်ဒါမှာရင် ဝန်ဆောင်မှုလုပ်ငန်းတွေက ပို့ဆောင်တဲ့အခါ ကြာမြင့်ချိန်ကို တစ်ခါတည်းရေးသားဖော်ပြပေးထားသလို လာရောက်ပို့ဆောင်နေတဲ့ စက်ဘီးစီးလူငယ်က ဘယ်နေရာရောက်နေလဲဆိုတာလည်း GPS စနစ်နဲ့ ကြည့်ရှုနိုင်အောင် စီစဉ်ထားပါတယ်။ အစားအစာ ဘေးကင်းလုံခြုံမှုကို အကောင်းဆုံး ကြပ်မတ်ဆောင်ရွက်ထားသလို လိုက်လံပို့ဆောင်ကြတဲ့ စက်ဘီးစီးလူငယ်တွေမှာ နှာခေါင်းစည်း၊ ဦးထုပ်၊ လက်အိတ်၊ လက်သန့်ဆေးရည်တွေကအစ ဖြည့်ဆည်းပေးထားတာ တွေ့ရပါတယ်။

### အရည်အသွေးမီဖို့ဆိုတာ

ဒီလိုအိမ်အရောက် အစားအစာပို့ဆောင်ပေးမှုတွေမှာ စားသုံးသူတွေ ကျန်းမာရေး ဘေးကင်းလုံခြုံစေဖို့၊ အစားအစာတွေ သန့်ရှင်းပြီး အရည်အသွေးမီဖို့ဆိုတာ စစ်ဆေးကြပ်မတ်နိုင်ရေး အားနည်းချက်တွေ ရှိနေဆဲဖြစ်ပါတယ်။ အစားအသောက်ဘေးကင်းရေးနဲ့ ဝန်ဆောင်မှုအန္တရာယ်ကင်းဖို့အတွက် ပင်ရင်းကို ထိလွယ်၊ သိလွယ်တဲ့စနစ်တစ်ခု ရှိရမှာဖြစ်သလို နောက်ကြောင်းပြန် ခြေရာကောက်တဲ့စနစ်တွေလည်း ကောင်းရမယ်" လို့ မြန်မာနိုင်ငံ စားသုံးသူများသမဂ္ဂမှ တာဝန်ရှိသူတွေက ပြောကြားပါတယ်။

### စည်းကမ်းတွေကို လိုက်နာနေ

လက်ရှိကာလမှာတော့ ရန်ကုန်မြို့မှာရှိတဲ့ အစားအစာ အိမ်အရောက်ပို့ဆောင်နေတဲ့ လုပ်ငန်းတွေအနေနဲ့ ဝန်ဆောင်မှုကို အလေးထားကာ အော်ဒါမှာသူ စိတ်တိုင်းကျဖြစ်အောင် ဖြည့်ဆည်းရင်းနဲ့ သူတို့ရဲ့ နာမည်ကောင်းတစ်ခုကို ပြည်သူတွေအသိအမှတ်ပြုအောင် တည်ဆောက်နေချိန် ဖြစ်ပါတယ်။ အမှားအယွင်းလည်း မခံရအောင် ကြိုးစားနေသလို လိုက်လံပို့ဆောင်နေတဲ့ စက်ဘီးစီးလူငယ်တွေကလည်း အဲဒီစည်းကမ်းတွေကို လိုက်နာနေပါတယ်။

> **လက်ရှိကာလမှာတော့ ရန်ကုန်မြို့မှာရှိတဲ့ အစားအစာ အိမ်အရောက်ပို့ဆောင်နေတဲ့ လုပ်ငန်းတွေအနေနဲ့ ဝန်ဆောင်မှုကို အလေးထားကာ အော်ဒါမှာသူ စိတ်တိုင်းကျဖြစ်အောင် ဖြည့်ဆည်းရင်းနဲ့ သူတို့ရဲ့ နာမည်ကောင်းတစ်ခုကို ပြည်သူတွေအသိအမှတ်ပြုအောင် တည်ဆောက်နေချိန် ဖြစ်ပါတယ်။ အမှားအယွင်းလည်း မခံရအောင် ကြိုးစားနေသလို လိုက်လံပို့ဆောင်နေတဲ့ စက်ဘီးစီးလူငယ်တွေကလည်း အဲဒီစည်းကမ်းတွေကို လိုက်နာနေပါတယ်။**

### အော်ဒါအများအပြားလက်ခံ

တကယ်တော့ ဒီလို အိမ်အရောက် အစားအစာပို့ဆောင်တဲ့စနစ်ကို ရန်ကုန်မြို့မှာ စတင်လုပ်ကိုင်ခဲ့သူကတော့ ရန်ကုန်မြို့မှာ လာရောက်နေထိုင်လုပ်ကိုင်တဲ့ အီဂျစ်နိုင်ငံသား အိုင်တီအင်ဂျင်နီယာ မစ္စတာ ရှာဒီရမန်ဒန် ဖြစ်ပါတယ်။ အစားအသောက်နှစ်သက်တဲ့ မစ္စတာရှာဒီအနေနဲ့ သူကိုယ်တိုင် စားချင်တဲ့ အစားအစာကို နေအိမ်ကနေပြီး အလွယ်တကူ အသင့်မှာယူစားလို့ရနိုင်တဲ့ အတွေးကတစ်ဆင့် အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ စတင်ပြီး ဝန်ထမ်း၁၀ ဦးနဲ့ Door 2 Door အမည်နဲ့ အိမ်အရောက်အစားအစာတွေကို ဝန်ဆောင်မှုပေးခဲ့တာ ဖြစ်ပါတယ်။ ကနဦးအခက်အခဲတွေ၊ အော်ဒါနည်းပါးမှုတွေနဲ့ ကြုံတွေ့ခဲ့ရပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ တိုးတက်လာခဲ့ပြီး အော်ဒါအများအပြား လက်ခံရရှိပြီး ပို့ဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီလိုဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းတွေထဲမှာ အချို့လုပ်ငန်းတွေက ရန်ကုန်မြို့ရဲ့ မြို့နယ် ၃၅ မြို့နယ်ခန့်အထိ ဖြန့်ကြက်ပေးနိုင်နေသလို အချို့ကလည်း မြို့နယ် ၃၀ အထိ နိုင်နိုင်နင်းနင်း ပို့ဆောင်ပေးနေကြောင်း သိရပါတယ်။ အိမ်အရောက် အစားအစာဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတွေအနေနဲ့ နေ့စဉ် အစားအစာပို့ဆောင်ချိန် နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ပို့ဆောင်ပေးပါတယ်။ အခု ကိုဗစ် -၁၉ ကာလမှာ ညမထွက်ရ အမိန့်ကြောင့် ညပိုင်းပို့ဆောင်ချိန်တွေ ရှေ့ကိုတိုးထားပြီး ည ၈ နာရီခန့်အထိ ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။

### သေချာစိစစ်ဆောင်ရွက်

"တချို့အော်ဒါတွေက နောက်ပြောင်ပြီးမှာတာရှိသလို၊ လိပ်စာအတိအကျမရှိလို့ အခက်အခဲနဲ့ ကြုံတွေ့ရတာတွေ ရှိပါတယ်။ အခုနောက်ပိုင်းတော့ အော်ဒါတွေကို ကုမ္ပဏီကလည်း သေချာစိစစ်ဆောင်ရွက်နေပါတယ်" ဟု အစားအစာစက်ဘီးနဲ့ လိုက်လံပို့ဆောင်သူ ကိုမြတ်ဦးက ပြောပါတယ်။ ဆိုင်ကယ်အသုံးပြုဖို့ အဖမ်းအဆီးရှိတာမို့ ကားကျပ်တဲ့ ရန်ကုန်မြို့မှာ စက်ဘီးက ပိုပြီးသွားလာရတာ အဆင်ပြေတယ်လို့ သူက ပြောပါတယ်။

### အခုရက်ပိုင်းတွေမှာ ပိုမိုမြင်တွေ့နေရ

ဒီလို စက်ဘီးစီးပြီး အစားအစာထည့်ထားတဲ့ ပုံးတွေတင်ထားကာ လိုက်လံပို့ဆောင်နေတဲ့ လူငယ်တွေကို ရန်ကုန်မြို့ကားလမ်းမကြီးတွေ၊ အထူးသဖြင့် လှည်းတန်းမီးပွိုင့်နဲ့ ဝန်းကျင်၊ ရန်ကုန်-အင်းစိန်ကားလမ်းမပေါ်မှာ အခုရက်ပိုင်းတွေမှာ ပိုမိုမြင်တွေ့နေရပါတယ်။ အခြေအနေအချိန်ကာလနဲ့အညီ ဝန်ဆောင်မှုပေးနေတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။

### ယုံကြည်မှုအပေါ် အခြေပြုဆောင်ရွက်

ကိုဗစ်-၁၉ အလွန်ကာလမှာ ရန်ကုန်မြို့ပြမှာ ဒီလိုဝန်ဆောင်မှုတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးလာမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး အခုအချိန်မှာတော့ ကျန်းမာရေးအရ ဘေးကင်းလုံခြုံမှု ဦးစားပေးရမှာဖြစ်တာမို့ နှစ်ဦးနှစ်ဖက် ယုံကြည်မှုအပေါ် အခြေပြုဆောင်ရွက်နေတဲ့ ရန်ကုန်မြို့ပြရဲ့ ပုံရိပ်တစ်ခုပဲ ဖြစ်ပါတယ်။ ။

# ဗဟိုဝန်ထမ်း တက္ကသိုလ် ဖောင်ကြီးမှသည် ကိုဗစ် -၁၉ ရောဂါ ကုသရေး ဆေးရုံကြီးဆီသို့



လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ၌ ကိုဗစ်-၁၉ ရောဂါ ကုသနိုင်ရန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

သျှင်ဝင်းသျှင်၊ ဓာတ်ပုံ-MCEF

**တစ်ချိန်က တပ်မတော်အစိုးရလက်ထက်မှာ အစိုးရဝန်ထမ်းတွေ မတက်မနေရတက်ခဲ့ရတဲ့ သင်တန်းကျောင်းကြီးနှစ်ကျောင်း ရှိခဲ့ပါတယ်။**

**သင်တန်းကျောင်းရဲ့အမည်ကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရယ်လို့ ကျောင်းကြီးနှစ်ကျောင်းပါ။ အထက်မြန်မာပြည်က ဝန်ထမ်းတွေဆို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်အနီးက ဇီးပင်ကြီးမှာပါ။ အောက်မြန်မာပြည်က ဝန်ထမ်းတွေက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာရှိတဲ့ ဖောင်ကြီးမှာ တက်ရတာပါ။**

ရန်ကုန်က ဗဟိုဝန်ထမ်းတက္ကသိုလ်ကို အရင်က“ဖောင်ကြီးဗဟိုဝန်ထမ်းကျောင်း” လို့ အခေါ်များကြပါတယ်။ ဖောင်ကြီးသင်တန်းကျောင်းက ဝန်ထမ်းလောကမှာ နာမည်ကြီးခဲ့ပါတယ်။

### ချင်းနင်းဝင်ရောက်ခဲ့

ဒီကနေ့ ကမ္ဘာနဲ့ အဝန်းဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ လို့ခေါ်တဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဟာ မြန်မာပြည်ကို မတ် ၂၃ ရက်က စတင်ချင်းနင်းဝင်ရောက်ခဲ့ပါတယ်။ ချင်းပြည်နယ် တီးတိန်ပြည်သူ့ဆေးရုံကြီးနဲ့ ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီးမှာ တက်ရောက်ခဲ့တဲ့ ပြည်တော်ပြန်နှစ်ဦးကစလို့ တွေ့ရှိခဲ့တာလို့ သိရပါတယ်။

### အားသွန်ခွန်စိုက်ဆောင်ရွက်

နောက်ပိုင်း တိုင်းရင်းသားပြည်တော်ပြန်တွေ ဝင်ရောက်လာတာကစလို့ ပြည်တွင်းမှာ ထိတွေ့ဆက်ဆံမှုတွေနဲ့အတူ တစ်စတစ်စ ရောဂါပိုးတွေ့ရှိသူ များပြားလာခဲ့ပါတယ်။ အစိုးရကလည်း အချိန်မီ ပညာပေးမှု၊ ထိန်းသိမ်းမှု၊ ကန့်သတ်မှု၊ ဥပဒေပြစ်ဒဏ်တွေနဲ့ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုတွေကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ပါတယ်။

မြို့နယ်အလိုက် အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းတွေ ထားရှိပေးခဲ့သလို ပိုးတွေ့လူနာများကို ဆေးရုံကြီးတွေမှာ ဂရုတစိုက် ကုသမှုတွေပေးခဲ့ပါတယ်။

### ပြောင်းလဲလက်ခံကုသမှုတွေပြု

အဓိကကတော့ စီးပွားရေးမြို့တော်ကြီးဖြစ်တဲ့ ရန်ကုန်ပါ။ လူဦးရေသိပ်သည်းမှု အလွန်များပြားသလို ထိတွေ့မှုတွေကလည်း အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေထက် ပိုလွန်ခဲ့ပါတယ်။ ရန်ကုန်မှာ ပိုးတွေ့တဲ့လူနာတွေကို တောင်ဥက္ကလာပ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးနဲ့ မြောက်ဥက္ကလာပရှိ ဝေဘာဂီအထူးကုဆေးရုံကြီးမှာ ကြပ်မတ်ကုသမှုတွေ ပေးနေခဲ့ပါတယ်။ နယ်က လိုအပ်တဲ့သူတွေဆို ဝေဘာဂီအထူးကုဆေးရုံကြီးမှာ ပြောင်းလဲလက်ခံကုသမှုတွေပြုပေးခဲ့ပါတယ်။

ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်ကို လက်ခံကုသပေးနေတဲ့ လက်ရှိဆေးရုံကြီးတွေဆိုတာက အခြားအခြားသော ဝေဒနာရှင်တွေ စုစည်းရာ အဆောက်အအုံဖြစ်ပါတယ်။ ဧည့်သည်လည်း အဝင်အထွက်များတတ်ပါတယ်။

### အစိုးရအဖွဲ့က ကြိုးပမ်းခဲ့

အဲဒါကြောင့် ကိုဗစ်-၁၉ ရောဂါ ကုသနိုင်ဖို့အတွက် သီးခြားဆေးရုံကြီးတစ်ရုံ တည်ဆောက်ဖို့ အရေးတကြီးလိုအပ်လာပြီဖြစ်ပါတယ်။ ဒီကိစ္စကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြိုးပမ်းခဲ့ပါတယ်။ အဲဒါကြောင့်လည်း ကျယ်ကျယ်ဝန်းဝန်း သီးသီးခြားခြား ရှိနိုင်တဲ့ လှည်းကူးမြို့နယ်က ဗဟိုဝန်ထမ်းတက္ကသိုလ်ကို ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

နေရာရွေးချယ်မှုနဲ့ပတ်သက်လို့ ရန်ကုန်ဆေးတက္ကသိုလ် (၁) က ပါမောက္ခချုပ် ဒေါက်တာဇော်ဝေဦးက“ဆေးရုံကို ဖောင်ကြီးမှာ ဘာကြောင့်လုပ်ရတာလဲဆိုရင် ကိုဗစ်-၁၉ ကို ရှိပြီးသားပြည်သူ့ဆေးရုံကြီးတွေမှာ အဲဒီကနေဖြစ်လာတဲ့အဖြေဟာ မကောင်းဘူးဆိုတာ နိုင်ငံတကာမှာ တွေ့ထားပါပြီ။ အဲဒါကြောင့် ကျွန်တော်တို့က အခြားနဲ့မဆက်သွယ်ဘဲ သီးခြားဆေးရုံတည်ဆောက်ဖို့လိုသလို ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး အထူးကုသနိုင်တဲ့ ဆေးရုံဖြစ်ဖို့ လိုတာကြောင့်ပါ”လို့ ဖြေကြားမှုလည်း ရှိထားပါတယ်။

### အပိုင်းလိုက်ပြင်ဆင်

တည်ဆောက်ရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းရှိန်က“မတ် ၂၇ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်နဲ့ တွေ့ဆုံခဲ့ပါတယ်။ အကြောင်းကတော့ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်မှာရှိတဲ့ အဆောင်တွေအားလုံးကို ကိုဗစ်-၁၉ Medical Center အဖြစ်ပြောင်းလဲတည်ဆောက်ဖို့ပါပဲ။ လက်ရှိ ရှိနေတဲ့အဆောင်တွေအပြင် လိုအပ်လာခဲ့မယ်ဆိုရင် အသစ်တွေတည်ဆောက်ဖို့ပါ။ အဲဒါကြောင့် အသင်းချုပ်မှာလုပ်နိုင်တဲ့သူတွေကို အစည်းအဝေးခေါ်ပြီး လုပ်ငန်းစခဲ့တာပါ။ ဧပြီ ၃ ရက်က စခဲ့တာပါ။ အလုပ်က သင်္ကြန်ပိတ်ရက်နဲ့လည်း နီးနေတယ်။ အဲဒါကြောင့် အပိုင်းလိုက်ပြင်ဆင်ခဲ့ပါတယ်။ ပထမပိုင်း လူနာတွေနေမယ့်အဆောင်တွေ၊ ဆရာဝန်၊ သူနာပြုကအစ ကျန်းမာရေးဝန်ထမ်းတွေ နေမယ့်အဆောင်တွေမှာ ရေ၊ မီးပြည့်စုံဖို့ ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ လူနာ ၆၀၀ အတွက် အဆောင် ငါးဆောင် တည်ဆောက်ရမယ့်နေရာတွေမှာ မျက်နှာကြက်၊ အခင်းကစ ဆက်သုံးလို့မရတော့ဘူး။ ဖြိုဖျက်ပြီး ပြန်လုပ်ရတာပါ။ ဧပြီ ၁၂ ရက်မှာ ပြီးခဲ့ပါတယ်။ အထူးကြပ်မတ်ဆောင်ကိုလည်း အင်တာနေရှင်နယ် ဒီဇိုင်းအရည်အသွေးမီမီနဲ့ တည်ဆောက်ပေးထားတာပါ။ အခက်အခဲတွေ အများကြီးကြားထဲကပဲ ၁၀ ရက်အတွင်းမှာ ပြီးအောင်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

### ပူးပေါင်းဆောင်ရွက်ခဲ့

ဒါ့အပြင် အခြားဆက်စပ်လုပ်ငန်းများအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း(YESC)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိဌာနများက ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါတယ်။ တည်ဆောက်မှုအပိုင်းများပြီးစီးလို့ လက်ခံကုသရေးအပိုင်းများ စတင်နိုင်တော့မယ်လို့ သိရပါပြီ။

ဒါ့ကြောင့်ပဲ“အခု ကျွန်တော်တို့ ကိုဗစ်-၁၉ Medical Center မှာ လက်ခံကုသနိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ” လို့ ရန်ကုန်ဆေးတက္ကသိုလ် (၁)က ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက ပြောခဲ့တာဖြစ်ပါတယ်။

### အဆင်သင့်အနေအထားမှာရှိ

> **လက်ရှိအချိန်မှာ အခန်းပေါင်း ၇၂၀ ကို ပြင်ဆင်ထားပြီးဖြစ်တဲ့အပြင် ဆရာဝန်၊ သူနာပြုကအစ ကျန်းမာရေး ဝန်ထမ်းပေါင်း ၂၀၀ နီးပါး ရောက်ရှိနေပြီဖြစ်တဲ့အတွက် အဆင်သင့် အနေအထားမှာ ရှိနေပြီလို့ ပြောရမှာ ဖြစ်ပါတယ်**

လက်ရှိအချိန်မှာ အခန်းပေါင်း ၇၂၀ ကို ပြင်ဆင်ထားပြီးဖြစ်တဲ့အပြင် ဆရာဝန်၊ သူနာပြုကအစ ကျန်းမာရေးဝန်ထမ်းပေါင်း ၂၀၀ နီးပါး ရောက်ရှိနေပြီဖြစ်တဲ့အတွက် အဆင်သင့်အနေအထားမှာရှိနေပြီလို့ ပြောရမှာ ဖြစ်ပါတယ်။

Positive တွေ့သူတွေထဲက အထူးကြပ်မတ်ကုသနိုင်ဖို့ ICU လေးခန်းစီစဉ်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ အရေးကြီးလူနာ ၃၇ ဦးကို တစ်ပြိုင်နက်တည်း စောင့်ရှောက်ကုသပေးသွားနိုင်မှာပါ။ ကုသရေးမှာ WHO နဲ့ နိုင်ငံတကာအဆင့်မီ ဆေးတက္ကသိုလ်(၁)နဲ့ (၂)က ပါမောက္ခကြီးတွေက ဦးဆောင်သွားမှာလို့လည်း သိရပါတယ်။ ဒါ့အပြင်“အရေးကြီးသွေးနီး”ဆိုစကားပမာပဲ ကျန်းမာရေးဝန်ကြီးဌာနက ၅၀ ရာခိုင်နှုန်း၊ တပ်မတော်(ဆေး)က ၂၅ ရာခိုင်နှုန်း၊ ပုဂ္ဂလိကဆေးရုံများက ၂၅ ရာခိုင်နှုန်း ပူးပေါင်းလို့ (ကိုဗစ်-၁၉) ကို ပြန်လည်ခုခံကာကွယ် ထိန်းချုပ်လို့ အနိုင်ယူသွားနိုင်ကြမှာပါလို့ ယုံကြည်မိပါတယ်။

### ဂိတ်များကအစ သီးခြားစီဖြစ်

ဖောင်ကြီးရှိ ကိုဗစ်-၁၉ ကုသရေးဆေးရုံကြီးမှာ ရန်ကုန်မြို့နှင့် မိုင် ၃၀ ကွာဝေးသည့်အပြင် သီးသီးသန့်သန့်ဖြစ်ပါတယ်။ ဒါ့အပြင် ဆေးရုံကြီးရဲ့ လုံခြုံရေးအပိုင်းကို ရဲတပ်ဖွဲ့(၃)က တာဝန်ယူဆောင်ရွက်ပေးသွားမှာပါ။ ဂိတ်လေးဂိတ်ရှိပြီး မိသားစုများ အဝင်အထွက်၊ ဝန်ထမ်းများ အဝင်အထွက်၊ လူနာများဝင်ရန်နဲ့ စွန့်ပစ်အမှိုက်သယ်ယူရမယ့် ဂိတ်များကအစ သီးခြားစီဖြစ်ပါတယ်။။

နောက် ကုသရေးအပိုင်း၊ လုံခြုံရေးအပိုင်းမှာ ကင်မရာပေါင်း ၃၀၀ ကျော်ရှိမှာမို့ အစစအရာရာ ပြည့်ပြည့်စုံစုံနဲ့ ကမ္ဘာ့ကပ်ဆိုးရောဂါနွံအတွင်းက ရုန်းထွက်နိုင်မယ့်အပြင် ပြည်သူအများ အားကိုးအားထားပြုရာ ရန်ကုန်မြို့က ကိုဗစ်-၁၉ Medical Center ကြီးဖြစ်ပါကြောင်းရေးသားလိုက်ရပါတယ်။ ။

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ ဧပြီ ၂၉၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏
# စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ ဓာတ်ပုံ - ထိန်နန်နေဉ်

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် အပြန်အလှန်ထိန်းကျောင်းလျက်ရှိကြသည်။

ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ညီညွတ်ခြင်းမရှိသော၊ လူ့အခွင့်အရေးစံနှုန်းစံထားနှင့် မကိုက်ညီသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းများနှင့် ဥပဒေအသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၉ တွင် ပြည်သူ့လွှတ်တော်သည် မြို့နယ်ကို အခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်မပိုသော ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၁၀ စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အများဆုံး ၄၄၀ ဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် တစ်သီးပုဂ္ဂလ ငါးဦးအပါအဝင် နိုင်ငံရေးပါတီ ၁၁ ခုမှ ရွေးကောက်ခံပြည်သူ့လွှတ်တော်

*အချုပ်ပို (ခ) သို့*

❑ **ကျွန်တော်တို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ငါးကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ဒီပုံမှန်အစည်းအဝေးတွေမှာ လွှတ်တော်လုပ်ငန်းစဉ်တွေကို ဒီမိုကရေစီစံချိန် စံညွှန်းနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားအတွက် ဥပဒေအသစ်တွေ ရေးဆွဲတာ၊ တည်ဆဲဥပဒေနဲ့ နည်းဥပဒေတွေကို ဒီမိုကရေစီကျင့်စဉ်နဲ့ ညီညွတ်မှု ရှိ/မရှိ လေ့လာစိစစ်ပြီး ပြင်ဆင်တာ၊ ဖြည့်စွက်တာနဲ့ ပယ်ဖျက်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။**




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် လွှတ်တော်ဥက္ကဋ္ဌများ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ သဘင်ဆောင်၌ ၁၅-၉-၂၀၁၉ ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားတွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

*အချပ်ပို (က) မှ*

ကိုယ်စားလှယ် ၃၂၂ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိပြီး အာဏာ (၃) ရပ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူကို ဦးထိပ်ထား၍ ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံသူ၊ နိုင်ငံသားများ လိုလားတောင့်တနေသော ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးတို့အတွက် ဥပဒေပြုရေးအခန်းကဏ္ဍမှ လျှောက်လှမ်းလျက်ရှိသလို သက်ဆိုင်ရာမဲဆန္ဒနယ်မြေအသီးသီးမှ ပြည်သူများ၏ လိုလားတောင့်တချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပခဲ့ပြီး ထိုနေ့တွင် တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်သွားသဖြင့် လစ်လပ်သွားသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာအတွက် ၂၀၁၈ ခုနှစ် မတ်လ ၂၂ ရက်၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၃၁ ရက်မြောက်နေ့တွင် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (MPU-Myanmar Parlimentary Union) ၏ ဥက္ကဋ္ဌ၊ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယကနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည်

*အချပ်ပို ( ဂ) သို့*

**၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်အထိ "မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေ" နဲ့ "ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ" တို့ အပါအဝင် အသစ်ပြဋ္ဌာန်းဥပဒေ ၁၉ ခုနဲ့ ပြင်ဆင်တဲ့ဥပဒေ ၁၀ ခုအပြင် နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနဲ့ အခွန်အကောက်ဆိုင်ရာ ဥပဒေ ၆ ခု စုစုပေါင်း ဥပဒေ ၃၅ ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်**



၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ လွှတ်တော်သို့ လေ့လာရေး လာရောက်စဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ






၂၇-၁-၂၀၂၀ ရက်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးပထမနေ့ ကျင်းပစဉ်။

အချပ်ပို (ခ) မှ

ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ် နှစ်ကြိမ် သွားရောက်ခဲ့ပြီး နိုင်ငံတကာမှ လာရောက်တွေ့ဆုံမှုများအနေဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan Phuc၊ ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ (၁) H.E. Mr. Suchart Tonjaroen၊ ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Kim Jaewon ၊ ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် ညွန့်ပေါင်းအစိုးရအဖွဲ့မှ Komeito ပါတီ၏ Chief Representative H.E. Mr. Yamaguchi Natsuo အပါအဝင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ စသည့် ပြည်တွင်း/ပြည်ပ ဧည့်တွေ့ဆုံမှုပေါင်း ၃၉ ကြိမ် ဆောင်ရွက်ခဲ့သည်။

ထိုသို့တွေ့ဆုံမှုများတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။



၂-၁၀-၂၀၁၉ ရက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Moon Hee-sang နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



၁၅- ၁၁-၂၀၁၉ ရက်က ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိုလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Ms. Che Xiulan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ခရီးလမ်းသည် လေးနှစ်တာဆိုသည့် အချိန်ကာလတစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်သည်။ စတုတ္ထ(၁) နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည် -

**မေး။** ။ပြည်သူ့လွှတ်တော်ရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေတွေ၊ လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး သိရှိလိုပါတယ်ရှင့်။

**ဖြေ။** ။ချစ်ခင်လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်လိုပါတယ်။ *အချပ်ပို(ဃ)သို့*



၇-၅-၂၀၁၉ ရက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

*အချပ်ပို (ဂ) မှ*

ကျွန်တော်တို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ စတုတ္ထ(၁) နှစ်တာ ကာလအတွင်း ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ငါးကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ဒီပုံမှန်အစည်းအဝေးတွေမှာ လွှတ်တော်လုပ်ငန်းစဉ်တွေကို ဒီမိုကရေစီစံချိန် စံညွှန်းနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားအတွက် ဥပဒေအသစ်တွေ ရေးဆွဲတာ၊ တည်ဆဲဥပဒေနဲ့ နည်းဥပဒေတွေကို ဒီမိုကရေစီကျင့်စဉ်နဲ့ ညီညွတ်မှု ရှိ/မရှိ လေ့လာစိစစ်ပြီး ပြင်ဆင်တာ၊ ဖြည့်စွက်တာနဲ့ ပယ်ဖျက်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်အထိ **"မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ"** နဲ့ **"ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ"** တို့ အပါအဝင် အသစ်ပြဋ္ဌာန်းဥပဒေ ၁၉ ခုနဲ့ ပြင်ဆင်တဲ့ဥပဒေ ၁၀ ခုအပြင် နိုင်ငံတော်ရဲ့ အမျိုးသား စီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနဲ့ အခွန်အကောက်ဆိုင်ရာ ဥပဒေ ၆ ခု စုစုပေါင်း ဥပဒေ ၃၅ ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

**မေး။ ။ပြည်သူ့လွှတ်တော်ကို တင်သွင်းမေးမြန်းလာတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီး သိရှိလိုပါတယ်။**

ဖြေ။ ။ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့ ကိုယ်စားပြုတဲ့ မဲဆန္ဒနယ်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ မေးခွန်းမေးမြန်းတာ၊ အဆိုတင်သွင်းတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ စတုတ္ထ(၁) နှစ်တာကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း နှုတ်ဖြေ ၁၁၄၅ ခု၊ စာဖြေ ၂၅၁ ခုနဲ့ ကြယ်ပွင့်မပြ မေးခွန်း ၅၄၆၈ ခု စုစုပေါင်း မေးခွန်း ၆၈၆၄ ခုကို ဖြေကြားပေးနိုင်ခဲ့ပါတယ်။

ဒီမေးခွန်းတွေထဲက နိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းတွေဖြစ်တဲ့ **"မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား ဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို အခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း"** နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပါအဝင် မေးခွန်း လေးခုကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြန်တမ်းနဲ့ နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြနိုင်ခဲ့ပါတယ်။

**မေး။ ။ပြည်သူ့လွှတ်တော်ကို တင်သွင်းလာတဲ့ အဆိုတွေ၊ အတည်ပြုပေးနိုင်ခဲ့တဲ့ အဆိုတွေနဲ့ ပတ်သက်ပြီး သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ။အဆိုကဏ္ဍမှာ **"မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ၂၀၃၀ ပြည့် နှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး ဆောင်ရွက်နေရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန အနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုနဲ့ **"အခြေခံပညာ မူလတန်းသင် ဆရာ၊ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသ ကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသ ကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား/ တိုင်းရင်းသူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ် ထည့်သွင်းချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုအပါအဝင် အတည်ပြုအဆို ၄၁ ခု၊ မှတ်တမ်းတင်အဆို ၃၁ ခု၊ အတည်မပြုအဆို နှစ်ခုနဲ့ ဆက်လက်ဆွေးနွေးရန်မသင့်အဆို သုံးခုစတဲ့ အဆိုဆွေးနွေးမှုပေါင်း ၇၇ ခုကို တင်သွင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

**"ကျွန်တော်တို့လွှတ်တော်အနေနဲ့ နိုင်ငံသားအားလုံးက လိုလားတောင့်တနေကြတဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အထူးဂရုပြု အလေးထားပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဥပဒေတွေ ပြဋ္ဌာန်းတာ၊ ပြည်သူကို ကိုယ်စားပြုတာနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃) ရပ်ကို အချင်းချင်းအပြန်အလှန်ထိန်းညှိတဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်လျက်ရှိပါတယ်"**

**မေး။ ။ပြည်ပနိုင်ငံတွေကို လေ့လာရေးခရီး သွားရောက်ခဲ့တာတွေကို သိပါရစေရှင့်။**

ဖြေ။ ။ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ ပြည်ပခရီးစဉ် နှစ်ကြိမ် သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်တွေက ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ကျင်းပတဲ့ (၃၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး တက်ရောက်တာနဲ့ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီး သွားရောက်တာတို့ ဖြစ်ပါတယ်။

ခရီးစဉ်တွေမှာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ လွှတ်တော်ရဲ့ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်တွေနဲ့ စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြပါတယ်။

**မေး။ ။အခြား ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။ကျွန်တော်တို့ လွှတ်တော်အနေနဲ့ နိုင်ငံသားအားလုံးက လိုလားတောင့်တနေကြတဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အထူးဂရုပြု အလေးထားပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဥပဒေတွေ ပြဋ္ဌာန်းတာ၊ ပြည်သူကို ကိုယ်စားပြုတာနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃) ရပ်ကို အချင်းချင်းအပြန်အလှန်ထိန်းညှိတဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်လျက်ရှိပါတယ်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်စေရေးနဲ့ ပိုမိုခိုင်မာအားကောင်းတဲ့ ဥပဒေပြုမဏ္ဍိုင်တစ်ရပ် ဖြစ်ပေါ်လာရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားပါ့မယ်လို့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။



၁၇-၁၂-၂၀၁၉ ရက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Nguyen Xuan Phuc နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။